၆၈

ဦးဘေးကြည်

(စာတိုက်)

ဝိပဿနာ ယောဂီတိုင်း
လက်ကိုင် ထားရှိရမည့် လမ်းညွှန်စာအုပ်

မဂ်

ဦးအေးကြည် (စာတိုက်)

နံ့သာတိုက်
၁၃၊၁၀၇လမ်း၊ တောင်ညွှန့်
ရန်ကုန်။ ဖုန်း ၁၂၀၀၂

ဇူလိုင်၊၁၉ ၇၀
ပထမအကြိမ် ၂၅၀၀
၂-ကျပ်

[ဘာသာရေးဆိုင်ရာ စာပေနှင့်မြန်မာ့ယဉ်ကျေးမှုတိုး ၄၀၇၆]

ဒီဇိုင်း-စံတိုး
ဘလောက်-ဘသစ်
အဖုံး-သိန်းသန်းဦး

နံ့သာပုံနှိပ်လုပ်ငန်း (ဦးသန်းဆွေ/မြို ၀၂၀၅) ၁၃၊ ၁၀၇ လမ်းတောင်ညွှန့် ရန်ကုန်က တာဝန်ခံပုံနှိပ်၍ ဦးအုန်းဖေ (အောင်ဟိန်း) စိန်စာပေ ၀၉၇၉ အမှတ် ၃၀၊ ဦးဖိုးထူးလမ်း၊ ကြည့်မြင်တိုင်က တာဝန်ယူ ထုတ်ဝေသည်။

မာတိကာ

၁။	ဝိပဿနာကြေးမုံ	၃-၄၃
၂။	သြကာသရသ	၄၅-၉၇
၃။	ဘုရားသားတော်ကြီးများ၏အာဘော်	၉၉-၁၄၇
၄။	ဝိပဿနာလက်စွဲ	၁၄၈-၁၉၄

အချပ်ပို

ဝါဆိုလပြည့်နေ့နှင့် (၃၇)မင်းကိုးကွယ်မှု ၁၉၅-၂၀၀

ကြီး၊ ကြောင်ပန်း ဆရာတော်ဘုရားကြီးနှင့် ယောအတ္တင်းဝန် ဦးဘိုးလှိုင်တို့သည်လည်း ဘုရားရှင်အလိုတော်ကျ သံသရာမှထွက်လမ်း (မဂ်) စခန်းကိုသာလျှင် ညွှန်ပြ ရေးသားတော်မူခဲ့ကြပေသည်။

(ဝိပဿနာကြေးမုံ) နှင့် (သြကာသ ရသ)တွင် သံသရာမှထွက်ပေါက်ထွက်လမ်း(မဂ်)ကိုသာ ရည်ညွှန်းလျက် စာရှုသူတို့လွယ်ကူစွာ သဘောပေါက် နားလည်စေရန် ဦးအေးကြည်ကြိုးပမ်းထားသည်ကို ဤစာအုပ်တွင် တွေ့ရှိရမည် ဖြစ်ပါသည်။

ဝိပဿနာ အလုပ်တရား အမည်ခံတွေ့ အမျိုးမျိုးကွဲပြားပေါများနေစဉ် ဝိပဿနာဉာဏ် အလုပ်ကို တိကျစွာ ညွှန်ပြတော်မူခဲ့ကြသည့် ဘုရားသားတော်အစစ် အဖြစ်ကြီး ဖြစ်တော်မူကြသော ဖော်ပြပါ ဆရာတော်ကြီးများ၏ ကျမ်းအသီးသီးမှ ကောက်နှုတ်ချက်များ ဖြစ်သည့် (ဘုရားသားတော်ကြီးများ၏ အာဘော်)၊ လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော (ဝိပဿနာလက်စွဲ)၊ ဝိပဿနာကြေးမုံ)နှင့် (သြကာသ ရသ)ကို သံသရာမှ တပေါက်တလမ်းတည်းသာ ဖြစ်သည့် ထွက်ပေါက် ထွက်လမ်း (မဂ်) အမည်ဖြင့် ဦးအေးကြည်က စီစဉ်ပြုစုပေးသည်ကို ကျွန်တော်များအနေနှင့် ဝမ်းမြောက်ဝမ်းသာ ရိုက်နှိပ်ဖြန့်ချိရပါသည်။

သူ-တော်-စင် အပေါင်းတို့ သံသရာမှ ထွက်ရပ်ပေါက်ကြသည်ဖြစ်၍ နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်ကြပါစေ။

ထုတ်ဝေသူ

ဝိပဿနာကြေးမုံ

နိဗ္ဗောဓ

ငါဘုရား ဒီလို ရဲရဲကြီးပြောတယ်။ (အသိ ဉာဏ်ရှိပြီး ရိုးသားဖြောင့်မတ် မလှည့်ပတ်တတ်သူ) ဖြစ်က လာခဲ့စမ်းပါ။ ငါဘုရား ဆုံးမပြမယ်၊ ငါဘုရား တရားဟောပြမယ်။ ငါဘုရား ဟောတဲ့အတိုင်းသာ လိုက်နာပြီး ကျင့်ရင် လူဘောင်ထွက်ခွာ သာသနာ့ဝန်ထမ်း ရဟန်းပုဂ္ဂိုလ်တွေ မြောက်မှန်းနေကြတဲ့ အရဟတ္တဖိုလ် နိဗ္ဗာန်တရားကို လက်ငင်းဒိဋ္ဌ ခုနစ်ရက်ထဲနဲ့ မျက်မှောက်ပြုနိုင်မယ်။ ဒီလို ငါဘုရား ရဲရဲကြီး ပြောတယ်။

ဝိပဿနာကြေးမုံ
၁၀၂
ဝိပဿနာယောဂီတို့၏ ရှုဘွယ်

စကားချီး

ဝိပဿနာကြေးမုံ(၀၁)ဝိပဿနာယောဂီတို့၏ရှုဘွယ် အမည်ရှိသော ဤစာစောင်ငယ်သည် ဒါန၊ သီလ၊ သမထ အားကိုးလျက် ပါရမီဖြည့်ရုံလောက်မျှနှင့် တင်းတိမ်နေသူ ဗုဒ္ဓဘာသာ ဆိုသူတို့အား မိမိတို့ နေ့စဉ် (ကင်းလွတ်ရပါလို၏)ဟု ဆုတောင်းနေကြသော အပါယ်လေးပါး အစရှိသည်တို့မှ ကင်းလွတ်စေသည့် (၀၁) မဂ်ဖိုလ်နိဗ္ဗာန် ရရောက်စေသည့် ဝိပဿနာတရားကို အားထုတ်ကြရန် တိုက်တွန်းထားလေသည်။ မဂ်ဖိုလ်နိဗ္ဗာန် မရသမျှ အပါယ်လေးပါး အစရှိသည်တို့မှ မလွတ်နိုင်ကြောင်း၊ ယခုဘဝတွင်ပင် အားထုတ်လျှင် မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ကြောင်း၊ ကြားနာမှတ်သားကျင့်၍ နှလုံးသားတွင် စွဲနေသူ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို အာသာဆန္ဒ ပြင်းပျသူ၊ အားထုတ်ဆဲ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့အား မိမိတို့၏ ချစ်ယွင်းချက်နှင့်တကွ မိမိတို့ ကိုးကွယ်ဆည်း

အဘယ်သူသည်၊ ဇာတိ၊ သိန္ဓိပါအံ့နည်း (၀၊)သိန္ဓိလိမ့်မည် မဟုတ်၊ မဟာသေဇနန၊ အတွင်းအပ မျှားလှစ္ဆာသော စစ်သည် ရှိသော၊တေနမစ္ဆုနှာ၊ထိုသေမင်းနှင့်၊ နှာ၊ငါတို့အား သက်ရှိ နေ့ရက် ချိန်းချက် ခြင်းသည်၊ နဟိ အတ္ထိ၊ မရှိသည်သာ လျှင် ကတည်း။

ကွေးသောလက်မဆန့်ခင်၊ဆန့်သောလက်မကွေးခင်သေတတ် တယ်၊ ဘယ်နေ့ဘယ်ရက်သေမယ်လို့ သေမင်းနဲ့ ချိန်းဆို ထားလို့ မရ၊ ဒီနေ့အကောင်း၊ နံနက်ဖြန် အလောင်းစင်ပေါ် ရောက်နေ တာ တွေ့လဲ ကိုယ်တွေ့ပဲ မဟုတ်လား။

ဘုရားရှင်ရှိစဉ်တုန်းက မဟာဓန သူဋ္ဌေးသားနဲ့ စပ်လျဉ်းပြီး၊ ဒီသူဋ္ဌေးသား ဟာ ပထမ အရွယ်ကသာ တရား အားထုတ်မယ် ဆိုရင် အရဟတ္တာမဂ်ကိုမှုချရမယ်။ ရှိစေဦးတော့၊ ဒုတိယ အရွယ် မှာ တရားအားထုတ်ခဲ့ရင် အနာဂါမိ မဂ်ကိုရနိုင်တယ်။ ဒီလိုမှ မဟုတ်ပဲ တတိယအရွယ်တွင်မှ တရားအားထုတ်ခဲ့ရင် သောဘာ ပတ္တိမဂ်ကို ကေန်ရနိုင်သေးတယ်။ 'ယခုတော့ အချည်းနှီး ဖြစ်ရ တယ်လို့ ဘုရားရှင်မိန့်တော်မူခဲ့တာကို သတိရှိပြီး ဝိပဿနာတရား အားမထုတ်ကြသေးတဲ့ ပုဂ္ဂိုလ်တွေကိုလဲ မဟာဓနသူဋ္ဌေးသားလို အချည်းနှီးမဖြစ်ကြစေလိုပါ၊ ဝိပဿနာတရားကို ယနေ့ကစပြီး အားထုတ်ကြဖို့ တိုက်တွန်းပါတယ်။

အနတ္တညာဏ်မရသမျှ-အပါယ်မလွတ်။

ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ်အားကိုးနဲ့ တင်း တိမ်နေကြတဲ့ ပုဂ္ဂိုလ်တွေကို သတိပေးချင်ပါတယ်၊ အဲဒီကုသိုလ် တွေဟာ လောကီသံသရာအကျိုးဖြစ်ပါတယ်။ ဒါပေမယ့်(ဒါန)

အရာမှာ သူမတူပြိုင်စံရှားအောင် လှူဒါန်းခဲ့တဲ့ သီရိမမှာသောက မင်းကြီးတောင်မှ နတ်ရှာစံတော့၊ အပါယ်က မလွတ်ကင်းပဲ စပါးကြီးမြေကြီးဖြစ်ရပါတယ်။

(သီလ) အရာမှာလဲ ကောက္ကုသံဂုဏ် ဘုရားရှင် လက်ထက်တော်က၊ ဝိနည်းသိက္ခာတွေကို ရိုသေတဲ့နေရာမှာ သူမတူ ပြိုင်စံရှားလို့ တေဒဂုဏ်ရတဲ့ ရဟန်းကြီး ပျံ့လွန်တော်မူတော့ အပါယ်က မလွတ်ကင်းနိုင်ပဲ နဂါးကြီးဖြစ်ခဲ့ရပါသေးတယ်။

(သမထ)အရာမှာလဲ ဘုရားရှင်ဟာ ဘုရားအဖြစ်ကိုမရသေးမီ ယခင်သမထတရားတွေကို အားထုတ်ခဲ့တုန်းက ဆရာဖြစ်ခဲ့ဘူးတဲ့ အာဠာရနဲ့ ဥဒက ရသေ့ကြီးတို့ဟာ သမထမှာ ကမ်းကုန်အောင် ကြိုးကုတ်အားထုတ်ပြီးမြောက်ကြလို့၊ အရူပဗြဟ္မာဘုံ ရောက်နေကြတာကို ဘုရားရှင်မြင်တော်မူတော့ ဖြေချွတ်ဖို့ မဖြစ်နိုင်တော့လို့၊ (မဟာဇာနိယောခေါ) ဆုံးရှုံးခြင်းကြီးဆုံးရှုံးကြရလေပြီလို့ ဘုရားရှင် စုဏ်သပ်တော်မူခဲ့ပါတယ်။

ဒီနေရာမှာ ဒါန၊ သီလ၊ သမထ ကုသိုလ် လုံပ်လို့ အပါယ်ဘုံလားကြတာ မဟုတ်ဘူး၊ ဝိပဿနာဉာဏ်၊ ယထာဘူတဉာဏ်၊ အနုတ္တဉာဏ်မပါလို့ (ဝိနိပါတဘေး) ဒါက ပါဠိစကား၊ ဗမာစကားကျကျက် ရည်မှန်းချက်အတိုင်း ဖြစ်ချင်တဲ့ သုဂတိဘုံမှာ မဖြစ်ပဲ၊ ဖြစ်ချင်ရာမဖြစ်၊ မရောက်ချင်ရာရောက်ကြရတယ်။ ဖြစ်ချင်ရာ ရောက်ချင်ရာကို (တသိန်း တသန်းမှာ တယောက်တလေ) ရောက်ပြန်တော့လဲ အဖြစ်မမြဲပဲ မိမိရောက်ရာသုဂတိဘုံက စုတေရင် အပါယ်လေးဘုံကို ကျရောက်မြဲ ဖြစ်တာကို ပြောလိုပါတယ်။

ဥက္ခိတ္တာပုညတေဇေနာ၊ ကာမရူပဂတိ ံ ဂတာ
ဘဝဂ္ဂန္ဆံပိသမ္ပတ္တာ၊ ပုနအာယန္တိ ဒုဂ္ဂတိ ံ ။

ပုညတေဇေန၊ ကောင်းမှုရှိန်ဇော်အာနုဘော်သည်၊ဥက္ခိတ္တာ၊ ပင့်ကော်ထောက်မ၊ မြှောက်ကြွချိုင်း၊ မြှင့်တင် အပ်ကုန်သည် ဖြစ်၍၊ ကာမရူပဂတိ ံ ၊ ကာမသုဂတိခုနှစ်ဘုံ၊ ရူပဗြဟ္မာဘုံသို့၊ ဂတာ၊ ခေတ္တရောက်နေသော လူနတ်ဗြဟ္မာ ကြီးတို့သည်ရင်း၊ ဘဝဂ္ဂ ံ နှင့်ပိ၊ ဘုံထူတ်ဘုံဖျား၊အမြင့်စား အကျော်၊ နေဝသညာ-နာသညာယတနဘုံ သို့သော်လည်း သမ္ပတ္တာ-သက္ကဿဒေဝိမဟာ၊ ခေတ္တ ရောက်ရှိနေကြရှာသော အရူပ ဗြဟ္မာကြီးတို့သည်ရင်း၊ ပုညကွယေန၊ မြှောက်တင်ရင်းကံ၊ စွမ်းသန်အဟုန်၊ အင်အား ကုန်ခဲ့ခြင်းကြောင့်၊ ပုန၊တဖန်၊ဒုဂ္ဂတိ ံ ၊(ရပ်ရင်းရှာရင်း၊အပါယ် တွင်းသို့)အာယန္တိ၊သက်ဆင်းပြန်ရောက်ကြရလေကုန်၏။

အထက်ပါ၊ ပါဠိနှဲ့ ဗမာစကားကိုသတိရှိပြီး၊ အပါယ်လေး ပါးမှ မလွတ်ကင်းနိုင်တဲ့, ကုသိုလ်ကွေ့နဲ့ တင်းတိမ် မနေကြပဲ၊ အပါယ်လေးပါး သံသရာက လွတ်ကင်းနိုင်တဲ့ မဂ်အခြေ ဖိုလ် အခြေဖြစ်တဲ့ ဝိပဿနာတရားကို အားထုတ်ကြဖို့ သင့်လှ ပါတယ်။

၃၁ ဘုံမှ လွတ်ရန်။

အောက်သံသရာ ဆိုဟဲ့ အပါယ်လေးပါးက လွတ်ဖို့၊ ထိုမှ တဆင့်၊ အဆင့်ဆင့် အလယ်သံသရာဆိုတဲ့ ကာမသုဂတိ- ၇-ဘုံ၊ အထက်သံသရာဆိုတဲ့ ဗြဟ္မာ-၂၀၊ အိုနာ-သေ-ဘေး၊မီး-၁၁-ပါး က မလွတ်တဲ့ ဘုံ-၃၁- ဝဋ်ဒုက္ခ ဘေးဆိုးကြီးက လွတ်ရာအမှန်

မြတ်နိုဗ္ဗာန်ကို မျက်မှောက်ပြုဖို့(၀၊)နိုဗ္ဗာန်ရောက်ဖို့(၀၊)နိုဗ္ဗာန် ချမ်းသာ ခံစားဖို့အတွက်မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြစ်ဖို့လိုပါတယ်၊မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်ဖို့ဟာ ဝိပဿနာကလွဲပြီး အခြားမရှိပါ။

ဝိပဿနာဆိုတာ ဘာလဲ၊
ဘယ်လိုအားထုတ်ရသလဲ၊

ပညတ္တိ ထပေတ္တာ ဝိသေသေန ပဿတီတိ ဝိပဿနာ။

ပညတ္တိ၊ အဟုတ်တကယ်ရှိမဟုတ်သော အပေါ်ယံ အမြွေး အကာ ပညတ်လွှာကို၊ထပေတ္တာ၊ ခွဲလှန်ဖယ်ရှားရ၊ ဝိသေသေန၊ သိနေကြ ပညတ်ဉာဏ်ထက်ထူးသောအားဖြင့်၊ ပဿတိ၊ အဟုတ်ရှိ တကယ်ရှိ အကြောင်းအကျိုးဖြစ်သော ရုပ်အစစ် နာမ်အစစ်ကို မြင်တတ်၏၊ ဣတိဘသ္မာ ထို့ကြောင့်၊ ဝိပဿနာ၊ ဝိပဿနာ မည်၏။

ဝိပဿနာဉာဏ်၊ ယထာဘူတဉာဏ်၊အနုတ္တဉာဏ်ကို ရှင်းပြပါမယ်။ ငါ၊ သူတပါး၊ ယောက်ကျား၊မိန်းမ ခေါ်ဆိုနေကြတာက သမုတိသစ္စာအနေနဲ့ မုသားမဖြစ်ပေမယ့်၊ ပရမတ္ထအနေနဲ့ ငါ၊ သူတပါး၊ ယောက်ကျား၊ မိန်းမ သဏ္ဌာန် နိမိတ် လုံးဝ မရှိ။ အသက်လိပ်ပြာမဟုတ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းလေးပါးကြောင့်ဖြစ်ပြီး ဖြစ်ရာမှာပဲ ပျောက်ပျက် ချုပ်ဆုံးတဲ့(ရုပ်)ဗမာလို ပျက်သဘောဖောက်ပြန်မှု၊ သိပြီး ပျောက်ပျက် ချုပ်ဆုံးတဲ့(နာမ်)သဘောမျှသက်သက်။ ဖြစ်ပြီးရင်ပျက်၊ ပျက်ပြီးရင် ဖြစ်၊ ဖြစ်ချေ ပျက်ချေနဲ့ ရပ်တည်မှုမရှိလို့ လုံးဝချမ်းသာမှုကင်းစင်တဲ့ ဆင်းရဲတဲ့ သဘော။မဖြစ်မပျက်အောင် ဘယ်ဘုရား ဘယ်ဝိဇ္ဇာမှာ တောင်းပန် တိုးလျှိုး၍ မရ။ ကံ၊ စိတ်၊ ဥတု၊

အာဟာရ အကြောင်းလေးပါးကြောင့်ဖြစ်ပေါ်ပြီး ရပ်တည်လို့ မနေ၊ တားမနိုင်၊ စိုးမရ၊ ပိုင်ဆိုင်သူ ကင်းမဲ့တဲ့ ကလေကဝ၊ အလေ့ပေါက်၊ ဘောက်သောက် သန်ဂါရသဘောမျှကို ငါပဲ၊ သူပဲ၊ ယောက်ကျားပဲ၊ မိန်းမပဲ၊ ယောဂီပဲ၊ ဓမ္မကထိကပဲ၊ ကမ္မဋ္ဌာန်းဆရာပဲ၊ ဘုန်းတော်ကြီးပဲ၊ သီလရှင်ပဲ၊ပုဂ္ဂိုလ်သတ္တဝါပဲလို့ အမြင်မှားနေတဲ့ (မိစ္ဆာဒိဋ္ဌိ အယူကြီး)ကို စွန့်လွှတ်နိုင်တဲ့ ဉာဏ်ယှဉ်ပြီး အထူး ရှုကြည့်ဆင်ခြင်စဉ်းစား တွေးတောကြံစည် အားထုတ်လို့မြင်တဲ့ ဝိပဿနာဉာဏ်။ ဟုတ်တိုင်းမှန်ရာ ဖြစ်ပျက်သဘော(ရုပ်)နဲ့ သိပြီးပျက်တဲ့ (နာမ်)သဘောမျှသက်သက်ကို ဟုတ်မှန်တဲ့အတိုင်း သိမြင်တဲ့ ယထာဘူတဉာဏ်၊ အနတ္တသဘာဝကို အတ္တမစွက် အနတ္တသက်သက်မျှသာပဲလို့ သိမြင်တဲ့ဉာဏ်ကို အနတ္တဉာဏ်လို့ ခေါ်ပါတယ်။ စာသိ၊ မှတ်သိ၊ ပရိယတ္တိသိမျှ မဟုတ်ပဲ၊ စာသိ မှတ်သိ (ပရိယတ္တိ)မှတဆင့် ဆရာကောင်းထံ နည်းနာခံပြီး ကိုယ်တိုင်ကျင့်ကြံအားထုတ်မှု(ပဋိပတ္တိ)၊ အဲဒီကမှ တဆင့် ထိုးထွင်းပြီး အဟုတ်သိ၊ တကယ်သိ၊(ပဋိဝေဓ)၊တရားမရသေးသူတွေ့ မသိနိုင်(ဒါ ဝိပဿနာဉာဏ်ပါလို့) ထုတ်ဖော်ပြောလို့တောင် မယုံနိုင်တဲ့ သိမှုဖြစ်ဖို့ ဘုရားရှင် အလိုရှိတော်မူပါတယ်။

ရုပ်နာမ်ဆိုတဲ့ ခန္ဓာငါးပါး၊ အနိစ္စခမ္ဓာ၊ ဒုက္ခခမ္ဓာ၊ အနတ္တခမ္ဓာသာ ဖြစ်တယ်။ ပုဂ္ဂိုလ်သတ္တဝါ၊ အသက်လိပ်ပြာ အရှင်းမဟုတ်ဘူးလို့ ဘုရားရှင် ဟောကြားတော်မူခဲ့တာကို သဘောပေါက်အောင်(ဝါ)တရားပေါက်အောင်(ဝါ)တရားရအောင် (သမ္မာသက်ပွမဂ္ဂင်) ကြိမ်ဖန်များစွာ အနည်းနည်းနဲ့ စဉ်းစားဆင်ခြင်တွေးတောကြံစည်မှုဉာဏ်အလုပ်ကိုသာ ဝိပဿနာတရား အား

ထုတ်တယ်လို့ ဆိုရပါတယ်။ဒါကလဲ့ပြီး ပညတ်ကို ဉာဏ်နဲ့မခွဲပဲ အဟုတ်ရှိ တကယ်ရှိတဲ့ ပရမတ္ထသဘာဝ ရူပ်၊နာမ်၊ခန္ဓာငါးပါး၊ အနိစ္စမမ္မ၊ ဒုက္ခမမ္မ၊ အနတ္တမမ္မ သဘောကို ပေါက်အောင် ဉာဏ်စိုက်ပြီး စဉ်းစားဆင်ခြင်တွေးတော ကြံစည်မှုမပြုပဲ ဆရာစစ် ဆရာမှန်ထံ နည်းမခံပဲ အခြား ဘာဘာညာညာမှတ်မှု၊ ထိုင်မှု တွေ့ဟာ ဝိပဿနာကမ္မဋ္ဌာန်းလဲမဟုတ်၊ သတိပဋ္ဌာန်လဲမဟုတ်။ သမထ ကမ္မဋ္ဌာန်းသာဖြစ်တယ် မှာပါ။

မဂ်ဖိုလ် နိဗ္ဗာန် ရောက်ကြောင်း တရားဟာ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်၊ စုစုပေါင်း ဗောဓိပက္ခိယတရား ၃၇ ပါး။ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး။ သီလဝိသုဒ္ဓိ၊စိတ္တဝိသုဒ္ဓိ၊ဒိဋ္ဌိဝိသုဒ္ဓိ စတဲ့ ဝိသုဒ္ဓိခုနှစ်ပါး စသဖြင့် စာပေပရိယတ္တိအနေနဲ့ အမျိုးအပြား ရှိပေမယ်လို့ အလုပ်သဘောအားဖြင့် တခုစီ လုပ်ရတဲ့ တရားမဟုတ်ဘူး။ အလုပ်တရား၊ အကြောင်းတရားဖြစ်တဲ့ (သမ္မာသင်္ကပ္ပမဂ္ဂင်)ကို အားထုတ်ရင် သမ္မာဒိဋ္ဌိမဂ္ဂင် အပါအဝင် ကျန် မဂ္ဂင် ၇ ပါးရယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဲ့ အသင်းအပင်း တရားစု ဗောဓိပက္ခိယတရား ၃၇ ပါးရယ်၊ သိက္ခာသုံးပါး၊ဝိသုဒ္ဓိခုနှစ်ပါးရယ် ဒီတရားတွေဟာ အကျိုးတရားအနေနဲ့ အားလုံး ပါဝင်ပြီး ဖြစ်ပါတယ်။

ဝိပဿနာဉာဏ်၊ ယထာဘူတဉာဏ်၊ အနတ္တဉာဏ် မပါတဲ့ အကုသိုလ်တွေဟာ အပါယ်က လွတ်ဖို့ စိတ်မချရပါဘူး။ အားမကိုးရပါဘူး။ အပါယ်က လွတ်နိုင်တဲ့ ဝိပဿနာတရားကိုသာ ယခုက စပြီး အားထုတ်ကြစေလိုပါတယ်။ စီးပွားရေးကိစ္စ၊ သားရေး သမီးရေးကိစ္စ၊ ဟိုအရေး ဒီအရေးတွေ့ လုပ်စရာရှိနေ

သေးရင်လဲ တဖက်က လုပ်နိုင်ပါတယ်။ လုပ်ရပါတယ်။ ဒါတွေ ရပ်ထား စွန့်ပစ်ပြီးမှ တရားအားထုတ်ရမယ်လို့ ဘုရားရှင် မဟော ခဲ့ပါဘူး။ (အာဝါရ)အိုးအိမ်ထူထောင် လူဝတ်ကြောင်များ၊ ဃရာဝါသ လူကိစ္စတွေ မစွန့်ပစ်ရပဲ၊ အိုးမကွာ၊ အိမ်မကွာ၊ သားကိစ္စ၊ မယားကိစ္စ ဆောင်ရွက်ရင်း တရားအားထုတ်နိုင်ပါ တယ်။ တရားရပါတယ်။ (အနာဝါရ)အိုးအိမ်ထူထောင်ခြင်း မပြုတဲ့ သက်နုံးဝတ်များနဲ့ တကိုယ်တည်းပုဂ္ဂိုလ်များလဲ တရား အားထုတ်နိုင်ပါတယ်။ တရားရပါတယ်လို့သာ ဘုရားရှင် မိန့် တော်မူခဲ့ပါဘယ်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ဝိပဿနာ အလုပ်ဟာ ဥာဏ်အလုပ်ဖြစ်လို့၊ လယ်လုပ်ရင်း၊ ယာလုပ်ရင်း၊ လှည်းမောင်းရင်း၊ ကိုယ့်အလုပ် ကိုယ့်စီးပွားနဲ့ ဖက်တဲ့ လုပ်နိုင် တယ်။ ဥာဏ်ရှိရင် အနိစ္စဥာဏ်၊ ဒုက္ခဥာဏ်၊ အနတ္တဥာဏ် ပွား စီးဖို့ချည်းပဲလို့ ဝိပဿနာဒီပနီမှာ ရေးသားတော်မူခဲ့ပါတယ်။

ဝိပဿနာအကျိုး

ဝိပဿနာဥာဏ်၊ ယထာဘူတဥာဏ်၊ အနတ္တဥာဏ်ကို ရရှိရင် ယခင်က အမြဲ ပါရှိနေတဲ့ အကုသိုလ်ကံဟောင်း၊ အနုန္တဟာ အလုံးစုံချုပ်ဆုံး ကွယ်ပျောက်ရတဲ့အပြင်၊ ဖြစ်ချင်ရာမဖြစ်ရ၊မဖြစ် ချင်ရာဖြစ်ရဆိုတဲ့(ဝိနိပါတဘေးကြီး)က ကင်းလွတ်ပြီး လွှပ်ပြည်၊ နတ်ပြည် မိမိလိုချင်ရာရောက်ချင်တဲ့ ဘုံဘဝမှာ ဓမ္မာရုံနဲ့ ကာမ ဂုဏ် ချမ်းသာစည်းစိမ်ကိုခံစားလိုသေးရင်လဲ အားရအောင် ခံစား စံစားပြီးမှ ပရိတ်ကြီးရတနာသုတ်မှာ(နတောဘဝံအဋ္ဌမမာဒိယန္တိ)

ဆိုတဲ့အတိုင်း ကာမသုဂတိ ခုနှစ်ဘုံမှအပ ရှစ်ဘဝနေချင်လို့မှ မနေရပဲ မုချ နိဗ္ဗာန်စံဝင်ရပါတယ်။

ပဓာနိယင်္ဂတရား ၈ါးပါး

ဝိပဿနာတရား အားထုတ်နေသူ ယောဂီနဲ့ ယခုမှ စတင် အားထုတ်ကြမယ့် ယောဂီလောင်းတွေ သတိပြုစေချင်တာက တော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ တရားရဖို့ လိုအပ်တဲ့ အခြေခံပဓာနအချက်ကြီး ၈ါးချက်ကို သိထားကြဖို့နဲ့ ရှိထားကြဖို့ အရေးကြီးပါတယ်။ ပဓာနိ ယင်္ဂတရား ၈ါးပါးလို့ ခေါ်ပါတယ်။

(၁) သဒ္ဓာ လိုချင်မှု ရှိရမယ်။
(၂) ကျန်းမာရမယ်။
(၃) စိတ်နှလုံး ဖြူစင်ဖြောင့်စင်းရမယ်။
(၄) လုံ့လဝီရိယ ရှိရမယ်။
(၅) ဉာဏ်ပညာ စူးရှထက်မြက်ရမယ်။

(သဒ္ဓာ၊ ကျန်းမာ၊ ဖြောင့်စင်း၊ လုံ့လ၊ ဉာဏ်စူးရှ၊ ပဓာနအင်္ဂါမှတ်)။

(၁)သဒ္ဓာကို ရှင်းပြပါမယ်။ သဒ္ဓာကို ယုံကြည်မှု၊ တနည်း လိုချင်မှုလို့ နားလည်ကြပါတယ်။ အမျိုးအားဖြင့် ဒီနေရာမှာ သဒ္ဓာဆိုတာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အကြွင်းမဲ့ ယုံကြည်ရမယ်လို့ ယူကြပါတယ်။ တရားမရသေးမီ တရားအား ထုတ်ဆဲ ပုဂ္ဂိုလ်တွေအတွက် သဒ္ဓာ ဆိုတာ လိုချင်မှု ရှိရမယ်လို့ ယူမှ လျော်ကန်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ တရားရှာဆဲ

ပဋ္ဌိုလ်ဟာ ဘုရားရှင် ဟောကြားခဲ့တဲ့တရားအစစ်တွေကို မတွေ့မရသေးပါဘူး။ တရားအစစ်ကို မတွေ့သေးလို့ ဘုရားနဲ့သံဃာကိုလဲ ဘုရားရှင်အလိုတော်ကျ မဖူးတွေ့ရသေးပါဘူး။ တရားရှာဆဲ၊ တရားအားထုတ်ဆဲပဋ္ဌိုလ်ဟာ ဘုရား၊တရား၊သံဃာ ရတနာသုံးပါးကို ဘုရားရှင်အလိုတော်ကျ အကြင်းမဲ့ယုံကြည်မှုသို့ မသက်ဝင်သေးပါဘူး။ (သုတသဒ္ဓာ)မျှသာ ဖြစ်ပါတယ်။ကိုယ်ကြုံ ကိုယ်ယုံဆိုတဲ့ (ဒိဋ္ဌသဒ္ဓာ)မဖြစ်သေးပါဘူး။ မိဘဘိုးဘွား၊ ဆရာသမား မိတ်သင်္ဂဟတွေက ပြောဟောတာဆိုပြီး မယုံပါနဲ့အုံး။ ကိုယ်တိုင်ကျင့်ကြံကြိုးကုတ် အားထုတ်ပြီး တရားစစ်တရားမှန်ကို သညာသိမဟုတ်ပဲ ကိုယ်တိုင်သိ ဖြစ်မှ ယုံကြည်ပါလေတော့လို့ ဘုရားရှင်ဟာ ကာလာမသုတ်မှာ ဟောကြားတော်မူခဲ့ပါတယ်။

တရားစစ် တရားမှန်ကို ကိုယ်တိုင်ကျင့်ကြံအားထုတ်ပြီး ကိုယ်တိုင် အသိဉာဏ် ရရောက်ခြင်းကို ၊ကျင့်ကြံအားထုတ်မှုမရှိဘဲ အကြင်းမဲ့ ယုံကြည်ခြင်းထက် ဘုရားရှင် ချီးကျူးတော်မူခဲ့တဲ့ သာဓကတခုရှိပါတယ်။ သိဒ္ဓတ္ထိုးဆရာကြီးဆီက ထွက်ခဲ့ပြီး ဘုရားရှင်ထိုမှောက်မှာ ရဟန္တာအဖြစ်ကို ရရောက်ခဲ့တဲ့ အရှင် မဟာမောဂ္ဂလာန်ရဲ့ရောင်းရင်းပညာအရာမှာဘုရားအောက်တယောက်မို့ ဇောဒဂ်ရတဲ့ အရှင်သာရိပုတ္တရာအရှင်မြတ်ဟာ ဘုရားရှင်ကို ယုံကြည်မှု၊ သဒ္ဓာအားကြီးစွာနဲ့ ဘုရားရှင်ရဲ့ ဉာဏ်တော်တွေကို ချီးကျူး ပြောဆိုနေကြတဲ့ ရဟန်းတစုရဲ့အနီးမှာ ရှိနေတုန်း ဘုရားရှင် ကြွရောက်တော်မူလာပါတယ်။ ဘုရားရှင်ကိုအကြင်းမဲ့ သဒ္ဓာယုံကြည်မှု အားကြီးစွာနဲ့ ချီးကျူးနေတာနဲ့ တရားလိုချင်မှု၊ တရားအားထုတ်မှု လျော့နဲပြီး အချည်းနှီး အကျိုးမဲ့

ဖြစ်ကြမှာကို မြင်တော်မူလို့ ဘုရားရှင်ဟာ ရဟန်းတို့ကို ဆုံးမတော်မူလိုလို့ "ချစ်သား သာရိပုတ္တရာ၊ သင်ချစ်သားဟာ ငါ့ဘုရားကို အကြင်းမဲ့ယုံကြည်တာနဲ့ ဖြစ်မှု ချုပ်ငြိမ်းရာ (၀၊) မဖြစ်နိုဗ္ဗာန်ကို ရတယ်၊ ရောက်တယ် ဆိုတာ ယုံကြည်သလား"လို့ အရှင်သာရိပုတ္တရာကို မေးတော်မူပါတယ်။ အရှင်သာရိပုတ္တရာ အရှင်မြတ်က "အရှင်ဘုရားကို အကြင်းမဲ့ ယုံကြည်နေတာနဲ့ ဘာမျှ အသိဉာဏ် မရပါဘူး ဘုရား"လို့ ရှိခိုး လျှောက်ထားလိုက်ပါတယ်။ ယခုခေတ် တရားဟော မမှကထိက၊ ကမ္မဌာန်းဆရာနဲ့တပည့်၊ တရားနာခံ၊ ယောဂီတွေလို့ မှန်ပါ့ဘုရားထဲက မဟုတ်ဘူး။တရားမှတရား၊ တရားမှတပါး ဘုရားမျက်နှာတော်ကိုတောင်မှ ထောက်ထားခြင်းမရှိ၊ ပညာရဲရင့် ပွဲလယ်တင့်ဆိုတဲ့ အတိုင်း ရဲရဲတောက် လျှောက်ထားတာကို ဉာဏ်နုသူ ရဟန်းတွေက တဦးနဲ့တဦး လက်တို့ပြီး ခုခေတ်စကားကျကျပြောရရင် အရှင်သာရိပုတ္တရာဟာ တိတ္ထိဆရာကြီးရဲ့မိုင်းမိုတုန်းရှိသေးတယ်လို့ တီးတိုး ပြစ်တင် စကားတင်း ဆိုကြပါတယ်။ တရားမှတရား ပုဂ္ဂိုလ်ကို ဆံချည်မျှ ငဲ့ကွက်လေ့မရှိတဲ့ ဘုရားရှင်ကတော့ ချစ်သား သာရိပုတ္တရာ လျှောက်ထားတာ ဟုတ်ပေတယ်။ မှန်ပေတယ်။ ကောင်းလှပေတယ်။ သစ္စာစကား ဖြစ်ပေတယ်လို့ အားရနှစ်သိမ့်စွာ သာဓုခေါ်တော်မူပါတယ်။

ကိုံ့တေ၀ကွာလိ၊ ဤမိနာပုတိကာယေန
ဒိဋ္ဌေနယောခေါ၀ကွာလိ၊ဓမ္မံပဿတိ
မံပဿတိ။
ယောဓမ္မံနပဿတိ၊ သောမံနပဿာတိ။

ဝက္ကလိ၊ ချစ်သားဝက္ကလိ၊ ဤမိနာ ပုတိကာယေန ဒိဋ္ဌေန၊ ဤငါဘုရား၏ ခန္ဓာကိုယ် (ရုပ်) အကောင်ပုပ်ကြီးကို ဖူးမြင်ရသဖြင့်၊ တေ၊ သင့်အား၊ ကိ၊ ဥာဏ်မျက်စိ အသိတရားမတိုး အဘယ်အကျိုး ရှိအံ့နည်း။ ဝက္ကလိ၊ ချစ်သားဝက္ကလိ၊ ယော၊ ရဟန်းရှင်လူ မည်သူမဆို ထိုပုဂ္ဂိုလ်သည်၊ ဓမ္မံ၊ ရုပ်နာမ်နှစ်ခု ဖြစ်ပျက်မှုကို၊ ခေါ၊ စင်စစ်အမှန်အားဖြင့်၊ ပဿတိ၊ မြင်၏။ သော၊ ရဟန်းရှင်လူ မည်သူမဆို ထိုပုဂ္ဂိုလ်သည်၊ မံ၊ ပရမတ် အနှစ် ငါဘုရားအစစ်ကို ပဿတိ၊ မြင်နိုင်၏။ ယော၊ အကြင်သူသည် ဓမ္မံ၊ ရုပ်နာမ်နှစ်ခု ဖြစ်ပျက်မှုကို ပဿတိ၊ မမြင်။ သော၊ ထိုသူသည်၊ မံ၊ ပရမတ်တရား ငါဘုရားကို၊ နပဿတိ၊ မမြင်နိုင်။ ဘုရားရှင်ကို သဒ္ဓာယုံကြည်လွန်းတဲ့ ဝက္ကလိ ရဟန်းကြီးကို ခုလို မိန့်တော်မူတာရယ်(ဘုရား)နဲ့တကွ ဟောကြားတော်မူတဲ့ (တရား)အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် အစရှိတဲ့ (အရိယာ သံဃာတော်)တို့ကို ယုံကြည်မှုသဒ္ဓာနဲ့ တသက်လုံး ဆည်းကပ်ကြပေမယ့် တရားလိုချင်မှု အားနဲပြီး ဘုရားရှင်အလိုတော် ရှိတဲ့မဂ်ဖိုလ်နိဗ္ဗာန်မရရှာကြတဲ့အပြင် အပါယ်လေးဘုံ အောက်သံသရာမှာ ဆုံလည်နွားလို ကျင်လည်ကြရတဲ့ တပည့်ရဟန်းယောက်ကျား၊ရဟန်းမိန်းမ၊ဒါယကာ၊ဒါယိကာမများ အများအပြား သာဓကတွေ ရှိခဲ့တာရယ်ကို ထောက်ရှုပြီး ဒီနေရာမှာ သဒ္ဓာ ဆိုတာ တရားလိုချင်မှု ရှိရမယ်လို့ ယူမှ လျော်ကန်ပါတယ်။

အဘယ်မျှ လိုချင်ရမလဲဆိုရင် ကဿပဘုရားရှင် ပွင့်တော်မူပြီး ကဿပဘုရားရှင်ရဲ့ သာသနာတော် တိမ်ကောပျောက်ကွယ်လုနီးအချိန်၊ ကဿပဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ သစ္စာ

လေးပါး မြတ်တရားကို ကြားနာလိုပေမယ့် (ပဋိပတ္တိ လမ်းမှန်ကျကျနဲ့ ပဋိဝေဓအထိ)ကို မဆိုထားနဲ့ (ပရိယတ္တိ)ကိုပင် ဟောပြောနိုင်သူ ရှားတဲ့အခါမှာ သစ္စာလေးပါးတရားကိုမှ မနာကြားရပဲ မင်းစည်းစိမ်ခံစားရတာဟာ အချည်းနှီးပဲလို့ သဘောပိုက်တဲ့ ဓမ္မေသနမင်းကြီးဟာ သစ္စာလေးပါး တရားဟောပြောနိုင်သူကို ပူဇော်ဖို့ အသပြာထောင်ထုပ်ကို ဆင်ပေါ်တင်ပြီး အရပ်ရစ်မျက်နှာကို တရားဟောပုဂ္ဂိုလ်ရှာဖို့ ထွက်ခဲ့ပါတယ်။ အဲဒီလို ထွက်ခဲ့ရာမှာ ချောက်တခုမှာနေတဲ့ လူသားစား ဘီလူး တကောင်မှတပါး တရားဟောပြောနိုင်သူ အခြားပုဂ္ဂိုလ် မတွေ့ရှိပါဘူး။ လိုချင်မှု သဒ္ဓာအားကြီး လှတဲ့ မင်းကြီးဟာ အပေါ်ယံအခွံ အကာ၊ အဝတ်အထည် အယုတ်အမြတ်၊ ဂုဏ်ပကာသနကိုမရှေး၊ အသက်ကို ပဓာနမထားပဲ ကြောက်စရာ ထိုဘီလူးရဲ့ အနားကို ရဲဝန့်စွာ ချဉ်းကပ်ပြီး တရားဟောဖို့ တောင်းပန်ရှာတယ်။ ဘီလူးကလဲ အသင့်ကို စားရမယ်ဆိုရင် မိမိ ကြားဘူးမှတ်ဘူးခဲ့တဲ့ သစ္စာလေးပါးတရားကို ဟောမယ်။ ထိုချောက်ရဲ့ ထိပ်စွန်းကို အသင်မင်းကြီး တက်သွားပြီး အောက်မှာရှိတဲ့ အကျန်ပ်ရဲ့ပါးစပ်ထဲကို ခုန်ဆင်း။ ချောက်ထိပ်နဲ့ အကျန်ပ်ရဲ့ ပါးစပ် ကြားကာလမှာ အသင်မင်းကြီး ကြားနာလိုတဲ့ သစ္စာလေးပါးတရားကို နာကြားပေတော့လို့ အာမခံလိုက်တယ်။ ထိုအခါ တရားလိုချင်မှု ပြင်းပျတဲ့ ဓမ္မေသနမင်းကြီးဟာ မနှေးအလျင် ချောက်ထိပ်ကိုတက်သွားပြီး အသင်ဘီလူး သစ္စာလေးပါးတရားကို ဟောပါတော့လို့ တောင်းပန်ပြီး တကယ်ပဲ ဘီလူး၏ ပါးစပ်ထဲကို ခုန်ဆင်းတယ်။ အဲဒီအခါ ဘီလူးဟာ တရားကို အသက်ပေးပြီး လိုချင်မှုအားကြီးတဲ့ မင်းကြီးကို အသက်ချမ်း

ကမ္ဘာ့ပုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်

သာပေးပြီး မိမိဟာ ဘီလူးစင်စစ်မဟုတ်ပဲ သိကြားမင်းဖြစ်တယ်လို့ ဖွင့်ဟဝန်ခံပြီး မိမိ ကြားဘူး မှတ်ဘူးခဲ့တဲ့ သစ္စာလေးပါးတရားကို ပရိယတ္ထိအသိမျှနဲ့ ဟောကြားခဲ့ပါတယ်။

ယောဂီနဲ့ ယောဂီလောင်းတို့ဟာလဲ အမျှားဝိပဿနာဆိုတာနဲ့ ရောယောင်ပြီး လူကြားကောင်းရုံ၊ လူမြင်ကောင်းရုံ၊ ဝိပဿနာခေတ်မှာ ခေတ်နဲ့အမီလိုက်ပြီး ဝိပဿနာယောင်ယောင်စကား၊ စာစကားပြောနိုင်ရုံ၊ လူပေါင်းဆံ့ရုံ၊ လောကီ ဂုဏ်ပကာသနတွေကို လိုလားပြီး အပေါ်ယံပသာဒ သဒ္ဓာလိုချင်မှုမျှမဟုတ်ကြပဲ ဓမ္မေသန မင်းကြီးလို အဟုတ်တကယ်ပြင်းပျတဲ့ တရားလိုချင်မှုရှိဖို့ လိုပါတယ်။

ယခုလို သာသနာတွင်းမှာတော့ အသက်ပေးပြီး တရားမတောင်းရပါဘူး။ (ပဋိပတ္တိ လမ်းမှန်ကျကျမှ ပဋိဝေဓဆိုက်အောင် မသိကြသေးပေမယ့်) ကျမ်းတတ် ဂန်တတ် ၊ စာသိမှတ်သိ ပုဂ္ဂိုလ်ကြီးတွေနဲ့ (ပဋိပတ္တိ လမ်းမှန်ကျကျမှ ပဋိဝေဓဆိုက်အောင် သိရှိတော်မူကြတဲ့) လူ ရှင် ရဟန်း အမျှားပင် ရှိကြပါတယ်။ ဘကယ်လိုချင်ရင် အခွံ အကာ၊ အပေါ်ယံအလွှာ၊ ဂုဏ်ပကာသနကွေကို မကြည့်ပဲ ချဉ်းကပ်ပြီး တရားစစ် တရားမှန် ကျင့်လမ်းမှန်ကို မရမချင်း မလျှော့သောလိုချင်မှုနဲ့ လိုချင်ရမယ်လို့သာ ပြည့်ပြည့်ဝဝ သိစေချင်ပါတယ်။ အဲသလို လိုချင်မှုသဒ္ဓာအခြေခံနဲ့ ဉာဏ်ယှဉ်ပြီး ကျင့်ကြံအားထုတ်လို့ တရားရပြီဆိုမှသာ ဘုရားရှင် အလိုတော်ကျ အကြင်းမဲ့ ယုံကြည်မှုသဒ္ဓာ ဖြစ်ပြီလို့ ဆိုပါလေတော့။

(၂) ကျန်းမာရမယ်။ ဆိုတာကတော့ သတိလစ်လောက်အောင် ရောဂါ မဖိစီးဘူး။ မိမိတတ်သိတဲ့ မြန်မာစာနဲ့ ရေးသား

ထားတဲ့ ကျမ်းစာ ဒီပနီတွေကို ဖတ်ရှုနိုင်သေးတယ်။ တရားနာခြင်း၊ တရားဆွေးနွေးခြင်းများ ပြုနိုင်သေးတယ်။ တရားသဘောတွေကို တွေးတောကြံဆနိုင်သေးတဲ့ ကျန်းမာရေးအခြေအနေရှိရင် ပြီးပါတယ်။ စာ လုံးဝမတတ်ရင်လဲ တရားရပါတယ်။ ဘုရားလက်ထက်တော်က စာပေကျမ်းဂန် မတတ်ပဲ တရားရသူတွေသာ များပါတယ်။အိုးပစ် အိမ်ပစ်၊ လိုဏ်ထဲ ဂူထဲ၊ တောထဲ တောင်ထဲ ငှက်ချေးကယို၊ မိုးကစို၊ ဥတုသပ္ပာယ မမျှတတဲ့နေရာမှာမှ၊ အင်တာအပြတ်ခံနိုင်မှ တရားရမယ်လို့ ဘုရားရှင်နဲ့တကွ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာသုံးရပ်စလုံး ပြည့်စုံသွားကြတဲ့ ကျေးဇူးရှင်ကြီးများကမဟာကြားခဲ့ပါဘူး။ ကိုယ်စိတ် ပင်ပန်းဆင်းရဲတဲ့ ကျင့်စဉ်၊ကျန်းမာရေးထိခိုက်တဲ့ ကျင့်စဉ်ဖြစ်နေရင် (အတ္တကိလ မထာနုယောဂ) ယုတ်တဲ့ အကျင့်၊ အရိယာဖြစ်နိုင်တဲ့ အကျင့်မဟုတ် (ဝနေအန္ဓဂဇ) ဆင်ကန်းတောဟိုးတို့ရဲ့ အကျင့်သာဖြစ်လို့ ဘုရားရှင် ပယ်တော်မူခဲ့ပါတယ်။

ဝိဟိ ံ သာသညီ ပဂုဏ ံ နဘာသိ ံ၊
ဓမ္မံပဏိတံ မနုဇေသု ဗြဟ္မေဟိ၊

ဝိဟိ ံ သာသညီ၊ ကိုယ်စိတ်၏ မျှားစ္ဌာပင်ပန်း၏ဟု အမှတ်ရှိသည်ဖြစ်၍ ပဂုဏ ံ၊ လေ့လာအပ်ပြီးသော၊ပဏိတံ၊ မွန်မြတ်သော၊ ဗြဟ္မေဗြဟ္မံ၊ ထူးကဲလွန်မြတ်သော။ ဓမ္မံ၊ တရားတော်ကို မနုဇေသု၊ လူနတ်ဗြဟ္မာ သတ္တဝါတို့အား နဘာသိ ံ၊ ငါဘုရားဟောကြားတော်မမူ။

အခုလို ဗောဓိရာဇ ကုမာရသုတ်မှာ ဘုရားရှင် ဟောကြားတော်မူခဲ့တာရယ်၊ (သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ) သတ္တဝါ

မှန်သမျှဟာ အာဟာရနှင့် ကင်းပြီး မတည်နိုင်လို့ ဘုရားရှင် ဟောကြားတော်မူခဲ့တာရယ်ကို ကြပ်ကြပ် သတိရှိပြီး တရား မရပဲ အလကား ရောဂါရနေအုံးမယ်။ ရုပ်အာဟာရ၊ နာမ်အာ ဟာရ နှစ်ပါးစလုံး မခွဲတဲ့စေပဲ လျောင်းထိုင်၊ ရပ်သွား လေး ပါး မျှတညီညွတ်မှု ကျန်းမာရှင်လန်းပြီး ဥာဏ်အားသစ်သစ်နဲ့ တရားစစ်တရားမှန်ကို ကျင့်ကြံအားထုတ်နိုင်ပြီး မျက်မှောက်ပြု နိုင်ကြပါမယ်။

(၃) စိတ်နှလုံး ဖြူစင်ဖြောင့်စင်းရမယ်။ ဆိုတာ ရှင်းပြ ပါမယ်။ တရားရှာကြတယ်၊ တရားအားထုတ်ကြတယ် ဆိုတာ ဟာ လောကီကိစ္စလို ပစ္စည်းဥစ္စာ အောင်လက်မှတ် ဘွဲ့ထူးနဲ့ ဂုဏ်ထူးဆောင်လက်မှတ်ရဖို့၊ သွားထက်ငါ သာတယ်လို့ မော်ကြွား ဖို့၊ ဂုဏ်ပြိုင်ဖို့ မဟုတ်ပါဘူး။ အပါယ်လွတ်ဖို့ ဖြစ်ပါတယ်။ မီး ဆယ်တပါး ငြိမ်းဖို့ ဖြစ်ပါတယ်။ အို နာ သေ ဘေး လွတ်ဖို့ ဖြစ်ပါတယ်။ အခြားသူ သို့မဟုတ် တရားလိုက်ဘက် အားထုတ် ဖော် အားထုတ်ဘက်တဦးက တရားရပြီဆိုတာနဲ့ မိမိ ညံ့ရာကျ မှာစိုးရိမ်ပြီး တရားမရပါပဲနဲ့ တရားရပြီလိုလိုပြောလေ့ဆိုလေ့ရှိတဲ့ ယောဂီတွေ အနဋ္ဌ တွေ့ဘူးပါတယ်။ အခု၊ ကမ္မဋ္ဌာန်းဆရာနဲ့ ဓမ္မကထိကတွေကလဲ မိမိတို့ကိုယ်တိုင် ပရမဋ္ဌသဘာဝကို ကိုယ် ပိုင်မသိပါပဲ စာသင် မှတ်သိမျှနဲ့ ရုပ်ဆိုတာ အမှုအရာ ကြိယာမျှ သာဖြစ်တယ်။ကိုင်တွယ်မရ သဘောသက်သက်မျှ တရှုရှု တမှုမှုနဲ့ အမြဲပျက်နေတာပဲ။ အခု၊ကလဲ မင်ဆိုတာ ဘယ်လိုအရသာနဲ့မှ မတူဘူး၊ ပြောပြလို့ မရဘူး။ ကိုယ်တိုင်လုပ်ကြည့်၊ အခု၊ကလဲ ဝေဒနာပေါ်မှာ စိတ်ကိုထား။ သမာဓိရင့်လာတော့ ဝေဒနာ တွေ့ချုပ်ပြီး တရားပေါ်လိမ့်မယ် စသဖြင့် ဆရာနဲ့တပည့်၊ တဦးနဲ့

တဦး အမျိုးမျိုး ပြောဆိုနေကြတာကို တွေ့ဘူးကြားဘူးပါတယ်။ စာသိ မှတ်သိ ပရိယတ္တိသိ သမားများကတော့ ဟုတ်သယောင် ယောင် ထင်ကြပေမယ့် ကိုယ်ပိုင်သိ သိထားကြတဲ့ ပုဂ္ဂိုလ်က တော့ စိတ်ထဲက မပါပေမယ့် အပြုံးနဲ့ပဲ နှားထောင်လေ့ရှိတာ ကို အဲဒီ ဆရာယောင် ယောဂီယောင်တို့ မသိရှာကြပါဘူး။

လိမ်တယ်၊ ညာတယ်၊ ကြွားတယ်၊ ဝါတယ် ဆိုတာ တခြား သူကို မလိမ်မိ ဦးစွာ မိမိကိုယ်ကို မိမိလိမ်ကြရတယ်။ တရား အားထုတ်တဲ့ ယောဂီတို့ဟာ မိမိတို့ကိုယ်ကို မိမိတို့ ပြန်မလိမ်မိကြ ဖို့ ကြပ်ကြပ်ကြီး ရှောင်ကြဉ်ကြရမယ်။

စိတ်နှလုံး ဖြူစင် ဖြောင့်စင်းစွာနဲ့ မိမိကိုယ်ကို မိမိမလိမ်လို့ အရဟာတ္တ မဂ်အထိ ရရောက်သွားတဲ့ အရှင်သာရိပုတ္တရာရဲ့သာဓက ကိုကြည့်ပါ။အရှင်သာရိပုတ္တရာနဲ့အရှင်မောဂ္ဂလာန်တို့ဟာနုကွတ် သဘင်ပွဲမှာ ပျော်ရှင်စွာနေကြရာက သေခြင်းကင်းတဲ့ တရားကို ရှာဖွေထွက်ခဲ့ကြတာ သိဥာဏ်းဆံရာကြီးထံ ဓံရောက်ရှိကြ ပါတယ်။ တိတ္ထိဆရာကြီးရဲ့ ညွှန်ကြားချက် ကျင့်စဉ် နည်းလမ်း အတိုင်း တရားအားထုတ်ကြပြီး၊ကျေနပ်မှုမရှိတာကို ဘယ်သူကိုမှထုတ်ဟ ဝန်ခံခြင်း မရှိပေမယ့် ဗုဒ္ဓမြတ်စွာရဲ့ တပည့် ပဉ္စဝဂ္ဂီ ငါးဦးမှာ အငယ်ဆုံး ရှင်အဿဇီ, မထေရ် ဆွမ်းခံ လာတုန်း ဂိုဏ်းဂဏကို မရွေးပဲ၊ ချဉ်းကပ်ပြီး တရားဆွေးနွေးမေးမြန်းခဲ့တာကိုထောက်ရှု ရင် မိမိအားထုတ်နေတဲ့ တရားအကျင့်ကို ကျေနပ်မှုမရှိရင် မရှိ ကြောင်း မိမိကိုယ်ကိုဝန်ခံခြင်း၊ မာနလျှော့ခြင်း ဖြစ်ကြောင်း သိသာထင်ရှားပါတယ်။

ယေဓမ္မာဟေတုပဘဝါ၊
တေသံဟေတုတထာဂတော၊
အာဟတေသဉ္စနိရောဓော၊
ဧवံဝါဒီမဟာသမဏော။

ယေဓမ္မာ၊ အကြင် ဖြစ်တတ် ပျက်တတ်သော ရုပ်နာမ် ခန္ဓာ တရားတို့သည်၊ ဟေတုပဘဝါ၊ လောကီကုသိုလ်၊ အကုသိုလ် ဟိတ်တရား နှစ်ပါးသာ အရင်းခံ ရှိကုန်၏၊ တေသံဟေတု၊ ထို လောကီကုသိုလ် အကုသိုလ် တရား နှစ်ပါး တို့၏၊ နိရောဓော၊ ချုပ်ရာအမှန် နိဗ္ဗာန် တရားတော် မြတ်ကို၊ မဟာသမဏော၊ ရဟန်းကြီးရဟန်းမြတ် ဖြစ်တော်မူသော၊ တထာဂတော၊ ငါတို့ ဆရာမြတ်စွာဘုရားသည်၊အာဟ၊ဟောကြားတော်မူ၏။ တေသဉ္စ၊ ထိုနိဗ္ဗာန်ရောက်ကြောင်း တရားကောင်းမှန် မဂ္ဂင်ရှစ်တန်အကျင့် မှန် တရားကိုလည်း၊ မဟာသမဏော၊ ရဟန်းကြီး ရဟန်းမြတ် ဖြစ်တော်မူသော၊ တထာဂတော်၊ ငါတို့ဆရာ မြတ်စွာဘုရား သည်၊ ဧवံဝါဒီ၊ ဤမဂ်တရား ဖိုလ်တရားကို ဟောလေ့ယူလေ့ ရှိ၏။

ရှင်အာသဇီမထေရ် ဟောကြားတဲ့ ဒီဂါထာ လေးပိုဒ်ကို ကြားရတဲ့ အရှင်သာရိပုတ္တရာဟာ မတ်ရပ်မှာပဲ သောတာပန် တည်ခဲ့တယ်။ ရောင်းရင်းဖြစ်တဲ့ အရှင်မောဂ္ဂလာန်ကို ပြန်လည် ဆွေးနွေး ဟောကြားလို့ သောတာပန်တည်ပြီးမှ သိဒ္ဓည်းဆရာ ကြီးကို စွန့်ခွာပြီး ဘုရားရှင်ထံကို ဝင်ကြရာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် တည်ကြပါတယ်၊ အကယ်လို့သာ သိဒ္ဓည်းဆရာကြီးရဲ့ အခြားတပည့်တပန်းများလို ရောယိမ်းလိုက်၊ဘသားယိမ်းလိုက်နဲ့

မိမိအား:ထုတ်တဲ့ တရား:အကျင့်ကို ကျေနပ်မှုမရှိရင် မရှိကြောင်း မိမိကိုယ်ကို မိမိ ဝန်မခံပဲ မိမိကိုယ်ကို လိမ်လည်ပြီး အရှင်သာရိပုတ္တရာဟာ ဘုရား:ရှင်ရဲ့တပည့် ရှင်အာသဇီမထေရ်ထံ မာနလျှော့ချပြီး ချဉ်း:ကပ်ဆွေ:နွေ:ခြင်း:မပြုခဲ့ရင် ရဟန္တာဖြစ်ဖို့ဝေ:လို့သောတာပန်တောင် ဖြစ်မှာမဟုတ်လို့ ဆိုရပါမယ်၊ ယောဂီတို့လဲ တိတ္ထိဆရာကြီး:ရဲ့ အခြား:တပည့်များ:လို့ မိမိအား:ထုတ်တဲ့ တရား:အကျင့်ကို(သန္ဓိဋ္ဌိက)ကိုယ်တိုင် ထိုး:ထွင်း:တဲ့ဉာဏ်နဲ့ မသိ မတွေ့သေး:ပဲ၊ စာသိ မှတ်သိ ကြား:ဘူ:သိမျှနဲ့ ယောင်ယမ်း:ပြီး တရား:ရနေကြမယ်ဆိုရင် မိမိတို့သာပဲ မဂ်အကျိ: ဖိုလ်အကျိ: ဆုံ:ရှုံ:ကြမှာကို ကြပ်ကြပ်ကြီး သတိရှိကြပြီး စိတ်နှလုံ: ဖြူစင် ဖြောင့်စင်:စွာထား:ပြီး တရား:အား:ထုတ်ကြရပါမယ်။

(၄) လုံ့လဝိရိယရှိရမယ်ဆိုတာ ဒီနေရာမှာ အာရဒ္ဓဝိရိယ၊ အာတာပဝိရိယ၊ သမ္မပ္ပဓာန်ဝိရိယ စသဖြင့် ပါဠိစကား၊ စာစကား:တွေ့များ:ရင် နား:ရှုပ်ရုံသာ ရှိပါမယ်။ အကျဉ်း:ဆုံ:နဲ့ အရှင်း:ဆုံ:ပြောရရင် နည်း:မှန်လမ်း:မှန်ကျတဲ့ ဝိရိယ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်မရသမျှ တရွေ:သား:မျှ မလျှော့တဲ့ လုံ့လ ဝိရိယကို ဆိုလို့ပါတယ်။ အခု၂ိုက ကျမ်း:ဂန်စာပေတွေထဲမှာ အရိုး:ကြေကြေ၊ အရေခန်း:ခန်း:ဆိုတာကို တွေ့ဘူ: ကြား:ဘူ:တာနဲ့ ဘယ်နည်း:ဘယ်ပရိယာယ်နဲ့ ပါရှိတယ်ဆိုတာ မစဉ်း:စား:ပဲ သေလုနီ:ပါ:ကျင့်ရမလိုလို ပြောဆိုနေကြပါတယ်။ ဒါကြောင့်ပဲ မဂ် ဖိုလ် နိဗ္ဗာန်ရသင့်ပါလျက် စိတ်အား လျှော့ကုန်ကြရတယ်။ အရိုး:ကြေကြေ အရေခန်း:ခန်း:ဆိုတာက မယား:ကျေ:မှု၊ သား:ကျေ:မှု ကာမဂုဏ်စည်း:စိမ်အတွက် ကိုယ်အား:စိတ်အား:နဲ့ ပင်ပန်း:စွာ ရှာ

ဖေ့လုပ်ကိုင်ကြသေးရင် ကာမဂုဏ်စည်းစိမ်နဲ့ နှိုင်းယှဉ်လို့ မရအောင် သာလွန်မှန်မြတ်တဲ့ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား အတွက် ကိုယ်အားစိတ်အားနဲ့ သာလွန်လိုပဲ လုံ့လဝိရိယစိုက်သင့်တယ်ဆိုတာ လေးနက်စေလိုတဲ့ ကျမ်းဂန်စကားသာဖြစ်ပါတယ်။ ဘရားစစ်တရားမှန်ကိုရဖို့ကျင့်စဉ်မှာ (အတ္တကိလမထာနုယောဂ) ကို ကြပ်ကြပ်သတိရှိပြီး ကိုယ်စိတ်ပင်ပန်း ထိခိုက်ရင် မှားတဲ့အကျင့်လို့သာ တထစ်ကျမှတ်ယူပါ။

နိဗ္ဗာန်လမ်းပြ သပ္ပုရိသဆရာစစ်၊ ဆရာမှန်နဲ့မတွေ့လို့ နည်းမှန်လမ်းမှန်မရပဲ၊ သံသရာတိုချင်ပါတယ်။ သံသရာ ပြုတ်ချင်ပါတယ်ဆိုပါမှ သံသရာရှည်ရှည်ခြောင်း အလုပ်တွေကို နေ့မအား ညမအား ကိုယ်စိတ်ပင်ပန်းစွာနဲ့ လုပ်စေခိုင်းတဲ့ကမ္မဋ္ဌာန်းဆရာ၊ ဂမ္မကထိကတွေနဲ့ ထိုအလုပ်တွေကိုမှ အလုပ်၊ ထိုအကျင့်တွေကိုမှ အကျင့်လို့ မှားယွင်းစွာ ယူမှတ်ပြီး ဟောပြောသူက ဟောပြောကြတာကို နားယောင်ပြီး တရုံးရုံးနဲ့ တရားရှာတယ်၊ တရားအားထုတ်တယ် ဆိုကြတဲ့ သူတွေသာ မျှားပြားလှတယ်။ အပြောကဝိပဿနာ၊ အလုပ်က (စာ-ပရိယတ္တိနဲ့သမထ) တရားတော်ကပြုသူမရှိ၊ပြုခြင်းမရှိ၊ပြုသူရှိ၏၊ပြုခြင်းရှိ၏လို့ မှားယွင်းစွာ စဲမှတ်ထားတဲ့(သညာ)ကို ဥာဏ်နှင့်ခွဲခြားရမယ်၊ ချေဖျက်ရမယ်လို့ ဆိုထားပါလျက်၊ ပြုသူရှိ၏၊ ပြုခြင်းရှိ၏လို့ မှားယွင်းစွာ စဲမှတ်ထားတဲ့(သညာ)ကြီးထွားသထက် ကြီးထွားခိုင်မြဲစေတဲ့(အမှတ်မှားလမ်းစဉ်) ကို ညွှန်ကြား သင်ပြသူ ကလဲ သင်ပြလို့ ဒါမှတကြောင်းတည်းသော နိဗ္ဗာန်ရောက်ကြောင်း တရားလို့ ယူမှားအားထုတ်နေကြသူတွေ အနန္တပဲရှိပါတယ်။

ဒိဌေ ဒိဌ မတ္တံဘဝိသတိ၊
မုတေမုတမတ္တံ ဘဝိသတိ၊
သုတေသုတမတ္တံ ဘဝိသတိ၊
ဝိညာ ေတဝိညာတမတ္တံ ဘဝိသတိ။

မြင်မြင်ကာမျှသိ၊ ကြားကြားကာမျှသိ၊ သိသိကာမျှသိလို့ တရားတော်မှာ ပါရှိဒါမှန်ပါတယ်၊ဒါပေမယ့် မြင်တာ၊ ကြားတာ၊ သိတာမျှပါတကားလို့ သိမှတ်ရမှာလား၊ မြင်တတ်၊ ကြားတတ် သိတတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာမရှိဆိုတာ တကယ်ကိုယ်တိုင်ထိုးထွင်းပြီး ကိုယ်ပိုင်သိဖြစ်အောင် ဉာဏ်ယှဉ်၍ ဆင်ခြင်တွေးတော ကျင့်ကြံကြိုးကုတ်အားထုတ်ရမှာလားလို့ စဉ်းစားတော်မူကြပါ ပညာရှိဆိုသူတို့။

နှားချေမှုန့်ရအုံ့လုံနှုံ့ညစ်တဲ့သူ၊ ကျောက်ဖျာကို ရေပေါ်မှာ ပေါလောပေါ်အုံ့လို့ ကြိုးစားတဲ့သူတို့လို(အဝိဇ္ဇာအပဋိပတ္တိ မိစ္ဆာပဋိပတ္တိဒုဝိဓာ)မသိမလိမ္မာလို့ ကျင့်သင့်တာမကျင့်၊ မကျင့်သင့်တာကျင့် ဖြစ်ကြရှာတယ်၊ ဘယ်လောက်ပဲ လုံ့လ ဝိရိယရှိပေမယ့် အချည်းနှီးပဲ။ သံသရာမှာ နစ်သထက်နစ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်နဲ့ အဝေးကြီးဝေးကြရမယ်။ ဆရာစစ် ဆရာမှန် ညွှန်ပြတဲ့ ကျင့်လမ်း အမှန်အတိုင်း လိုပ်ခဲ့ တင်းလင်း တရား မရ မချင်း မလျော့တဲ့ လုံ့လဝိရိယနဲ့ ကြိုးစားအားထုတ်ပါက အရိုးမကျေ အရေမခန်း၊ ကိုယ်စိတ် မပင်ပန်းရပဲ၊ သက်သက်သာသာ ရက်တိုတိုနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရကြပါမယ်။

(၅) ဥာဏ်ပညာစူးရှထက်မြက်ရမယ်-ဆိုဒါ ဘုရားရှင် ဟာ ကြားတော်မူတဲ့ ခန္ဓာငါးပါး နာမ်ရုပ် အနတ္တတရားဟာ တိမ်မယောင်နဲ့နက်ပြီး နက်မယောင်နဲ့ တိမ်လိုခြိုက်ကနဲသဘောကျဖို့ ဟာ လှယ်မယောင်နဲ့ခက်ပြီး ခက်မယောင်နဲ့လှယ်လို့ ဥာဏ်ပညာ စူးရှထက်မြက်ဖို့လိုပါတယ်။

ဘုတ္တဝါတဦးမှာ စိတ်ဝိညာဏ်တခုစီရှိရာမှာ အဲဒီစိတ်ဝိညာဏ်ရဲ့ အရောင်ထွန်းလင်း တောက်ပြောင်ခြင်းကိုပဲ ဥာဏ်ပညာလို့ ဆိုရပါတယ်။ ဥပမာ- စိန်ရိုင်းတတုံးကို တဝက်စီခွဲပြီး ပုဂ္ဂိုလ်နှစ်ဦးကိုပေးအပ်လိုက်ရာ တဦးကမိမိရရှိတဲ့ စိန်ရိုင်းတုံးကို မနှားမနေပွတ်တိုက်တယ်၊ တဦးကတော့ မိမိရရှိထားတဲ့ စိန်ရိုင်းကို မပွတ်မတိုက်ပဲ ထိန်းသိမ်းထားတယ်၊ စိန်ရိုင်း တယောက်တတုံးစီ ရတာတော့မှန်တယ်၊ အရောင်တောက်ပြောင် ထွန်းလင်းရာမှာ တော့ မနှားမနေ ပွတ်တိုက်တဲ့သူရဲ့ စိန်ကသာ တောက်ပြောင် ထွန်းလင်းမှာပေါ့။အဲသလိုပဲ လူတိုင်းမှာ စိတ်ဝိညာဏ်ရှိတာတော့ မှန်တယ်၊ ဆင်ခြင်မှု၊ စဉ်းစားမှု၊တွေးမှုကြံမှု(သမ္မာသက်ပွမဂ္ဂင်) အားမထုတ်တဲ့သူရဲ့ စိတ်ဝိညာဏ်ဟာ တောက်ပြောင် ထွန်းလင်းခြင်းမရှိ၊ ဥာဏ်ပညာတုံးတယ်၊ ဥာဏ်ထုံတယ်၊ ဥာဏ်နည်းတယ်၊ (အဝိဇ္ဇာဖုံးတယ်၊ အဝိဇ္ဇာအားကြီးတယ်၊ ဝိပလ္လာသ ဖေါက်ပြန်မှားယွင်းစွာမြင်တယ်၊ မိစ္ဆာဒိဋ္ဌိအယူရှိတယ်)စသဖြင့် ကျမ်းဂန်စကား၊ စာစကား၊ ပါဠိစကားများအရ ဆိုရတယ်၊ ဆင်ခြင်မှု၊ စဉ်းစားမှု၊တွေးမှု၊ကြံမှု(သမ္မာသက်ပွမဂ္ဂင်) ကြပ်ကြပ်အားထုတ်ပြုလုပ်သူရဲ့ စိတ်ဝိညာဏ်ဟာ အရောင်ထွန်းလင်း တောက်ပြောင်တယ်၊ ဥာဏ်ပညာစူးရှထက်မြက်တယ်၊ ဥာဏ်ကြီးတယ်၊ (ဝိဇ္ဇာ ဥာဏ်ရတယ်၊ သမ္မာဒိဋ္ဌိ အမြင်မှန်ရတယ်၊ ယထာဘူတ ဟုတ်တိုင်း

မှန်ရာကိုမြင်တယ်၊ အံ့နတ္တဉာဏ်ရတယ်၊ ဒိုင်ဝိသုဒ္ဓိဖြစ်ပြီ၊ ဒိုင်ဋ္ဌပြုတ်တယ်၊ သောတာပန် အရိယာဖြစ်တယ်) စသဖြင့် ကျမ်းဂန်စကား၊ စာစကား၊ ပါဠိစကားများအရ ဆိုရတယ်။

ဒီနေရာမှာ ပါရမီစကား၊ ကံစကားနဲ့ စောဒကဝင်လာရင်၊ ထပ်ခါထပ်ခါ ကြိမ်ဖန်များစွာ၊ ခန္ဓာငါးပါး၊အနိစ္စမမှ၊ဒုက္ခမမှ၊ အနတ္တမမှ၊ သဘာဝကို ကိုယ်တိုင် ထိုးထွင်းတဲ့ဉာဏ်နဲ့ သဘောမပေါက်မခြင်း ဆင်ခြင်စဉ်းစားတာကို (ပါရမီ)အဲဒီလိုတွေးမှု၊ ကြံမှု၊ ဆင်ခြင်စဉ်းစားမှု၊ ကျင့်ကြံကြိုးကုတ် အားထုတ်မှု ကိုပဲ(ကံ)လို့သာ တထစ်ကျမှတ်ပါ။

ဆရာယောင်၊ ယောဂီယောင်တို့ဟာ သတ္တဝါတဦးရဲ့ ယခင်ယခင်က ပါရမီနဲ့ ကံကိုဘုရားမှတပါး မည်သူမျှ မဆုံးဖြတ်နိုင်လို့ တရားတော်မှာပါရှိသားနဲ့၊ မိမိတို့ရဲ့ရင်ဝကို မိမိတို့ကိုယ်တိုင် လှုံ့နဲ့ထိုးကြသလို၊ မိမိတို့ရဲ့ပါရမီ၊ မိမိတို့ရဲ့ကံကို မိမိတို့ သိသယောင်ယောင် မည်မျှပဲ အားထုတ်အားထုတ် ယခုဘဝ တရားမရနိုင်လို့ ဆုံးဖြတ်ပြီး ဆန္ဒညဿဟ ပေါ့ပျက် ကြရုံမက တခြား သူများ၊ ဘပည့်ခယာဂီများကိုလဲ ဆန္ဒညဿဟ ပေါ့ပျက်ခစဖို့ဟောပြောကြတယ်၊ ကြီးမားတဲ့(ဓမ္မန္တရာယ်)ဖြစ်တယ်။

ဆရုံစစ် ဘယ်လိုရှေးမလဲ။

အထက်မှာ ပြဆိုခဲ့တဲ့ အခြေခံ ပဓာနအချက်ကြီး ၅-ချက်နဲ့ တရားအားထုတ်တဲ့ ယောဂီဟာ ပြည့်စုံရပါမယ်။ ပြည့်စုံတဲ့ ယောဂီ အဖို့မှာလဲ တရားမိတ်ဆွေ၊ တရားဆရာ၊ သပ္ပုရိသ သံသေဝ အရေးကြီးပြန်ပါတယ်။

(ယဆာဘူတံ၊ဥာဏာဝယသတ္ထာ ပရိယေသိတဗ္ဗော)

ဟုတ်မှန်စွာ သိမြင်စေခြင်းငှာ ဆရာရှာအပ်၏လို့ ဘုရားရှင် မကြာခဏ ထပ်ခါထပ်ခါ အကြိမ်ပေါင်းများစွာ မိန့်မှာတော်မူခဲ့ပါတယ်။ ချစ်သား အာနန္ဒာ ဆရာစစ်ကိုတွေ့ရင် ရဟန်းကိစ္စ တဝက်မဟုတ်၊ ကိစ္စလုံးလုံးပြီးတယ်လို့ ဘုရားရှင် မိန့်တော်မူခဲ့တာကို ထောက်ရှုပြီး၊ ယောဂီ-တရားရဖို့ ယနေ့ပဲ တရားမိတ်ဆွေစစ်၊ ဆရာစစ်၊ ဆရာမှန်ကို တွေ့အောင် ရှာရပါမယ်။

ဓမ္မံ ကထေတိ ဓမ္မကထိကော။

ယော၊ အကြင်ပုဂ္ဂိုလ်သည်၊ ဓမ္မံ၊ ဝါသူမဟုတ် နာမ်ရုပ်သာဟုတ်၏ဟု ကိုယ်ပိုင်သိနိုင်သော အနတ္တဉာဏ်ကို(၀၊)သက္ကာယဒိဋ္ဌိကင်းကွာသော သစ္စာဉာဏ်ကို၊ တနည်း၊ ဝိပဿနာကမ္မဋ္ဌာန်းခေါ် ထူးမြတ်သော တရားတော်ကို၊ ကထေတိ၊ နားလည်သဘောပေါက်အောင် ဟောတတ်၏။ ဣတိတသ္မာ၊ထို့ကြောင့် ဓမ္မကထိကော၊ ဓမ္မကထိကမည်၏။

ယောဘိက္ခု ရာဂကွယာယ ဓမ္မံ ဒေသေတိ၊
ဒေါသကွယာယ ဓမ္မံ ဒ္ဒေသေတိ၊ မောဟကွ
ယာယ ဓမ္မံ ဒေသေတိ၊ အယံ ဝုစ္စတိ ဘိက္ခု၊
ဓမ္မကထိကော ဝတ။

ဘိက္ခု၊ ရဟန်း၊ ယော၊ အကြင်သူသည်၊ ရာဂကွယာယ၊ ရာဂ ကုန်ရာကုန်ကြောင်းဖြစ်သော၊ ဓမ္မံ၊ အနတ္တသဘောတရား အစစ်ကို၊ ဒေသေတိ၊ ရှင်းလင်းပြတ်သားစွာ ဟောပြော၏။ ဒေါသကွယာယ၊ ဒေါသ ကုန်ရာကုန်ကြောင်း၊ ဓမ္မံ၊ အနတ္တသဘောတရား အစစ်ကို၊ ဒေသေတိ၊ ရှင်းလင်းပြတ်သားစွာ ဟော

ပြောပြီ။ မောဟကွယ်ယာယ၊ မောဟ ကုန်ရာကုန်ကြောင်း၊ ဓမ္မ၊ အနတ္တသဘောတရားအစစ်ကို၊ ဒေသေတိ၊ ရှင်းလင်းပြတ်သားစွာ ဟောပြောပြီ။ ဘိက္ခု၊ ရဟန်း၊ အယံပုဂ္ဂလော၊ ဤသို့ ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ဟောပြောသောပုဂ္ဂိုလ်အား၊ ဓမ္မကထိကော၊ ဓမ္မကထိက (၀၊) တရားဟောပုဂ္ဂိုလ်ဟူ၍ ဝုစ္စတိ၊ ခေါ်အပ်၏။

ဓမ္မကထိက၊ ကမ္မဋ္ဌာန်းဆရာဆိုတာ မိမိကိုယ်တိုင် ရာဂ၊ ဒေါသ၊ မောဟ ကုန်ရာကုန်ကြောင်း ဝိပဿနာတရားကို ကျင့်စဉ် လမ်းမှန်အတိုင်း ကျင့်ကြံ ကြိုးကုတ် အားထုတ်ပြီးမြောက်မှသာ မိမိကိုယ်တိုင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ခဲ့တဲ့ မဂ္ဂင်အကျင့်၊ နည်းမှန် လမ်းမှန်ကို တခြားသူကို ညွှန်ကြားပြသ ဆုံးမနိုင်မယ်။ မိမိကိုယ်တိုင် ဝိပဿနာတရားကို ကျင့်လမ်းမှန်သို့ မရောက်သေး၊ မပြီးမြောက်သေးပါက ဘယ်မှာ တခြားသူကို ကျင့်လမ်းမှန်သို့ ညွှန်ကြားပြသနိုင်ပါ့မလဲ။

ဒါကြောင့် တရားမိတ်ဆွေစစ်၊ ဆရာစစ်၊ ဆရာမှန်ဆိုတာ ရှင်းရှင်းရေးရရင် မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်ပြီးသူ ဖြစ်ရပါမယ်၊ အရိယာဖြစ်ရပါမယ်။ တ့ရားရှာဆဲ၊ အားထုတ်ဆဲ ပုဂ္ဂိုလ်ယောဂီတွေဟာ ပုထုဇဉ်ဘဝက မကျွတ်လွတ်ကြသေးလို့ (အရိယာနုံအဒဿဝီ) မဂ်ဖိုလ်နိဗ္ဗာန် ရပြီးသူ အရိယာကို ပုထုဇဉ်က မသိမမြင်နိုင်လို့ ပါဠိဋ္ဌိရှိပြန်တော့ တရားမိတ်ဆွေစစ်၊ ဆရာစစ်၊ ဆရာမှန်၊ မှန်မမှန်၊ စစ်မစစ်ကို ရွေးချယ်ဖို့ ဖြစ်နိုင်ပါ့မလားလို့ စောဒကတက်ဖို့ ရှိတယ်။ တရားမိတ်ဆွေစစ်၊ ဆရာစစ် ဟုတ်မဟုတ် ရွေးချယ်နိုင်ဖို့ ကမ္မဋ္ဌာန်းဆရာ ဓမ္မကထိကဆိုတဲ့သူ၊ ဟောပြောဆုံးမတဲ့ တရားဟာ ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့

တရား ဟုတ်မဟုတ်၊သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်မှာ မဟာ-ပဒေသ တရားလေးပါးအရ တိုက်ကြည့်ဖို့ပါရှိပါတယ်။

မဟာပဒေသတရားလေးပါး

(၁) ငါသည် သက်တော်ထင်ရှား ရှင်တော်မြတ်ဘုရား၏ ရှေ့မျက်မှောက်တော်မှ ကိုယ်တိုင်သင်ကြား နာယူခဲ့၏။

(၂) ငါသည် ပါမောက္ခ သံဃာတော်များထံမှ ကိုယ်တိုင်သင်ကြား နာယူခဲ့၏။

(၃) ငါသည် ပါမောက္ခ မထေရ်ကြီးများထံမှ ကိုယ်တိုင်သင်ကြား နာယူခဲ့၏။

(၄) ငါသည် ပါမောက္ခ မထေရ်တပါးထံမှ ကိုယ်တိုင်သင်ကြား နာယူခဲ့၏။

ဤကား သုတ်၊ ဝိနည်း၊ ဘုရားအဆုံးအမတော်တည်းဟု ပြောဆိုအံ့။ သူ၏ တရားစကားကို ရှေးဦးစွာ နှစ်သက်ခြင်း၊ ပစ်ပယ်ခြင်း မပြုသေးပဲ ပိဋကတ်တော်နှင့် ညီညွတ်မှု နှစ်သက်လက်ခံ၍ မညီညွတ်မှု ပစ်ပယ်ရာ၏။

အဲဒီ မဟာပဒေသ တရားလေးပါးအရ တိုက်ကြည့်ဖို့ဟာ စာပေကျမ်းဂန် နှုံ့စပ်ဖို့၊ ပိဋကတ်တတ်ဖို့ လိုပါတယ်။ စာတတ်၊ ကျမ်းဂန်တတ်၊ ပိဋကတ်တတ်ပဲဖြစ်ဖြစ် ကိုယ်တိုင် ပရမတ္ထသဘာဝကို မပိုင်၊ ပုထုဇဉ်ဘဝက မကျွတ်လွတ်သေးပါက ကျမ်းဂန်

ပရိယတ္တိ၊ ပိဋကတ်တော်များမှာ ဘုရားရှင်ရဲ့ ဥာဏ်တော်ဗုဒ္ဓပရိ ယာယ် ကျယ်ဝန်းများပြားလှန်းလို့ ဓမ္မကထိက၊ ကမ္မဋ္ဌာန်းဆရာ ဆိုသူ ဟောပြောတဲ့တရားဟာ တရားစစ် တရားမှန်၊ ကျင့်စဉ်မှန် ဟုတ်မဟုတ်၊ ဒီဓမ္မကထိက ကမ္မဋ္ဌာန်းဆရာဟာ ဆရာစစ် ဆရာမှန် ဟုတ်မဟုတ် ဝိုးတဝါးထွေးပြီး ယတိပြတ် မဆုံးဖြတ်နိုင်ကြပါ။ စာပေကျမ်းဂန် မတတ်သူများအဖို့မှာ မဟာပဒေသတရားလေး ပါးအရ တိုက်ကြည့်ဖို့၊ သာလွယ်ပဲခဲ့ခင့်မသာ့ပါ'။ မဖြစ်နိုင်ပါ။

ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ တရားမြတ်ဟာ အကျယ် အာဝေးဖြင့် ဓမ္မကွန္ဒာပေါင်း ရှစ်သောင်းလေးထောင်၊ အလတ် အာဝေးဖြင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ အကျဉ်းအာဝေးဖြင့် ခန္ဓာ ငါးပါး၊ ရူပ်နာမ်တရား နှစ်ပါးသာ ဖြစ်ပါတယ်။ ဒီခန္ဓာရဲ့ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောသာ ဖြစ်ပါတယ်။ ဖရိုဖရဲ ဖောက်ပြန်ပြိုကွဲဘတ်တဲ့ အနိစ္စသဘော ဒီခန္ဓာ၊ သုခဟူ သည် မြူမျှမရှိတဲ့ ဒုက္ခသဘော ဒီခန္ဓာ၊ ပိုင်ဆိုင်သူ ပုဂ္ဂိုလ်သတ္တဝါ အသက်လပ်ပြီး၊အနှစ်သာရ လုံးဝမရှိတဲ့ အနတ္တသဘောဒီခန္ဓာ။ ဒီခန္ဓာရဲ့ ခြင်းရာကြောင်းကျိုးသာ ဖြစ်ပါတယ်။ ပရိယာယ်မပါ။ ဗလာပြောင်ရှင်း မိမိခန္ဓာရဲ့အကြောင်း မိမိသာအသိဆုံးဖြစ်လို့ ဓမ္မကထိက၊ ကမ္မဋ္ဌာန်းဆရာ ဆိုဆုံးမညွှန်ပြတဲ့ တရားဟာ တရား စစ်မစစ်၊ ကျင့်လမ်း မှန်မမှန်၊ဟုတ်မဟုတ်၊မိမိခန္ဓာမှတ်ကျောက်နဲ့ (ဆရာ့အလို မိမိအလို ဘယ်ဘက်ကိုမှ ဘက်မလိုက်ပဲ)မထောက် မညှာ မကွယ်မဝှက် စိတ်နှလုံး ဖြူစင်ဖြောင့်စင်း ရိုသေးစွာ တိုက်ကြည့်ရပါမယ်။

ဆရာတဦးဟာ သမုတိသစ္စာ၊ ပညာတ်အလို (လောကီအလို) အရနဲ့၊ ပရမတ္ထသစ္စာ (ပရမတ်အလို)အရ၊ ဒီခန္ဓာ သဘာဝ

သစ္စာတရား နှစ်ပါးနဲ့ ဖိလာဆန့်ကျင်ပြီး ဟောကြားပါက ဘုရားဟောတရား မစင်၊ ကျင့်လမ်းမှန်မဟုတ်ဘူး၊ ဆရာဝင် ဆရာမှန်မဟုတ်၊ ဆရာပေါင်းမှားရင် တသံသရာလုံး မောက်ရမယ်။ (အသေဝနာစ ဗာလာနံ) မဂ်ဖိုလ်နိဗ္ဗာန်အလို့ငှာ မမှီဝဲ မဆည်းကပ်အပ်တဲ့ သူမိုက်သာဖြစ်လို့ မမှီဝဲ မဆည်းကပ်လေနဲ့။

ဆရာတဦးကတော့ သမုတိသစ္စာ၊ ပညတ်အလို(လောကီအလို) အရနဲ့ ပရမတ္ထသစ္စာ (ပရမတ်အလို)အရ၊ ဒီခန္ဓာသဘာဝ သစ္စာတရားနှင်ပါးနဲ့ ဖိလာဆန့်ကျင်ခြင်းမရှိ။ တထပ်တည်း ဥာဏ်ကျအောင် ပေါ်ပြောရင်၊ ဘုရားဟောတရားစစ် ကျင့်လမ်းမှန်ဖြစ်လို့ ဆရာစစ် ဆရာမှန်ဖြစ်တယ်။ မဂ်ဖိုလ်နိဗ္ဗာန်ကို ရက်တိုတိုနဲ့ရောက်မယ်။ (ပဏ္ဍိတာနဉ္စ သေဝနာ) မှီဝဲအပ် ဆည်းကပ်အပ်တဲ့ ပညာရှိ အရိယာ သူတော်ကောင်းသာဖြစ်လို့ မှီဝဲဆည်းကပ်ပါလေ။

နိဂုံး

ယောဂီဟာ အထက်ကွင် ပြဆိုခဲ့တဲ့ အခြေခံပရာဇ အချက်ကြီး ငါးချက်နဲ့ ပြည့်စုံရင် ယောဂီယောင် ယောဂီတူ မဟုတ်။ ယောဂီစစ် ယောဂီမှန်ဖြစ်လို့ ဆရာဟု ဆရာယောင်နဲ့ လွဲရမယ် မုချမှတ်။ ဆရာစစ်ဆရာမှန်နဲ့တွေ့ဖို့ မဝေးတော့ပြီ။ ဆရာစစ် ဆရာမှန်နဲ့ တွေ့ပြီဆိုရင်လဲ မဂ်ဖိုလ်နိဗ္ဗာန် ပြီးပြည့်စုံပြီး တရားရှာမှုဒုက္ခ၊ ဆရာရှာမှုဒုက္ခက လွတ်ငြိမ်းလေတော့မယ် မုချဖြစ်လို့ သာဓုခေါ်ထိုက်ပြီဖြစ်တယ်၊ ယောဂီ။

ယောဂီသတိ

တရားစစ်မရရင် (ကံ၊ သခ်ါရ)က အဆင်းကောင်း၊ အသံကောင်း၊အနံ့ကောင်း၊ အရသာကောင်း၊ အတွေ့ကောင်းတွေနဲ့ မြူဆွယ်ပြီး အပါယ်လေးဘုံကို ဒဲ့တိုး ပစ်ချနေမှာပဲလို့ တွေးကြောက်ပါ။ ဒီဌိမပြုတ်သမျှ ဘာကုသိုလ် လုပ်လုပ်၊ လူပြည်၊ နတ်ရွာ၊ ब्रह्मဘုံကို ကုသိုလ်ကံအရှိန်နဲ့ တက်သွားရပေမယ့် အပယ်လေးပါးတံခါး ဟင်းလင်းပွင့်နေတယ်ဆိုတာ ကြောက်ခဲလန့်ခဲတယ် မပေါ့နဲ့။

တရားစစ်ရရင် (ကံ၊သခ်ါရ)က အပါယ်လေးဘုံကို ပစ်ချဖို့ကိုမဆိုထားနဲ့၊ အပါယ်လေးဘုံကို ခြေလှမ်းမှားလာရင် ငရဲမီးအေးသွားမှာ စိုးရိမ်လို့ တရားစစ်ရသူကို တောင်းပန်တိုးလျှိုးနေရတာရယ်၊ နတ်ဘုံ၊ ब्रह्मဘုံတွေကိုတော့ အဆောင်ဆောင် အခန်းခန်း၊ စုလစ်မှန်ခွန်တွေနဲ့ နေချင်စဖွယ် ဆောက်လုပ်ဖန်ဆင်းပြီး ပျော်သလောက် စံစားသွားဖို့ တရားစစ်ရသူကို အမျိုးမျိုး တောင်းပန်တိုးလျှိုးနေရတာတွေကို မြင်ယောင်စမ်းပါ။ အားကျစမ်းပါ ယောဂီ။

ဘုံ ၃၁-မှာ အပါယ်လေးဘုံကိုဖယ်၊ နတ်၊ ब्रह्मဘဝကို (ဒုလ္လဘ)ရခဲတယ်၊ မှန်မြတ်တယ်လို့ ဘုရားမဟောပါဘူး။ လူ့ဘဝကိုသာ(ဒုလ္လဘ)အလွန်အလွန် မှန်မြတ်ရခဲတယ်လို့ ဘုရားရှင်ဟောကြားတော်မူခဲ့တာ အထင်အရှား။ ဒါပေမယ့် ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ (ဒုက္ခသစ္စာ)ကို စာသိ၊ မှတ်သိမဟုတ်ပဲ ကိုယ်ပိုင်သိ၊ တကယ်သိဖြစ်ရင် နတ်ब्रह्मဘဝကို မဆိုထားနဲ့ မှန်မြတ်ရခဲတဲ့ လူ့ဘဝ ပြန်ဖြစ်ချင်ဦးမှာလား၊ စဉ်းစား။

ဒီခန္ဓာ(ရုပ်)အကောင်ပုပ်ကြီးဟာ အစ၊အလယ်၊အဆုံး ဘယ်လိုပဲ ဆေးဆေး မစင်ဘူး။ အမွေးတုံး၊ နုံ့သာတုံးထင်သလား၊ မထင်နဲ့ မစင်တုံး၊အပုပ်တုံးလို့သိ၊ ဘယ်လိုပဲ ပြုပြင်ပြုပြင် ချမ်းသာ ဟူသည် မြှုမျှမရှိတဲ့ ဒုက္ခတုံးကြီးပဲလို့မှတ်၊ ဆင်းရဲလို့ ထပ်ခါ ထပ်ခါ ပြုပြင်နေရတယ်ဆိုတာ ယောဂီ မငြင်းနိုင်ပါဘူး။

တရားမရသူတွေနဲ့ အတူနေလို့မဖြစ်ဘူး။ လူစောင်နုံတယ်ဆိုပြီး သစ်ပင်ချုံနွယ် ရှုပ်ထွေးလို့ သားရဲ ပိုးမွှား တိရစ္ဆာန် ဘေးအန္တရာယ် ပေါများလှတဲ့ (တော)ထဲကို ထွက်သွားရမှာလား၊ ဘေးအန္တရာယ် ၁၀ ချက်ရှိတဲ့ (အနိစ္စတော) ဘေးအန္တရာယ် ၂၅ ချက်ရှိတဲ့ (ဒုက္ခတော) ဘေးအန္တရာယ် ၅ ချက်ရှိတဲ့(အနတ္တတော) ဒီခန္ဓာဝင်္ဂဆိုးဖြစ်တဲ့ (ဓာတု ၄ ၀)။ တနည်းနှိုင်းဝရာမရှိအောင် ဘေးအန္တရာယ်ထူပြောတဲ့ ဒီ(ခန္ဓာတော)ကသာ ထွက်နိုင်အောင် ကြိုးစားရမှာလား ဝဉ်းစား။

သားသမီးအတွက်၊လင်အတွက်၊ မယားအတွက်၊ ကျောင်းအတွက်၊ ဒါယကာ ဒါယိကာမအတွက်၊ စားဝတ်နေရေး ပစ္စည်းလေးပါးအတွက် ပူရတာ၊ဝမ်းမြောက်ရတာ၊ လောက မှောဘာ၊ မကောင်းမှုလုပ်တာတွေ့ရင် သနားပါ၊ကိုယ်ချင်းစာပါ၊ကောင်းမှုလုပ်တာတွေ့ရင် သာဓုသာ ခေါ်၊ တဏှာလူယောင်ဆောင်နေတာ သတိထား၊ အကျိုးတရား (ဒုက္ခ) ဟာ အကြောင်းတရား (သမုဒယ)ကြောင့်လို့ ဘုရားရှင် ဟောကြားတော်မူခဲ့သားပဲ။

ကလေး မျက်နှာမြင်တယ်ကြားရင် ဝမ်းသာလိုက်စမ်းပါ၊ မစင်တုံး၊ အပုပ်တုံး၊ ဒုက္ခကုံးကလေးလို့ သိတာအသာထား၊ အို တာ၊ နာတာ၊ သေတာ တွေ့ပြန်တော့(ဓာတ်)သဘောပဲလို့ သိ။

ဘယ်အရပ်မှာ ဘယ်လိုသေရမယ် မသိပေမယ့် တနေ့သေမှာ အမှန်မှုချလို့ လူတိုင်းသိကြတယ်။ ဒါပေမယ့် ခုသေနေတာသိဖို့ အရေးကြီးတယ် ယောဂီ၊ပျက်ကြဲ ပျက်စီတော့ကိုသိရမယ်။ပျက်နေတာ မပြင်လို့ဆိုတာ သိပါ။ တဖန် ပြန်မဖြစ်တဲ့ သဘော(နိဗ္ဗာန်)ကို သိမှအေးမယ်လို့လဲ စိတ်နှလုံး ဒုံးဒုံးချသား။

တရားစစ်တရားမှန်ရရင် ဘုရားစစ်၊ သံဃာစစ်ကို ဖုံးတွေ့ရလို့ ဘရားရှာရကျိုး နပ်တာပဲလို့ ဝမ်းသာလို့ ဆုံးနိုင်အုံးမလား ယောဂီ။ ကွယ်လွန်ကုန်ပြီဖြစ်တဲ့ မိဘဆွေမျိုး၊ အချစ်ဆုံးမိတ်ဆွေ သင်္ဂဟတွေကို အထူးသတိရသည်နှင့်အမျှ ကျန်ရှိနေသူတွေ့အဘွဲ့ကိုနဲ့ စိတ်မောရမယ်၊ယောဂီ။

ရှင်မောဂ္ဂလာန် ငရဲမီးလိုက်တဲ့ သာကေကိုလဲ သတိထား၊ ရတနာသုံးပါး၊ဆရာသမား မိဘဂုဏ်ကိုမမေ့နဲ့။ တော်ပြီ။ သာဓု ခေါ်ကြပေတော့။

ပထဝျာကေရင္ေနာ၊ သဂ္ဂဿဂမေနာ၀ါ။ သဗ္ဗေလာ
ကာဓိ ပစ္ေစာ၊ ေသာတာပတ္တိ ဖလံ ၀ရံ။ ။

ပထဝျာ၊ ေမြအျပင္၌၊ ကေရင္ေနာ၊ ကေရာဇ်မင်းၾကီး
၏ စည်းစိမ်ထက်ၾကီး၊ သဂ္ဂဿဂမေနာ၀ါ။ နတ်ျပည်
ျပဟ္မာျပည်သို့ လားရသည်ထက်ၾကီး၊ သဗ္ဗေလာကာဓိ
ပစ္ေစာ၊ အလုံးစုံေသာ ေလာကေတာ်စ၊ကၾာ၀ဠာ၊ကမ္ဘာ
အနန္တ ရိုရိုသမျှေတြကို ပိုင်နိုင် အစိုးရခြင်းထက်ၾကီး၊
ေသာတာပတ္တိ ဖလံ ေသာတာပတ္တိ မဂ်အကျိုးသည်၊
၀ရံ၊ ျမတ်လွန်စွာ၏။

(ဓမ္မပဒ ပါဠိေတာ်)

ရဟန်းပုဂ္ဂိုလ်၊ လူထိုထို၊ စာကို ကျင့်သုံး၏။
စာကားမှန်၏ ဥာဏ်မမီ၊ ထိအောင်သူမသိ။
ယထာဘူတာ၊ကျဘ့ိုရာ၊ဆရာရှာလေဘိ။
တိမ်လျက်နက်တယ်၊ ကျဉ်းလျက်ကျယ်၊
တကယ်ကျမ်းမှာရှိ။
လွယ်လျက်ခက်တယ်၊ သိနိုင်ဘွယ်တကဲယ်ဆရာရှိ။

ဩကာသ-ရသ

သိမ့-သိမသိကို-သိသည်။
မသိက-သိမသိကို-မသိ။

၀ပ္ပ။

"စကားချီး"

(နမောတဿ ပဏာမ၏ အတ္ထအဓိပ္ပါယ်ကို ကုန်စင်အောင် သိစွမ်းနိုင်၏ ထိုသူကို ဘုရားသဗ္ဗညုသာ ဧကန္တမှတ်)ကျေးဇူးရှင် စတုဂိုရိ တောင်လေးလုံးဆရာတော်ဘုရားကြီးသည် နမောတဿ ဂမ္ဘီရရှုဘွယ်ဌ ဤကဲ့သို့ ရေးသားတော်မူခဲ့လေသည်။

ကျေးဇူးရှင် စတုဂိုရိ တောင်လေးလုံးဆရာတော်ဘုရားကြီး၊ မာန်လည်ဆရာတော်ဘုရားကြီး၊ လယ်တီဆရာတော်ဘုရားကြီး၊ ဒီပဲရင်းဆရာတော်ဘုရားကြီးနှင့် ကြောင်ပန်း ဆရာတော်ဘုရားကြီး အစရှိသော ကျေးဇူးရှင်ဘုရားသားတော်ကြီးများ၏ ကျေးဇူးတော်ကြောင့် ဓမ္မသဘာဝများကို ဟေးတတ် ကြံတတ်သည့် အလေ့စဉ်ကပ်ခဲ့သည့်အချိန်မှစ၍၊ ဘုရားရှင်၏ ဥာဏ်တော် ကျယ်ဝန်း နက်နဲပုံများကို ဖူးမျှော်၍ မဝ၊ရှိခိုး၍မကုန် ဖြစ်ရပေသည်။

သြကာသဘုရားရှိခိုး၏ အနှစ်သာရကို ဟေးမိ ကြံမိသည်မှာ ကာလအတော်ကြာခဲ့ပေပြီ။သြကာသဘုရားရှိခိုးသည် မဂ်ပေါက် ဖိုလ်ဝင် ဖြစ်စေ၍ - တိုတိုနှင့် လိုရင်းရည်ရွယ်ချက် ပြည့်စုံပေသည်။ဘတ်ရှုကျက်မှတ်၊ရွတ်အံရာတွင်လည်း လွယ်ကူ၍ သာယာနာပျော်ဘွယ်ဖြစ်စေရန် ရေးစပ်ထားသော နိဗ္ဗာန်လမ်းညွှန် ဆောင်ပုဒ်လက်စွဲဖြစ်သည်ကို တွေ့ရှိရပေသည်။

(သြကာသ-ရသ)အမည်ရှိသော ဤစာစောင်ငယ်ကိုရေးသားတင်ပြခြင်းသည် ဘုရားရှင်နှင့်တကွ၊ ကျေးဇူးရှင်ကြီးများအား ကျေးဇူးဆပ်ခြင်း(၀ါ)မမ္မပူဇာတရားနှင့် ပူဇော်ခြင်း၊ တနည်း-စာရှုသူတို့အား အမျှပေးဝေခြင်းပင် ဖြစ်ပါသတည်း။

၁၀-၉-၆၇ အေးကြည်(စာတိုက်)

သြကာသဘုရားရှိခိုး

သြကာသ·သြကာသ-သြကာသ၊
ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ၊ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ-ဒုတိယ-တတိယ-တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင်၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်စုံမိုးရှိ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကံတော့ပါ၏ အရှင်ဘုရား။

ကံတော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊အရပ်ဖြစ်ရှစ်ပါး၊ရန်သူမျိုးငါးပါး၊ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား၊

(မြန်မာပြန်)

သြကာသ = ခွင့်ပန်ခြင်း။
ကာယကံသုံးပါး = ကိုယ်ဖြင့်ပြုသောမကောင်းမှု-၃-ပါး။
(၁)ပါဏာတိပါတ = အသက်သတ်ခြင်း။
(၂)အဒိန္နာဒါန = သူတပါးဥစ္စာကိုခိုးယူခြင်း။
(၃)ကာမေသုမိစ္ဆာစာရ = အုပ်ထိန်းမှု ရှိသော သူတပါး သားသမီးကို ပြစ်မှား ကျူးလွန်ခြင်း။

ဝဇီကံလေးပါး = နှုတ်ဖြင့်ပြုသော မကောင်းမှုလေးပါး။
(၁)မုသာဝါဒ = မဟုတ်မမှန်ပြောဆိုခြင်း။
(၂)ပိသုဏာဝါစာ = ကုန်းတိုက်စကား ပြောဆို ခြင်း။
(၃)ဖရုသဝါစာ = ရုန့်ရင်း ကြမ်းတမ်းစွာ ပြောဆိုခြင်း။
(၄)သမ္ဖပ္ပလာပ = ကောင်းမှုမပါသောစကား ဖျင်း စကားပေါ့ ပြော ဆိုခြင်း။
မနောကံသုံးပါး = စိတ်ဖြင့်ပြုသော မကောင်းမှု-၃-ပါး။
(၁)အဘိဇ္ဈာ = တပါးသူ၏ စည်းစိမ် ဥစ္စာကို မိမိပိုင်ဖြစ်ရန် ကြံစည်ခြင်း။
(၂)ဗျာပါဒ = တပါးသူ ပျက်စီးရာ ပျက်စီး ကြောင်း ကြံစည်ခြင်း။
(၃)မိစ္ဆာဒိဋ္ဌိ = မှားယွင်း ဖောက်ပြန် သော အယူရှိခြင်း။
သဗ္ဗဒေါသ = ကိုယ်၊ နှုတ်၊ စိတ်ဖြင့် ပြုသော မကောင်းမှု အားလုံး။
ရတနာသုံးပါး = မြတ်နိုး-နှစ်လို-အားကိုးရာ-၃-ပါး။
(၁)ဘုရားရတနာ = သစ္စာ-၄-ပါး တရားမြတ် ကို ထိုးထွင်းသိမြင် ဟော ကြားနိုင်သော မြတ်နိုး၊ နှစ်လို၊ အားကိုးရာ ဖြစ် သည့် မြတ်စွာဘုရား။

(၂)တရားရတနာ = မြတ်နိုး၊နှစ်လို၊အားကိုးရာ ဖြစ်သော မဂ်-၄-ပါး၊ဖိုလ်-၄-ပါး၊ နိဗ္ဗာန်တရား။

(၃)သံဃာရတနာ = မြတ်နိုး၊ နှစ်လို၊ အားကိုးရာဖြစ်သော၊ ရှစ်ယောက်သော အရိယာ သံဃာတော်။

အပါယ်လေးပါး = ချမ်းသာခြင်း ကင်းရှင် ဆင်းရဲအတိသာ ရှိခြင်း-၄-ပါး။

(၁)ငရဲ = အမြဲဆင်းရဲပူပန်ခြင်း။

(၂)တိရစ္ဆာန် = စားမှု-အိပ်မှုနှင့်ဒုဿယခြောက်ပေါက်မှ ကာမဂုဏ် ခံစားမှုသာ သိခြင်း။ မဂ်-ဖိုလ်-နိဗ္ဗာန်နှင့် ဖိလာကန့်လန့် ဖြစ်ခြင်း။

(၄)ပြိတ္တာ = အလိုကြီးရှိ အမြဲ လောဘမီးလောင်နေခြင်း။

(၄)အသုရကာယ် = ဆင်းရဲ တခါ ချမ်းသာခဏသာ ရှိခြင်း။

ကပ်သုံးပါး = ပျက်စီးရန်အကြောင်း-၃-ပါး။

(၁)ဒုဗ္ဘိက္ခန္တရကပ် = ငတ်မွတ်ခေါင်းပါးခြင်း။

(၂)သတ္တန္တရကပ် = လက်နက်ဘေး ကြုံရခြင်း။

(၃)ရောဂန္တရကပ် = အနာရောဂါ ဖိစီးခြင်း။

အရပ်ဖြစ်ရှစ်ပါး = အဌကွာဏ = နဝမခဏနှင့် ဆန့်ကျင်ဘက်၊ မဂ်-ဖိုလ်၊နိဗ္ဗာန် နှင့် လွဲရခြင်း ဂ-ပါး။

(၁)သာသနာပအခါလွှဘဝဖြစ်ရခြင်း။

(၂)သာသနာတွင်း ကြုံသော်လည်း ငရဲဘဝ ဖြစ်ရခြင်း။

(၃)သာသနာတွင်းကြုံသော်လည်း ပြိတ္တာဘဝ ဖြစ်ရခြင်း။

(၄)သာသနာတွင်း ကြုံသော်လည်း တိရစ္ဆာန်ဘဝ ဖြစ်ရခြင်း။

(၅)သာသနာတွင်းကြုံသော်လည်း (ရူပ်ဌာအယူလွန်ခြင်း၊ နာမ်ဌာအယူလွန်ခြင်း)ရူပ၊အရူပဘဝ ဖြစ်ရခြင်း။

(၆)သာသနာတွင်း ကြုံသော်လည်း မှားယွင်းသော အယူရှိခြင်း။

(၇)သာသနာတွင်း ကြုံသော်လည်း ပစ္စုန္တရစ်အရပ်ဌ ဖြစ်ခြင်း၊ တရားစစ် တရားမှန်နှင့် ဝေးရခြင်း။

(၈)သာသနာတွင်း ကြုံ သော် လည်း တရားအသိဉာဏ် ကင်းမဲ့၍ ထူ-ထိုင်း-အ-နှ သူ ဖြစ်ခြင်း။

ရန်သူမျိုးငါးပါး = အသက် စည်းစိမ် ဥစ္စာမျှားကို ဖျက်ဆီးတတ်သော-၅-ပါး။

ရေ-မီး-မင်း-ခိုးသူ-မချစ်မနှစ်သက်သောသူ။

ဝိပတ္တိတရားလေးပါး = ပျက်စီးခြင်း-၄-ပါး။

(၁)ကာလဝိပတ္တိ = ခေတ်ဆိုး ခေတ်ညံ့ ဖြစ်ခြင်း။

(၂)ဂတိဝိပတ္တိ = ဘဝဆိုး ဘဝညံ့ဖြစ်ခြင်း။

(၃)ဥပဓိဝိပတ္တိ = မျက်စေ့၊နှား၊နှာ၊ကိုယ်လက်အင်္ဂါချို့တဲ့ခြင်း။

(၄)ပယောဂဝိပတ္တိ = လောကီကုသိုလ်- လောကုတ္တရာကုသိုလ်အလို့ငှာ အားမထုတ်ခြင်း။

ဗျသနတရားငါးပါး = ကောင်းကျိုး ပျက်စီးခြင်း-၅-ပါး။

(၁)ဉာတိဗျသန = ဆွေမျိုးပျက်စီးခြင်း။

(၂)ဘောဂဗျသန = ပစ္စည်းဥစ္စာပျက်စီးခြင်း။

(၃)ရောဂဗျသန = ကျန်းမာရေးချို့တဲ့ခြင်း။

(၄)ဒိဋ္ဌိဗျသန = အယူလွဲမှားခြင်း။

(၅)သီလဗျသန = ကိုယ်၊ နှုတ်၊ နှလုံး ထိန်းကျောင်းမှု ပျက်စီးခြင်း။

(သြကာသနှင့်ရှိခိုး)

ယောဂီ-သြကာသ ဘုရားရှိခိုးလက်ဟာ ပုဂံခေတ် အနော်ရထာမင်းစောလက်ထက်က စတင်ပေါ်ပေါက်ခဲ့တယ်လို့ ပညာရှိတို့ ယူဆခဲ့ကြတယ်၊ စပ်ဆိုသူ့ရဲ့ အမည်နာမကိုတော့ မသိကြရဘူး။

ဘုရားရှိခိုး အမျိုးမျိုးရှိပေမယ့်၊ သြကာသဘုရားရှိခိုးဟာ မူလတန်းခလေးငယ်ကစပြီး၊ ဗမာတပြည်လုံး ဗုဒ္ဓဘာသာ ဝင်တိုင်းအလွတ်ကျက်မှတ် ရွတ်ဆိုနေကြတာ နေ့ညမစဲပဲ။

လက်စုံမိုးပြီး ဦးသုံးကြိမ်ချတာကို ဘုရားရှိခိုးတယ်လို့ ယူဆပြောဆိုကြတယ်၊ သြကာသရဲ့ အနက်အဓိပ္ပါယ်ကိုတော့ ခွင့်ပန်ခြင်းလို့ သာမန်ဖွင့်ဆိုကြတယ်-ယောဂီ။

သြကာသဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ဟာ အောက်သံသရာဆိုတဲ့ အပါယ် ၄-ဘုံ၊ အလယ်သံသရာဆိုတဲ့ ကာမသုဂတိ ၇-ဘုံ၊ အထက်သံသရာဆိုတဲ့ ဗြဟ္မာ ၂၀။ အိုနာသေဘေး၊ မီးဝ၁-ပါးက မလွတ်ကင်းတဲ့ ဘုံဒုဝ-ဝဋ္ဋဒုက္ခဘေးဆိုးကြီးက လွတ်မြောက်ဖို့၊ တနည်း၊ မဂ်ဥာဏ် ဖိုလ်ဥာဏ် နိဗ္ဗာန်ရရောက်ဖို့၊ မိုခိုအာဃးထားရာလည်း လျှောင်းရာဖြစ်ဖို့၊ ပန်ကြားခြင်းလို့ ဆိုမှ တိုတိုနဲ့၊ လိုရင်း အဓိပ္ပါယ်ပြည့်စုံမယ်။

ဝေနေယျအား မြင်လုံးထွားအောင် ဝိပဿနာတရား ဟောကြားနိုင်သော စောထွဋ္ဌရတနာ၊ မြတ်ဗုဒ္ဓါကို သဒ္ဓါညွှတ်ကျိုးလက်စုံမိုးရှိ (ရှိလျှင်ခိုး)သည်လို့(ဝိပဿနာလက်စွဲ)မှာ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော် မူခဲ့ပါတယ်။ ဒီစာပိုဒ်ကိုထောက်ရင်၊ မဂ်၊ဖိုလ်၊နိဗ္ဗာန်ရရာရကြောင်းဝိပဿနာတရားမှန်ကို ကိုယ်တော်တိုင် ထိုးသွင်း သိမြင်တော်မူပြီး ဟောကြားနိုင်မှ၊ ဘုရားဗုဒ္ဓဖြစ်တယ်၊ ဘုရားဗုဒ္ဓမှသာလျှင် ဝိပဿနာတရားမှန်ကို ဟောကြားတော်မူနိုင်တယ်၊ ဝိပဿနာတရားမှန်ကို ဟောကြားတော်မူနိုင်တဲ့ သဗ္ဗညုတညာဏ်၊ အရဟတ္တ မဂ်ဥာဏ် အရှိမှ အဖျင်းဆုံး အနိမ့်ဆုံး အားဖြင့် သောတာပတ္တိ မဂ်ကို ရရောက်ဖို့ မိုးယူအတုခိုးယူတာကို (ရှိ-ခိုး)တယ်လို့ ဆိုရတယ်၊

လက်စုံမိုးပြီး ဦးချတာကတော့ ရိုသေမြတ်နိုးမှုရဲ့ အမူအရာ မျှသာဖြစ်တယ်၊ ယောဂီ။

သြကာသနဲ့ရှိခိုးခြင်းရဲ့ လိုရင်းအဓိပ္ပါယ်ကို ရှင်းလင်းသဘော ပေါက်လောက်ပြီ။

(သာသနာပတရား နှင့် သာသနာထွင်းတရား)

သြကာသဘုရားရှိခိုးလက်ဝမှာ ၂-ပိုဒ်ရှိတယ်-ယောဂီ။ ပထမ အပိုဒ်မှာ သံသရာအဆက်ဆက်က၊ ကာယကံ ကိုယ်အမှု၊ ဝစီကံ နှုတ်အမှု၊ မနောကံစိတ်အမှုနဲ့ ပြုမှားခဲ့တဲ့ မကောင်းမှုအကုသိုလ်ကံ အားလုံး ပျောက်ကင်းစေဖို့ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာ မြတ်သုံးပါး တို့ကို ရှိခိုးပါ၏လို့ ပါရှိ ပါတယ်။

မိမိပြုခဲ့တဲ့ မုန်ညင်းစေ့မျှရှိတဲ့ အကုသိုလ်မကောင်းမှု ကိုပင်၊ မြင့်မိုရ်တောင်မျှ ရှိတဲ့ လောကီသခ်ါရ ကုသိုလ်၊ ဘုံ-၃၁- က မလွန်မြောက်နိုင်တဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ် ကောင်းမှုတွေနဲ့ ချေဖျက်လို့မရ! ဝိပဿနာဉာဏ်၊ ယထာဘူတ ဉာဏ်၊ အနတ္တဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရမှ သံသရာ အဆက် ဆက်က ပြုမှားခဲ့တဲ့ အကုသိုလ်ကံဟောင်း အနန္တဟာ အလုံးစုံ ကြေပျက်ကုန်ဆုံးတယ်လို့ ဘုရားရှင် ဟောကြားတော်မူခဲ့ပါ တယ်။

ကုသိုလ်ကံ၊ အကုသိုလ် ကံတရားဟာ လှည့်ပတ်လို့ မရ။ လာဘ်ထိုးလို့မရ၊ ဝန်ချတောင်းပန်လို့မရ၊ အယူခံမရှိဘူးယောဂီ၊ မိမိပြုကျင့်တဲ့ ကောင်းမှု ကုသိုလ်ကံရဲ့ ကောင်းကျိုးကို ခံစားရ

တာက၊ တကယ္လာ၊ မကောင်းမှုအကုသိုလ်ကံရဲ့ဆိုးကျိုးကို ခံစားရတာက၊ တကယ္လာ၊ သ္ဌကယ္လာနဲ့သူခံစံကြရတယ်။ အဲဒီလိုယုံကြည်ရင် ကမ္မသကတာ သမ္မာဒိဋ္ဌိ (၀၊)ဘုံ-၃၁-က မလွန်မြောက်နိုင်တဲ့၊ တနည်း အပါယ် ၄-ပါးက မလွတ်ကင်းနိုင်တဲ့ လောကီယသမ္မာဒိဋ္ဌိ၊ သုတသဒ္ဓါ၊ သုတ သရဏဂုံနဲ့ ပြည့်စုံတဲ့ သူလို့ခေါ်တယ်ယောဂိ။

ဒါပေမယ့် ကမ္မသကတာ သမ္မာဒိဋ္ဌိ၊ ကံ ကံ၏အကျိုးကို ယုံကြည်သည်ဆိုပြီး ဘုရားကို တော်လှန်တရားကို အချိုးနှိုး လှည့်စားပြီး မိမိပြုခဲ့တဲ့ အကုသိုလ်ကံရဲ့ မကောင်းမှု အကျိုးတရားတွေ လျော့ပါး ပျောက်ပျက်စေဖို့ ဒါန အလှူပေးကြ၊ သီလ ဥပုသ်သီတင်း စောင့်ထိန်းကြ၊ သမထ စိတ်မပြန့်လွင့်အောင် ထိန်းချုပ်ပွားများကြနဲ့ အားကိုးလောက်ပြီ ထင်မှားပြီး အားကိုးတကြီး ပြုကျင့်သူတွေကလဲ ပြုကျင့်နေကြတယ်။ ရေနစ်သူဟာ ကောက်ရိုး မြက်ခြောက်ကိုပင် သေးရှုးသေးတန်းနဲ့ အားကိုးတကြီး ဖမ်းဆဲ့သလို ဘုရားမပွင့်တဲ့ သာသနာပအခါမှာမှ အရေးတကြီး အားကိုး အားထား ပြုကျင့်ကြရတဲ့ဝဋ်ဥက မလွတ်တဲ့ ဒါနမှု၊ သီလမှု၊ သမထမှုတို့နဲ့သာ အချိန်ကုန်ကြရရှာတယ်။ သာသနာတွင်း လူဖြစ်ရပေမယ့် လူဖြစ်ကျိုး မနပ်ဘူး၊ သာသနာတွင်းသားလို့ မခေါ်လောက်ဘူး၊ အားမကိုးရတဲ့ ဒန့်ကျပင်ကို ပုခက်ဆင်သူများ၊ ကာလဝိပတ္တိ၊ ခေတ်ဆိုး၊ ခေတ်ညံ့သားများ သာသနာတွင်း ကြုံသော်လဲ မှားယွင်းတဲ့ သက္ကာယဒိဋ္ဌိ အယူရှိသူများလို့ ဒီလူတွေကိုမှ မခေါ်ရင် ဘယ်လိုလူကိုခေါ်မလဲ စဉ်းစားယောဂိ။

ကိုယ့်ကိုယ်ကို၊ကိုယ်ဆုတ်ကပ်သားလား၊ တက်ကပ်သားလား၊ ပစ္စုန္ဓရစ်သားလား၊ မြို့ကြီးသားလား၊ သာသနာတွင်းသားလား၊

သာသနာပသားလား စဉ်းစား။ သာသနာဆိုတာ ဘုရားရဲ့အဆုံးအမ၊ ဘုရားရဲ့ အဆုံးအမက ဘာလဲ (အနတ္တ)။ သာသနာကို နှစ်အပိုင်းအခြား နေရာဒေသနဲ့ သတ်မှတ်ပြောဆိုကြပေမယ့် ဘုရားရဲ့ အဆုံးအမတည်ရင် သာသနာတည်ကယ်။ မတည်ရင် မိမိမှာ သာသနာပခေါ်ရတယ်။ မိမိခန္ဓာမှာ ဘုရားရဲ့အဆုံးအမ အနတ္တဉာဏ်တည်ရင် မိမိဟာ သာသနာတွင်းသား၊ မတည်ရင် သာသနာပမှာ လူဖြစ်ရတာနဲ့ ဘာထူးသေးသလဲ။ လူ လူ ဆိုပေမယ့် လူတိုင်းထဲက လူမည်ကာမျှကို မနုဿတ ဒုလ္လဘလို့ သူရားဟောတယ်မထင်နဲ့၊ မဟုတ်သေးဘူးယောဂီ၊ စတုသစ္စာသမ္မာဒိဋ္ဌိ (ဝါ) ဘုံ -၃ ၁- က လွန်မြောက်နိုင်တဲ့ လောကုတ္တရာ သမ္မာဒိဋ္ဌိ၊ သစ္စာလေးပါးတရားကို ကြည်ကြည်လင်လင် ယုံကြည်တဲ့ ဒိဋ္ဌသဒ္ဓါ၊ ဒိဋ္ဌသရဏကိုနဲ့ ပြည့်စုံတဲ့ ဒုလ္လဘငါးပါးဝင် မနုဿတ ဒုလ္လဘ ရခဲတဲ့ လူအဖြစ်ကို ရဖို့အားခဲကြရမယ်။

ဘုရားရှင် တရားဟောခဲ့တဲ့ တရားပဲ့တခုမှာ တရားနာပရိတ် သတ်ထဲဝင်ပြီး ခါးပိုက်နှိုက်နှစ်ယောက် ခါးပိုက်နှိုက်ကြတယ်။ နောက် ပြန်တွေ့ကြတော့ တယောက်ကိုတယောက် ဘယ်လောက် နှိုက်လို့ရသလဲ မေးကြတဲ့အခါ တယောယ်က အသပြာ ငါးပဲ ရပြီး တယောက်က ဘုရားရှင်ရဲ့အိတ်ထဲက သောတာပတ္တိမဂ်ကို နှိုက်လို့ရခဲ့တယ်။ အသပြာတော့ တပြားမျှ မရခဲ့လို့ မပြနိုင်တော့ အသပြာငါးပဲရတဲ့ ခါးပိုက်နှိုက်က မင်း လူညံ့ပဲ၊ လူရှောင်ပဲ အသပြာတပြားမျှရအောင် မနှိုက်နိုင်ဘူးလို့ ကဲ့ရဲ့ပစ်တင် ရှုံ့ချတယ်။ အသပြာ တပြားမျှမရခဲ့တဲ့ ခါးပိုက်နှိုက်က ဒီမောင်ဟာ မဟုတ်တာ မမှန်တာကိုသိပြီး ငါရလာတာ၊ ငါသိတာလဲသူမသိ၊ သူကိုယ်သူသိလှပြီတတ်လှပြီ၊ ဟုတ်လှပြီ ဆိုပြီးပြောနေတော့တာ

ပဲ့၊ခက်တော့တာပဲလို့ နှုတ်ဆိတ်နေလိုက်ရတယ်။ ဒီအကြောင်းကို ဘုရားရှင်ကိုလျှောက်ထားတော့

ယောဗာလောမညတိဗာလျှံ၊
ပဏ္ဍိဟောဝါပိတေနသော၊
ဗာလောစပဏ္ဍိတမာနီ၊
သဝေဗာလောတိ ဝုစ္စတိ။

ယောဗာလော၊ အကြင်မသိတတ် မလိမ္မာသူ လူမိုက်သည်၊ ဗာလျှံ၊ မိမိ မသိ၊ မတတ်၊ မလိမ္မာ၊ မိုက်သည်၏ အဖြစ်ကို မညတိဇာနာတိ၊ သိတတ်၏။ တေန၊ ထိုသို့ မိမိ မိုက်သည်၏အ ဖြစ်ကို သိတတ်သောကြောင့်၊သော်ဗာလော၊ထိုမသိတတ် မလိမ္မာ သူ လူမိုက်သည်၊ ပဏ္ဍိတောဝါပိ၊ ပညာရှိ မည်သေးသလျှင်က တည်း။ ယောဗာလောစ၊ အကြင်မသိတတ် မလိမ္မာသူ လူမိုက် သည်ကား၊ ပဏ္ဍိတမာနီ၊ ငါ လူတတ် လူလိမ္မာ၊လူသိ ပညာရှိဟု မှတ်ထင်လေ့ရှိသောသူကို၊ ဝေ၊ အဟုတ်မလဲ၊ဗာလောတိ၊လူမိုက် အစစ်ဟူ၍ ဝုစ္စတိ၊ ဆိုအပ်၏လို့ ဘုရားရှင် ဟောကြားတော် မူခဲ့တာ ဓမ္မပဒပါဠိတော်မှာ ထင်ရှားရှိတယ် ယောဂီ။ ဒီအချက် ကို စဉ်းစားသင့်ကြတယ် ယောဂီ။

ဝင့်မှ မလွတ်နိုင်တဲ့ ဒါနမှု၊ သီလမှု၊ သမထမှုမျိုးဟာ သာသနာပတရား၊ သာသနာကွယ်နေတဲ့ ကမ္ဘာအစ သာသနာပ ကာလမှာတောင် ဟောပြောညွှန်ပြမယ့်သူမရှိပေမယ့် သတ္တဝါ မှန်သမျှ သူ့အလိုလို တတ်သိကြပြီး၊ မလဲ့သာ မရှောင်သာ၊ မနေ သာလို့ ပြုကျင့်ကြရတဲ့ တရား၊ အိုနာသေဘေး၊ မီး(၁၁)ပါးမှ

မလွတ်ကင်းတဲ့၊ သံသရာမှာ ကျင်လည်စေတဲ့၊ သတ္တဝါဖြစ်စေတဲ့ တရားဖြစ်တယ်။ဗုဒ္ဓဘုရားရှင် ပွင့်ပေါ်လာရတာဟာ အဲဒီ ဒါန၊ သီလ၊သမထတရားမျှ ဟောကြားညွှန်ပြဖို့ ပွင့်ပေါ်လာရတာ မဟုတ်ဘူး၊ အဲဒီ ဒါန၊ သီလ၊ သမထတရား ဟောကြားရုံမျှနဲ့လဲ ဘုရားသဗ္ဗညုမဟုတ်ဘူး။ အကုသိုလ်ကံရဲ့အပြစ်ကိုမျှမဟုတ်ပဲ၊ အိုနာသေဘေး၊မီး(၁၁)ပါးက မလွတ်ကင်းတဲ့ ဝဋ္ဋဒုက္ခဆိုးတို့ဖြစ်ရာ ဖြစ်ကြောင်း ဒါန၊သီလ၊သမထတရားတို့ရဲ့ အပြစ် အာဒီနဝကိုပါ နိဗ္ဗိန္ဒဉာဏ်ပြဋ္ဌာန်းလျက် ဟောကြား ညွှန်ပြပြီး၊ ဝဋ္ဋမှ လွတ်ရာ လွတ်ကြောင်း၊ မဂ္ဂင် ၈-ပါး၊ သစ္စာ ၄-ပါး အနတ္တတရားကို ဟောကြားညွှန်ပြဖို့၊ လောကမှာ ဘုရားရှင် ပွင့်ပေါ်လာတာ ဖြစ်တယ်၊ ယောဂီ။ ဘုရားအဆူဆူမှန်သမျှဟာလဲ အကုသိုလ် စေတနာကံနဲ့ ကုသိုလ်စေတနာကံတို့ရဲ့ အာဒီနဝ၊ အပြစ်ဒုက္ခကို ဟောကြားပြီး ယင်းစေတနာကံတို့ရဲ့ အကျိုးပေးဝဋ္ဋဒုက္ခတို့မှ လွတ်ရာလွတ်ကြောင်း၊ မဂ္ဂင် ၈-ပါး၊ သစ္စာလေးပါး အနတ္တ တရားကိုသာ ဟောကြားမြဲဖြစ်တယ်။ ဗုဒ္ဓဘာသာဆိုသူတွေဟာ အမျှားအားဖြင့် အကုသိုလ်အမှုကိုသာ အပြစ်-ဒုက္ခလို့ သိကြ တယ်။ ဒါနမှု၊ သီလမှု၊ သမထမှု ဆိုတဲ့ ဝဋ္ဋကမလွတ်တဲ့ ကုသိုလ် ကောင်းမှုတရားစုကိုတော့ အပြစ်-ဒုက္ခလို့ သိဖို့ဟာ အခက်ကြီး ခက်ပြီး အနက်ကြီး နက်နေကြရှာတယ်။အကုသိုလ် မကောင်းမှု ကို ရှောင်ကျဉ်ဖို့ ကြိုးစားကြ၊ အားထုတ်ကြပေမယ့် ဝဋ္ဋ နိုဿိတ ကုသိုလ်ကောင်းမှုတွေမှာ မေ့လျော့ နေကြတယ်၊ သာယာ ကပ်ငြိ နေကြတယ်။ ဒါန-သီလ-သမထ တရားတွေကို လက်တွေ့ပယ်ဖို့၊ မလုပ်ဖို့ ရေးနေတာမဟုတ်ဘူး ယောဂီ၊ဒီတရား တွေဟာ ဘုံ(၃၁)မှာ နေရသရွေ့ လက်တွေ့ပယ်လို့ မလုပ်လို့

ဖြစ်တဲ့ တရားတော်မဟုတ်ဘူး။ ဒီဌိမပြုတ်။ မဂ်မရသေးပဲ လုပ်သမျှ ဒါန-သီလ-သမထဟာ နိဗ္ဗာန်ဆုတောင်းပြီး လုပ်တယ်လို့ ဆိုပေမယ့် ဝဋ္ဋနိဿိတ ဘုံဘဝအကျိုးပဲရမယ်။ မဂ်ရပြီးမှလုပ်တဲ့ ဒါန-သီလ-သမထကတော့ ဝဋ္ဋနိဿိတ နိဗ္ဗာန်အကျိုးရတယ်။ သက္ကာယဒိဋ္ဌိမပြုတ်ပဲ၊ ဘာကုသိုလ်လုပ်လုပ် မိမိလုပ်တဲ့ ကုသိုလ်ကံအရှိန်နဲ့ လူနတ်ဗြဟ္မာ သုဂတိဘဝမှာဖြစ်ရပေမယ့် ကုသိုလ်ကံအရှိန်ကုန်ရင်၊ ပုထုဇဉ်တို့ရဲ့ ဘုမ္မိနက်သန်ဖြစ်တဲ့ အပါယ်-၄-ဘုံကို ကျရောက်မြဲဆိုတာ ယောဂီနားမဆန့်အောင် ကြားဘူးသားပဲ။

တခါတုန်းက ဘုရားရှင်ဟာ တပည့်ရဟန်းတွေနဲ့ တရားဆွေးနွေး ဟောကြားတော်မူနေတယ်။ ဒီဗွစက္ခုအဘိညာဏ်မှာ တေဒဂ်ရတဲ့ အရှင်အနုရုဒ္ဓာမထေရ်မြင်ကြလာတာကို ဘုရားရှင်မြင်တော်မူတော့ ချစ်သား ဘယ်က လာသလဲလို့ မေးတယ်။ ဘုရားတပည့်တော် ဒီဗွစက္ခုအဘိညာဏ်မှာ ထလာပါတယ် ဘုရားလို့ လျှောက်တော့၊ ဘာတွေကြည့်လို့ ဘာတွေ မြင်ခဲ့သတုန်းလို့ မေးမြန်တယ်။အရှင်ဘုရားနဲ့တကွ လကျွန်ုပ် အရှင်သာရိပုတ္တရာနဲ့ လက်ဝဲရံ အရှင်မောဂ္ဂလာန်မထေရ်မြတ်တို့ရဲ့ ကွယ်လွန်ကုန်ကြပြီဖြစ်တဲ့ တပည့်သား လူဒါယကာ-ဒါယိကာမတွေနဲ့ ရဟန်းယောကျ်း ရဟန်းမိန်းမတွေဟာ ဘယ်ဘုံဘဝများ လားရောက်နေကြသလဲလို့ တပည့်တော် ကြည့်ပါတယ်ဘုရား။ အရှင်ဘုရားနဲ့တကွ လကျွန်ုပ် လက်ဝဲရံ မထေရ်မြတ်တို့ရဲ့ ကွယ်လွန်ကုန်ကြပြီဖြစ်တဲ့ တပည့်သား လူဒါယကာ၊ ဒါယိကာမတွေနဲ့ ရဟန်းယောကျ်း၊ ရဟန်းမိန်းမတွေဟာ အပါယ်လေးဘုံမှာ ခံနေကြရတာ၊ ဇမ္ဗူဒီပါမှာ တနှစ် တနှစ် ကြေကျတဲ့ သစ်

ရှက် အရေအတွက်ပမာဏလောက်ရှိပါတယ် ဘုရား။ ကောင်ရာ သုဂတိ လားကြတာကတော့ ဖွဲ့ဖွဲ့မျှသာ ဖြစ်ပါတယ် ဘုရား။ အပါယ်လေးဘုံက စုတေကြပြန်တော့ ဘယ်ဘုံဘဝမှာ ဖြစ်ကြပြန်သလဲလို့ ဆက်ကြည့်ပြန်တဲ့အခါ၊ အပါယ်-၄-ဘုံအောက် သံသရာတွင်းမှာသာ ဆုံလည်နွားလို လှည့်လည် ခံနေကြရရှာပါတယ် ဘုရားလို့ အရှင်အနုရုဒ္ဓာ မထေရ်မြတ်က ရှိခိုး လျှောက်ထားလိုက်တယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက-ခန္ဓာ-အာယတန-ဓာတ်၊ သစ္စာ၊ ပဋ္ဌိစ္စသမုပ္ပဒါ၊ ပရမတ္ထဓမ္မ၊ အနိစ္စဓမ္မ၊ဒုက္ခဓမ္မ၊အနတ္တဓမ္မ ကို ၈၁ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာလို့ ဖောက်ပြန် မှားယွင်းစွာ မြင်တဲ့ သက္ကာယဒိဋ္ဌိ အယူမသိမှု အဝိဇ္ဇာရဲ့ အပြစ်ကြီးလေးပုံကို ဟောကြားတော်မူခဲ့တယ် ယောဂီ။ ယခုဘုရားရှင်လဲ သက်တော်ထင်ရှား မရှိတော့ဘူး။ လကျ်ာရုံ လက်ဝဲရုံ မဂဏရ်မြတ်တို့လဲ ပရိနိဗ္ဗာန် စံဝင်ကြပြီ ယောဂီ။ တမင်တဖို့လ် မရပဲ ခုဘဝသေရင် ယောဂီ ဘယ်ဘဝ လားမလဲ စဉ်းစား။ ဒါကြောင့် ရင်ဝ လုံစူး ထိပ်ဦး မီးလောင်ရင် နောက်မှလို့ ဆိုင်းမနေပဲ ချက်ချင်း လုံကိုနှုတ်၊ မီးကိုငြှိမ်းရသလို သံသရာအဆက်ဆက်က စူးဝင်နေတဲ့ သက္ကာယဒိဋ္ဌိဥတ်ကို ခုပယ်နှုတ်ဖို့ ဘုရားရှင် ဟောကြားတော်မူခဲ့တာ၊ အချိန်၊ အရွယ်လွန်မှ၊ နားမဲ့ မျက်စေ့မဲ့၊ ကိုယ်အား စိတ်အား မဲ့တဲ့အခါ ကျမှ(နောင်တရ)ဆိုတာလို့ မဖြစ်ဖို့ သတိရှိပြီး သာသနာတွင်း တရားဖြစ်တဲ့ ဝိပဿနာတရားအလုပ်ကို ခုကစပြီး ကြိုးစား အားထုတ်ဖို့ သင့်တယ် ယောဂီ။

(ကိုယ်.အားကိုယ်ကိုး၊ ကိုယ်တိုင်လုပ်)

သြကာသ ဘုရားရှိခိုးလက်ဘရဲ့ ဒုတိယအပိုဒ်မှာ သံသရာဝဋ္ဋ ဆိုးကြီးက မလွတ်ကင်းနိုင်တဲ့ လောကီသင်္ခါရ ကုသိုလ်ကံနဲ့ အကုသိုလ်ကံစေတနာကေ့ကိုတော့နိုင်၊ တော်နိုင်၊ဖြတ်တောက်ချေဖျက်နိုင်တဲ့ မဂ်ကုသိုလ် ဖိုလ်ကုဘိုလ်ဖြစ်တဲ့ လောကုတ္တရာ ကုသိုလ်ကံစေတနာက အပါယ်-၄-ပါး၊ ကပ်-၃-ပါး၊ အရပ်ဖြစ်-၈-ပါး၊ ရန်သူမျိုး-၅-ပါး၊ ဝိပတ္တိတရား-၄-ပါး၊ ဗျသနဝတရား-၅-ပါးတို့ကို တဖန် ပြန်ဖြစ်ခွင့်မရအောင် မျိုးဖြုတ်ချေဖျက်ပြီး နိဗ္ဗာန်စံဝင်ရကြောင်း စပ်ဆိုခဲ့တာ ဖြစ်တယ်။

သြကာသဘုရားရှိခိုး လက်ဘ စပ်ဆိုသူ ဗုဒ္ဓမတည်ဆရာရဲ့ ဥာဏ်တော်နက်နဲပါတယ် ယောဂီ။ ဒါပေမယ့် ဒီသြကာသ ဘုရားရှိခိုးလက်ဘရဲ့ အနှစ်သာရဟာ ရှုံနစ်ညှိုးဖုံးတဲ့ ပတ္တမြားတုံး ပမာ ဖြစ်နေပြီး မူလတန်း ခလေးငယ်တွေနဲ့၊ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တို့ရဲ့ နှုတ်ဖျားမှာ ရွတ်ရုံ၊ အံရုံ၊ ကုသိုလ်ဖြစ်ရုံမျှသာ ပေါ့တန်စွာ တင်ရှိနေရတယ် ယောဂီ။

အတ္တာဟိ အတ္တနော နာထော၊ နဟိနာထော ပရောသိ ယာ။ ။အတ္တာဟိ အတ္တာဝေါ၊မိမိသည်သာလျှင်၊ အတ္တနော၊ မိမိ၏၊ နာထော၊ ကိုးကွယ်မှီခိုရာတည်း၊ ပရော၊သူတပါးသည်၊ အတ္တနော၊မိမိ၏၊နာထော၊မှီခိုရာသည်၊ နဟိနအတ္တိဝေါ၊မရှိသည်သာတည်း။

မိမိကိုယ်ကို မိမိသာ လွှုပြည်၊ နတ်ရှာ နိဗ္ဗာန်ကို ပို့တင်နိုင်မယ်၊ သူတပါးက သနားလို့ လက်ဆွဲကိုင်ငင်ပြီး၊ လွှုပြည် နတ်ရှာ နိဗ္ဗာန်ကို ပို့တင်နိုင်မယ် မဟုတ်ဘူး။ မိမိသာလျှင် ကိုးကွယ်ရာ

အစစ်လို ဘုရားရှင် ဟောကြားတော်မူခဲ့ပါတယ်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်ဘော်၊ သံဃာဂုဏ်တော်တွေကို စာတတ်သူတွေက စာတတ်ရင် တတ်သလောက် အမျိုးမျိုး ချီးကြူး ရေးစပ်ကြတယ်၊ ဘယ်လောက်ပဲ ချီးကြူးရေးစပ်ကြပေမယ့်၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တွေဟာ ချီးကြူးလို့ မကုန်ပါဘူး ယောဂီ။ ဒီဂုဏ်တော်တွေကို အလွတ် ကျက်မှတ်ပြီး နေ့ည မပြတ် ရွတ်အံနေကြပေမယ့်၊ မိမိကိုယ်တိုင်မှာတော့ ယင်းဂုဏ်တော် တစိတ်တဒေသမျှ ဆိုက်အောင်။ မိမိရဲ့ခန္ဓာမှာ၊ ယင်းဂုဏ်တော် တစိတ်တဒေသမျှ ကိန်းဝပ်အောင်၊ ဝိပဿနာတရားအလုပ်ကို ဆရာစစ်၊ ဆရာမှန်ထံ နည်းမခံ၊ ကျင့်လမ်းမှန်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းမရှိပဲ၊ အစဉ်အလာ ဒါနကလေးလုပ်၊ အစဉ်အလာ ဥပုသ်သီတင်းကလေးစောင့်၊ စိတ်မပြန့်လွင့်အောင် စိတ်ငြိမ်စေတတ်တယ် ဆိုတဲ့၊ သမထကလေးလုပ်၊ ပုတီးကလေးနှိတ်ပြီး ပေါ့ပေါ့တန်တန် နေနိုင်ကြတယ် ယောဂီ။ တပါးသူ ကျိကျိတက်ချမ်းသာတာကို ချီးမွမ်းခန်းဖွင့်နေပြီး မိမိကိုယ်တိုင်ကတော့ ကိုယ်အား ဉာဏ်အားနဲ့ ကြီးပွားတိုးတက်ဖို့ ကြံဖန် လုပ်ကိုင်ခြင်းမရှိပဲ သူတပါးပေးကမ်းစွန့်ပစ်တာကလေးကို အားထားမှီခိုပြီး ကျေနပ်နှစ်သိမ့်နေတဲ့၊ လူပျင်း လူဆင်းရဲနဲ့သာ တူတယ်။ ပုထုဇဉ်မှန်ရင် အရိယာတို့က အရိယာမဂ်ဖြင့် အပြစ်ဒုက္ခလို့မြင်ပြီး စွန့်ပစ်တဲ့ သခ်ါရကုသိုလ်တရားဖြစ်တဲ့ ဒါန၊ သီလ၊ သမထ တရားကို ရေးကြီးခွင့်ကျယ် ထင်စားကြတယ်။ ဒါနမှု၊ သီလမှု၊ သမထမှုကိုလုပ်ပြီး ယောင်ယမ်းခါ နိဗ္ဗာန်ကို တစာစာ တောင်းဆိုနေကြတာ သက်တော်ထင်ရှား မြတ်ဘုရားသာ ရှိရင် နားညီးတော်မူရှာ

လွန်းလို့ ပါလိလေယျတောကို ဒုတိယမို့ ထွက်သွားဦးမှာပဲ ယောဂီ။

ဓမ္မဟိသော ဘိက္ခဝေ နပဿတိ။
ဓမ္မေအပဿန္တော မ နပဿတိ၊
ဓမ္မံဟိသော ဘိက္ခဝေ ဘိက္ခုပဿတိ၊
ဓမ္မံပဿန္တော မံ ပဿတိ။

ဟိ၊ ထိုငါဘုရား၏ သက်နှုန်းစွန်းကို ဆဲကိုင်၍ ဖဝါးခြေထပ် မပြတ်စဉ်စိုက်လိုက်လျက်၊ ငါဘုရားနှင့် စကြာဝဠာတပါး ခြားသည့်ပမာဏ ဝေးကွာလျှ၏ဟု ဆိုသော စကားသည် မှန်၏၊ ဘိက္ခဝေ၊ရဟန်းတို့၊ သောဘိက္ခု၊ ထိုရဟန်းသည်၊ ဓမ္မံ၊သစ္စာလေးပါး မြတ်တရားကို၊ နပဿတိ၊ မသိမမြင်၊ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို၊ အပဿန္တော၊ မသိမမြင်သော ရှုဟန်းသည်၊ မံ၊ ငါဘုရားကို၊ နပဿတိ၊မဖူးမြင်ရ။

ဟိ၊ ထိုငါဘုရားနှင့် စကြာဝဠာတပါးကွာခြားရှိနေပြီးသော်လည်း ငါဘုရား၏ ဒူးတော်ကိုဖက်၍ နေသည်နှင့်တူ၏ဟု ဆိုသောစကားသည် မှန်၏။ ဘိက္ခဝေ ရဟန်းတို့၊ သောဘိက္ခု၊ ထိုရဟန်းသည်၊ ဓမ္မံ၊သစ္စာလေးပါး မြတ်တရားကို၊ ပဿတိ၊ သိမြင်၏။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို၊ ပဿန္တော၊ သိမြင်သောရဟန်းသည်၊ မံ၊ ငါဘုရားကို၊ ပဿတိ၊ ဖူးမြင်ရ၏။ ဤတိဝုတ်ပါဠိတော်မှာ ဘုရားရှင် ဟောကြားတော်မူခဲ့ပါတယ်။

ယခင် သံသရာ အဆက်ဆက်က ပြုမှားခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံတွေအားလုံး ပျောက်ပျက်ကုန်ဆုံးဖို့ဟာ သဗ္ဗညု

ဘုရားရှင်နဲ့ အရိယာ သံဃာတော် ရှစ်ယောက် တို့မှာ ရှိတဲ့ သဗ္ဗညုတညာဏ်၊ အရဟတ္တမဂ်ညာဏ်အရှိမှ အဖျင်းဆုံးအနိမ့်ဆုံး အားဖြင့် သောတာပတ္တိမဂ်စခန်းကိုရရောက်ဖို့ မြီးယူအတုခိုးယူ ရမယ်ယောဂီ။ မဂ်အခြေ ဖိုလ်အခြေဖြစ်တဲ့ ဝိဿနာတရား အလုပ်ကို (ဆရာတော်)ဆရာကောင်းထံ နည်းခံပြီး ခုက စလို့ အားထုတ်ရပါမယ်။(ဆရာတော်)ဆရာကောင်းဆိုတာ မိမိကိုယ်တိုင် ဝိပဿနာ လမ်းမှန်ကို ကျင့်ကြံ ကြိုးကုတ် အားထုတ်ပြီး မြောက်၍ မဂ်ပေါက်ဖိုလ်ဝင်၊ နိဗ္ဗာန်မြင်ပြီးသူဖြစ်ပြီး တပါးသူ အား ဝိပဿနာလမ်းမှန်စစ်စစ်ကိုညွှန်ကြားပြသနိုင်သူ အရိယာ သူမြတ်ကိုသာ ဆိုတယ်ယောဂီ။

ဝိပဿနာ တရားအလုပ်ကို (ဆရာတော်) ဆရာကောင်းထံ နည်းခံပြီး ကျင့်ကြံကြိုးကုတ် အားထုတ် ပြီးမြောက်မှသာလျှင် မြတ်နိုး နှစ်လို အားကိုးရာအစစ် အဖြစ်ကြီးဖြစ်တဲ့ ရတနာသုံးပါး ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ်ကို (ရှိ-ခိုးတယ်မည်တယ်)။ ဓမ္မပူဇာ၊ တရားနဲ့(ပူဇော်တယ်မည်တယ်)။ (မာန်လျော့တယ်မည်တယ်)။ဘုရားစစ်၊တရားစစ်၊သံဃာစစ်ကို(ဖူးတွေ့ရတယ်မည်တယ်)။ မဂ်ကုသိုလ်၊ဖိုလ်ကုသိုလ်ဖြစ်တဲ့ လောကုတ္တရာ ကုသိုလ်ကံစေတနာကသာလျှင် ယခင်သံသရာ အဆက်ဆက်က ပြုမှားမိခဲ့တဲ့ သတ္တဝါ ဖြစ်စေတဲ့၊ ဘဝ ဖြစ်စေတဲ့၊ လောကီ ကုသိုလ်ကံနဲ့ အကုသိုလ်ကံစေတနာတွေကို တောနိုင်၊ တော်နိုင်၊ ဖြတ်တောက် ချေဖျက်နိုင်တယ်။ သမ္မပ္ပဓာန်လေးပါးမှာ အနုပ္ပန္နကုသိုလ်ခေါ်တဲ့ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ်ဖြစ်တဲ့ လောကုတ္တရာ ကုသိုလ်ကို အားထုတ်ပြုလုပ်တာဖြစ်လို့ သမ္မပ္ပဓာန် အချိုးကျပြီလို့ တထစ်ကျမှတ်ပေတော့။

သမ္မပ္ပဓာန်လေးပါးမှာ ပြုပြီး-ပြုဆဲ မကောင်းမှု အကုသိုလ်နဲ့ ပြုပြီး၊ ပြုဆဲ ဒါန၊သီလ၊သမထဆိုတဲ့ လောကီ သင်္ခါရ ကုသိုလ် စရဏမျိုးကို (ဥပ္ပန္န) ခေါ်တယ်။ မပြုရသေး၊ မဖြစ်သေးတဲ့ မကောင်းမှု အကုသိုလ်ကံနဲ့ သံသရာ အဆက်ဆက်က ပုထုဇဉ် တွေရဲ့ သန္တာန်မှာ တကြိမ်တခါမျှ မပြုဘူးသေးတဲ့ ဝိပဿနာ ကုသိုလ်၊ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ်၊ လောကုတ္တရာကုသိုလ်ဝိဇ္ဇာ မျိုးကို (အနုပ္ပန္န)ခေါ်တယ်။

(၁) ပြုပြီးပြုဆဲ အကုသိုလ် ဖြစ်တဲ့ ဥပ္ပန္န မကောင်းမှု အကုသိုလ်တွေ ကြေပျက်စေဖို့နဲ့။ (၂) မပြုသေး မဖြစ်သေးတဲ့ အနုပ္ပန္နမကောင်းမှု အကုသိုလ်တွေမဖြစ်စေဖို့။(၃)ပြုပြီးပြုဆဲဖြစ်တဲ့ ဥပ္ပန္နကုသိုလ်တွေပွားများစေဖို့ရန်။ (၄)သံသရာအဆက်ဆက်က တကြိမ်တခါမျှ မပြုဘူးသေးတဲ့ အနုပ္ပန္န ကုသိုလ် ခေါ်တဲ့ ဝိပဿနာကုသိုလ်၊မဂ်ကုသိုလ်၊ဖိုလ်ကုသိုလ်၊လောကုတ္တရာကုသိုလ် ဝိဇ္ဇာမျိုးကိုအားထုတ်ပြုလုပ်မှသာ သမ္မပ္ပဓာန် အချိုးကျတယ်လို့ ဆိုရတယ်။ သမ္မပ္ပဓာန် လေးပါးမှာ ဒါအရေးအကြီးဆုံးပဲ။ အညွှာကကိုင်လိုက်တာပဲ။ ဒီတပါးကိုင်လိုက်ရင် ကျန်သုံးပါး ပါ တပါးတည်း တချက်တည်းပါဝင်ပြည့်စုံပြီးဖြစ်တယ်။ ဘုရားရှင် ဟောကြားတော်မူတဲ့ ကျင့်စဉ်ဟာ တပါးစီ ဘခုပြီးတခု၊ တဥာဏ်ပြီး တဥာဏ် တက်ယူ လုပ်ယူရတာ မဟုတ်ဘူး။ ရတာမဟုတ်ဖူး။မသိရှာကြလို့ တပါးစီတခုပြီးတခု၊ တဥာဏ်ပြီး တဥာဏ်တက်နေလုပ်နေကြတာနဲ့ သံသရာ ရှည်နေကြရတယ် ယောဂီ။ ဒါကြောင့် မသိအစ၊ သိကအဆုံး၊ ကိုစ္စတုံးသည်လို့ ကျေးဇူးရှင် ဒီပဲရင်း ဆရာတော်ဘုရားကြီးက ပရမတ္ထစက္ခု ကျမ်းမှာ ရေးသားတော်မူခဲ့တယ် ယောဂီ။

ပါပသို့ ရမတေမနော။ ။ပုထုဇဉ်တို့ရဲ့ စိတ်ဟာ မကောင်းမှု တို့ဌာ်သာ မေ့ လျော်တယ်ဆိုတာ၊ ဘဝမှန်လျှင် လက်တဖျစ်မျှ ဘဝကိုပင် စက်ဆုပ်ရမယ်လို့ ဘုရားရှင် ဟောကြားတော်မူခဲ့ပါ လျက်၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတွေ့ ရစ်ပတ် နေလို့၊ ယခု ဘဝကောင်းတာ ဟိုဘဝကကောင်းလို့၊ ခုဘဝ ကောင်းမှ နောင်ဘဝကောင်းမယ်စသဖြင့် ဟောပြောတဲ့သူ တွေ့ကဟောပြောတာကို သဘောတွေ့၊ မနောခွေ့ ဖြစ်နေကြ တာကို ပြောတာယောဂီ။

မလိမ္မာတာကို လိမ္မာအောင်၊ မသိသေးတာကို သိအောင်၊ တသံသရာလုံး မိုက်လက်စတင်းလင်းနဲ့(နာနာသတ္ထာရဉ္ဇလွှာက နဘား) ဆရာ အထူးထူး အပြားပြား နောက်ကို တကောက် ကောက်လိုက်နေရတဲ့ဒုက္ခ၊ တရားရှာလို့မဆုံးတဲ့ဒုက္ခ၊ ရဟန္တာ ပေါ်တယ်ကြားရင် မဖူးလိုက်ရမှာ ကြောင့်ကြပူပမ်ရတဲ့ဒုက္ခ၊ အသက်ထွက်ခါနီးမှာလဲ သားမြေးတွေ့ကို ရှင်ပြုလိုသေးတဲ့ဒုက္ခ၊ အပါယ်ကျမှာ ကြောင့်ကြစိုးရိမ်နေရတဲ့ ဒုက္ခ၊ (ဒုက္ခ အဆပေါ် ထပ်ဆင့်ဒုက္ခတွေ့ ပွားများမှု) တို့မှလွတ်ကင်းပြီး (အမြောက်နဲ့ အချောက်)ကို မယိမ်းမယိုင် ကြံ့ကြံ့ခံနိုင်ဖို့၊ လိမ္မာပါးနပ်ဖို့ ကိုယ်စိတ်နှစ်ပါး သက်သာချမ်းသာဖို့ ဘုရားရှင် ဟောကြား ဆိုဆုံးမတော်မူခဲ့တာ၊ သောတ = မဂ်၊ အာပန္နဲ = ရရောက် ခြင်းဆိုတဲ့ မဂ်ရောက်ဖိုလ်ရ၊ သောဝစသတာ၊ ဆိုဆုံးမလွယ်တဲ့ ဘုရားရှင်ရဲ့(တပည့်တော်) တပည့်လိမ်မာဖြစ်ဖို့ ကြိုးစားလိုက် စမ်းပါ ယောဂီ။

ပုထုဇဉ်တို့ရဲ့သဘာဝ၊ ပရမတ္ထမမှန်ဖြစ်တဲ့ ခန္ဓာ၊ အာယတန၊ ဓာတ်သစ္စာ၊ ပဋိစ္စသမုပ္ပဒါတ်ကို ငါ သူ ယောက်ကျား၊မိန်းမလို

အတ္တစွဲပြီးသာသနာတွင်းကြုံပါလျက်၊သာသနာဆိုတာဘာမှန်းမှ မသိ၊အဘ၊အန၊အထိုင်းအမှိုင်းဖြစ်ရတာ၊ဆရာစစ်ဆရာမှန်နဲ့မတွေ့ လို့ နည်းမှန်လမ်းမှန်မရပဲ ကျင့်သင့်တာမကျင့်၊ မကျင့်သင့်တာ ကျင့်နဲ့ ပယောဂဝိပ္ပတ္တိ၊ ကျင့်သင့်တဲ့ဝိပဿနာစစ်စစ် အကျင့် မြတ်မှာ ဆန္ဒဥဿဟလျှော့နဲ့နေကြရတယ်လို့ ကျေးဇူးရှင်ဘုရား သားတော်ကြီးတွေက ယောဂီတို့ နားလည် သဘောပေါက် လွယ်တဲ့ ဗမာစာမျှားမျှားနဲ့ရေးသားတော်မူခဲ့တဲ့ ကျမ်းအစောင် စောင်မှာပါတယ် ယောဂီ။ တဆင့်စကား မယုံနဲ့၊ ကိုယ်တိုင် ရှာ ဖွေ လေ့လာဖတ်ရှုကြည့်။ ကာမဂုဏ် အာရုံငါးပါး ခံစားတာ အဋ္ဌားနဲ့ ခံစားသလား၊ ကိုယ်တိုင်ကိုယ်ကျခံစားသလား၊ ဓမ္မာရုံ ကျခါမှ အဋ္ဌားနဲ့ခံစားမယ်ဆိုရင် ဘုရားအဆူဆူပွင့်တော်မူခဲ့တာ ယောဂီအတွက်မဟုတ်ဖူးလို့သာ တထစ်ကျမှတ်။ ရတနာသုံးပါး ကို ကြည်ညိုပါတယ်၊ ရိုသေပါတယ်၊ အားကိုးပါတယ်ဆိုပြီး ဘုရားရှိခိုးတာတောင် ဇွေကြေးပေးပြီး လူဌားနဲ့ ရှိခိုးကြတဲ့ ဗုဒ္ဓဘာသာဆိုသူတွေ ရှိနေလို့ သတိပေးရတယ်ယောဂီ။

ဘဝဆိုတာ သုခဟူသည် မြူမျှမရှိ၊ ဒုက္ခအတိ၊ ဒုက္ခတုံး သာဖြစ်တယ်။ ချမ်းသာလိုချမ်းသာငြား တရုံမလပ် အမြဲပြုပြင် ပြောင်းလဲနေကြရတယ်။ ပြုပြင်ပြောင်းလဲနေကြရတာ ဒုက္ခပဲ။ ဘဝအစကလဲ ပြုံးရီပြီး အမိဝမ်းကထွက်လာခဲ့ရတာမဟုတ်-အိုဝဲ အိုဝဲနဲ့ တငိုထဲငိုပြီး စခဲ့ရတယ်။ ဘဝဆုံးခါနီးတော့လဲ မချိ မဆန့်ရှန်းကန်ခံစားပြီးမှ ဘဝဆုံးကြရတာ ယောဂီမြင်ဘူးမယ်။ အသက်ရှိနေတုန်းလဲ အပူအဇ ဥတုဒဏ်၊ မှက်၊ ခြင်၊ ယင်၊သန်း၊ ကြမ်းပိုး၊ အနှိပ်အစက်ကို အမြဲခံကြရတယ်။ မွေးသည်မှ သေ

သည်အထိ ဘယ်ဘုရား၊ ဘယ်ဝိဇ္ဇာ၊ ဘယ်ဆေးသမားဇီဝကမ္မ ကုစားလို့မရတဲ့ (ဆာနာ)၊ ပါးစပ်ထဲထည့်သမျှအရည်ကလာပ်၊ အဖတ်ကလာပ်မှန်သမျှကိုပါးစကဝမ်းမီးကလောင်မြှိုက်ပစ်တာ အမြဲခံနေရတဲ့ (အနိစ္စ-ခန္ဓာကိုယ်)ယောဂီ၊ စီးပွားရှာနေကြတယ် ထင်သလား၊ ထင်းမီးရှာနေကြရတာမှန်သလား စဉ်းစား။

မွေးစဉ်ကလဲ ရေဆေးရ (တမင််လာ) လုပ်ပြီး ခေါင်းဆေး မင််လာလုပ်ရ၊ အိပ်ရာထရင်လဲ သုတ်သင်ဆေးကြောရ၊ တကိုယ်လုံးရေချိုး သုတ်သင်ရတာလဲ တနေ့နှစ်ကြိမ်သုံးကြိမ်၊ လက်ခြေကအစ၊ မစားခင်တကြိမ်၊ စားပြီးတကြိမ်၊ စားသောက်သမျှ ကေ့ စွန့်ရပြန်တော့လဲ ဆေးကြောရ၊ သေပြန်တော့လဲ ရေချိုးပေးရ၊ မွေးသည်မှသေသည်အထိ၊ ဘယ်လိုဘယ်ဆပ်ပြာမွှေးနဲ့ပဲ ဆေးဆေး၊ ဘယ်သနပ်ခါးပေါင်ဒါ ရေမွှေးနဲ့ဘဲဖိုဖို၊ မစင်အိုးမစင်တုံးရဲ့ သွားသဘာဝ၊ အပုပ်နံ့ပေါ်မြဲပေါ်၊ ပုပ်မြဲပုပ်လို့ မဆုံးတဲ့ မတင့်တယ်မဖွယ်ရာတဲ့ (အသုဘခန္ဓာကိုယ်)။ အသုဘရှုဆိုတာ မသာပို့သွားမှမဟုတ်ဘူး၊ ဘယ်သွားသွား၊ ဘယ်နေနေ မရှုတတ်လို့မစဉ်းစားတတ်လို့သာ မမြင်ကြတာ၊ ကြောင်ကြောင်ကြီးမို့ ရှောင်လို့မလွတ်တဲ့ အသုဘခန္ဓာတွေ့ယောဂီ။

ဘယ်လိုဘယ်စွမ်းအားနဲ့ပဲ ကောင်းတယ်ချမ်းသာတယ်ဆိုတာတွေ့ ဒီခန္ဓာကိုယ်မှာ တည်တန့်ပါစေတော့လို့ နည်းအမျိုးမျိုး၊ အစာအာဟာရအမျိုးမျိုး၊ အကာအကွယ်အမျိုးမျိုးတွေနဲ့ ထိန်းကျောင်းထားပေမယ့်၊ ကောင်းတယ်ဆိုတာတွေ့မှန်သမျှ၊ ချမ်းသာတယ်ဆိုတာတွေ့မှန်သမျှဟာ ချုပ်ဆုံး၊ ကုန်ပျောက်တတ်တဲ့ ခယဓမ္မာ၊ ဝယဓမ္မာတရား၊ အစိုးမရတဲ့အနှစ်မရှိတဲ့ အနတ္တတရားကေ့သာ ဖြစ်တယ်။ ကောင်းတယ်ဆိုတာတွေ့ ချမ်းသာတယ်ဆို

တာတွေ ဖြစ်စေမလား၊ တည်တန့်လေမလားလို့ ထိန်းဖို့ ကျောင်းဖို့၊ စားဝတ်နေရေး၊ အာရုံခံစားရေးတွေအတွက် အပူ အဇ ဥတုဒဏ်၊ မှုက်၊ ခြင်၊ ယင်၊ ပိုးမွှား၊ တိရစ္ဆာန်တွေရဲ့ဒဏ်ကို ခံစားရင်း၊ ရှာကြရ၊ ဖွေကြရ၊ ရှာကြရင်း ဖွေကြရင်း၊ အပူအဇ ဥတုဒဏ်၊မှုက်၊ခြင်၊ယင်၊ပိုးမွှားတိရစ္ဆာန်တွေနှိပ်စက်လို့သေကြရ၊ ကြေကြရ၊ ကားတိုက် ကားမှောက်လို့ ရထားတိုက်ရထားမှောက်လို့ သေကြရ၊ လေ့၊ သမ္မာန် သဘော်ဝ မှောက်လို့သေကြရ။တဦးနဲ့တဦး၊ ကိုယ်နှုတ် စိတ်သုံးပါးစလုံး အငြင်းပွားကြ၊ အခြင်းမျှားကြ၊ ခိုက်ရန်ဖြစ်ကြ၊သတ်ပုတ်ညှဉ်းပန်းနှိပ်စက် ကလူပြုကြနဲ့ လူ့လောကတခွင်မှာ ပညာရှိဆိုသူတွေကလဲ သိမ်မွေ့နိုင်သမျှ သိမ်မွေ့တဲ့နည်းတွေနဲ့ အရက်စက်နိုင်ဆုံး ရက်စက်ကြမ်းကြုတ်ကြပြီး၊ တဦးနဲ့တဦး၊ တအုပ်စုနဲ့တအုပ်စု၊ တနိုင်ငံနှင့်တနိုင်ငံ။ ကြီးနိုင် ငယ်ညှင်းပြုကျင့်နေကြတာတွေကို ယောဂီတွေးရှုပြီး၊ ဘဝကို စိတ်နာလိုက်စမ်းပါ၊ ဘဝကိုမုန်းတီး ရှုံ့ရှာလိုက်စမ်းပါ ယောဂီ။ လူ့လောကထဲက ထွက်ပြေးဖို့ ရေးနေတာမဟုတ်ဘူး၊ ဒီခန္ဓာလောကသဘာဝရဲ့ အဖြစ်မှန် သံဝေဂဉာဏ်မျှ ရေးတာ ယောဂီ။ တရားရတယ်၊ တရားပေါက်တယ်ဆိုပြီး လူ့လောကထဲကထွက်ပြေးရင် မှားတယ်မုချမှတ်။ (ဒါနမှု၊ သီလမှုဂ-ကမှု၊ လက်တွေ့ဒိဋ္ဌိ ကံလမ်း။သမထကစိတ်ထိန်းတဲ့အလုပ်၊ ဈာန်စခန်း။ ဝိပဿနာအလုပ်က ဒဿနကိစ္စ၊ ဉာဏ်လမ်း၊ယောဂီ)။

အပါယ်တံခါးပိတ်နိုင်အောင် မကြိုးစားပဲ၊တမင်တဖိုလ်မရပဲ၊ ဘာကုသိုလ်တွေပဲ လုပ်ထားလုပ်ထား၊ သေရင် တသိန်းတသန်းမှာ တယောက်အပါယ် လွတ်ခဲပါတယ်။ အပါယ်ကျပြန်ရင်လဲ သုဂတိဘုံကို ပြန်ရောက်ဖို့ဟာ အလွန်အလွန်ခဲယဉ်းတာကို လက်

သည်းပေါ်က မြေမှုန့်စုနဲ့ မဟာပထဝီမှာရှိတဲ့ မြေမှုန့်စုကို နှိုင်းယှဉ်ပြတဲ့ နခသိခသုတ်နဲ့ လိပ်ကန်းနဲ့ ထမ်းပိုး ဥပမာပြတဲ့ ကာဏကစ္ဆေပေါ်ပမသုတ်ကို ဘုရားရှင်နဲ့တကွ ကျေးဇူးရှင်ကြီးများက အခါခါ သတိပေး ဟောကြားခဲ့ပါလျက် လူကောင်းနတ်ကောင်းဘဝကောင်းကို အချိန်နှီးဆုတောင်းသူကဆုတောင်းနေကြတယ်။ နိဗ္ဗာန်ကိုအာရုံပြုပြီး ဒါန-သီလ-သမထ တရားကို ပြုကြကုန်လို့ ဟောပြောသူက ဟောပြောတာကို နိဗ္ဗာန်ကို အာရုံပြုတတ်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင်တော့ အားမထုတ်သေးပဲ၊ လွယ်လွယ်မှတ်သားပြီး ပြုကျင့်နေသူတွေလဲ အနန္တ။

မဂ်တရား၊ ဖိုလ်တရား နိဗ္ဗာန်တရားဟာ (ဒါန)ပေးလှူခြင်းဖြင့် မရ။ ကာယကံသောင်းကြမ်းမှု၊ ဝစီကံ သောင်းကြမ်းမှု ဝိတိက္ကမ ကိလေသာကို တဒင်္ဂတခဏမျှသာ ထိန်းချုပ်နိုင်တဲ့ (သီလ)ဖြင့် လဲမရ။ ကာယကံသောင်းကြမ်းမှု၊ ဝစီကံသောင်းကြမ်းမှု မရှိပေမဲ့ အခွင့်ရရင် ကန်ထွက်မယ့်အတွင်းကြိတ် ဆူပွက်နေတဲ့ ပရိယုဋ္ဌာန ကိုယ်လသာကို ဝိက္ခမ္ဘန ကာလအတော်အတန်ကြာမျှသာ ထိန်းချုပ်နိုင်တဲ့ (သမထ)ဖြင့်လဲ မရ။ မဂ်ဖိုလ် နိဗ္ဗာန်နဲ့ တလမ်းစီသာမှတ်။

(သမထနှင့် ဝိပဿနာ)

သမထယာနိုက၊ ဝိပဿနာယာနိုက၊ နှစ်လမ်းရှိတာ ဘယ်ကစလို့ ဘယ်လိုဆိုတာ တွေ့ခဲ့၊ ဟောခဲ့၊ ရေးခဲ့တယ် ယောဂီ။ ဘုရားရှင် ဟောကြားတော်မူတဲ့ တရားဟာ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ပေးတယ်လို့ဆိုထားပါလျက်၊ ယခု

တောဲ့လောကီရောလောကုတ္တရာပါ။ ဆုတ်ယုတ်မှုန်းမသိဆုတ်ယုတ်နေကြရတယ် ယောဂီ။ တကယ် တရား လိုချင်ပါတယ်ဆိုတဲ့ ယောဂီတွေ မျက်စေ့လည် လမ်းမမှားကြစေဖို့ မေတ္တာနဲ့ရေးတာ တရားနာတယ် တရားစာဖတ်တယ်ဆိုတာ တဏှာနှား တဏှာ မျက်စေ့နဲ့ နာရတာ ဖတ်ရှုရတာမဟုတ်ဘူး။ ပညာနှား ပညာ မျက်စေ့နဲ့ နာရတယ်၊ ဖတ်ရှုရတယ် ယောဂီ။ ရှေ့ဆက်ဖတ်-

သိဒ္ဓတ္ထမင်းသား တောမထွက်ခင်က တောထဲတောင်ထဲမှ ငြိမ်းမှု နိဗ္ဗာန်ရရာရကြောင်း နည်းလမ်းကောင်းလို့ ထင်မှားပြီး သမထ တ ရား တွေ့ သူ့ နည်း နဲ့ သူ အားထုတ်နေကြသူတွေ အနန္တ။ ဒီလိုကျင့်ကြံ အားထုတ်နေကြတဲ့ ကျင့်လမ်းစဉ်ကို သိဒ္ဓတ္ထမင်းသား ကိုယ်တော်တိုင် လမ်းမှန် လမ်းကောင်းလို့ထင်မှားခဲ့တယ်။ မြို့တွင်းနေသူ အပေါင်းဟာလဲ ဒီအတိုင်းပဲ ထင်မြင်ယူမှားကြတယ်။ သိဒ္ဓတ္ထမင်းသားဟာ တောထဲရောက်တော့ အာဠာရ၊ ဥဒကတို့ထံမှာ နည်းခံပြီးကျင့်တဲ့ လမ်းစဉ်ဟာလဲ သမထဘဲ။ သမထလမ်းစဉ်ကို ကျင့်ကြံအားထုတ်ပြီး ကျေနပ်မှုမရလို့ အာဠာရ၊ ဥဒကတို့ကို လူပုဂ္ဂိုလ် အနေနဲ့ စွန့်ခွာခဲ့ပေမယ့် တကိုယ်ထဲ ဒုက္ခရစရိယာကို ကျင့်တာထောက်ရင် သိဒ္ဓတ္ထမင်းသားဟာ သမထအစွဲနဲ့ သမထလမ်းစဉ်ကို မစွန့်နိုင်သေးဘူးဆိုတာ ထင်ရှားတယ်။ ဒုက္ခရစရိယာကျင့်လို့ ပိုင်းပိုင်းလဲ အံမှုးမှုးမှာ မာရ်နတ်သားရောက်လာပြီး၊ သိဒ္ဓတ္ထ အသင်ဟာ ယခု အရိုးပေါ် အရေတင် ဘုရားလဲမဖြစ်ပဲ သင်သေတော့မယ်၊ သင်ဟာ အသက်အားဖြင့် ၃၅ နှစ်အရွယ်၊ ငယ်ရွယ်တုန်းမှာ နေပြည်တော်ပြန်မယ်ဆိုရင် ဒါနတရားတွေ ပြုလိုက ပြုနိုင်သေးတယ်၊ သီလတရားတွေ အားထုတ်လိုသေးက အားထုတ်နိုင်သေး

တယ်၊ သမထတရားတွေ အားထုတ် လိုသေးသပါ့ဆိုရင်လဲ အားထုတ် နိုင်သေးတယ်။ ယခုတော့ ဘုရားလဲ မဖြစ်၊ သင်သေတော့မယ်၊ နေပြည်တော်ကို ပြန်လေလော့လို့ ဖြားယောင်းတယ်။ ဒီနေရာမှာ သိဒ္ဓတ္ထ မင်းသား ဘုရားမဖြစ်ဖို့ အနုနည်းနဲ့ မာရ်နတ်သား ကိုင်တိုက်တဲ့ လက်နက်ဟာ ဘာတွေလဲ စဉ်းစားယောဂီ။

ဟယ် မာရ်နတ်ယုတ်-ငြိမ်းတဲ့ နိဗ္ဗာန်ကို မုချစံဝင်မယ့် ငါကဲ့သို့သော အလောင်းအလျာ အရင့်စားကို ဘာမှန်းမှ မသိတဲ့ သူငယ်နှပ်စား ပုထုဇဉ် အနုစားတွေလို - ဒါန - သီလ သမထ တရားနဲ့ မြှူဆွယ်လို့ ရလိမ့်မယ် ထင်သလား၊ မထင်နဲ့၊ သူးဟဲ့ မာရ်နတ်ယုတ်ရဲ့လို့ သိဒ္ဓတ္ထမင်းသား မာရ်နတ်ကို မောင်းထုတ်တဲ့ စကား သားကိုလဲ ယောဂီ စဉ်းစားစမ်း။

မာရ်နတ် ထွက်သွားပြီးမှ၊ ပဉ္စသီခ နတ်စောင်းရဲ့ (လျှာ့လွန်းလျှင် တဘတ်ဘတ် တင်းလွန်းလျှင် တပြတ်ပြတ်) အခြင်းအရာကို သိဒ္ဓတ္ထမင်းသား မြင်တော်မူပြီး၊ ဒုက္ကရစရိယာမှထခဲ့တယ်၊ သုဇာတာ သတိုးသမီး လှူမှား ကပ်လှူတဲ့ ဃနာ နို့ဆွမ်းစားပြီး နောက်မှ အလင်းဥာဏ်ရတယ်၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူလို့ ဘုရား အဖြစ်ကို ရရောက်တော် မူခဲ့တယ် ယောဂီ။

ကိစ္ဆေနမေအဓိဂတံ၊ ဟလုံ ဒါနိပကာသိတုံ
ရာဂဒေါသပရေတေဟိ၊ နာယံ ဓမ္မော သုသမ္မုဒ္ဓေါ

မေ-မယာ၊ ငါဘုရားသည်၊ကိစ္ဆေန၊သခ်ၢဳလေးထပ်၊ တသိန်းကပ်စင် ပြိုပြင်စွာ ရှာဖွေမှု၊ အဓိဂတံ၊ ရအပ်သောဓမ္မံ၊ နိဗ္ဗာန်

တရားကို၊ ဒါနိ၊ ယခုအခါ ပကာသိတုံ၊ သုံးဘုံသူအား ဟော ကြားခြင်းငှာ၊ ဟလံ၊ မသင့်လျှပြီ၊ ရာဂဒေါသပရေတေဟိ၊ ရာဂ ဒေါသ နှိပ်စက်အပ်ကုန်သော သတ္တဝါတို့သည်၊ အယံဓမ္မော၊ ဤနိဗ္ဗာန်တရားကို၊ နသုသမ္မုဓော၊ အလွယ်တကူမသိနိုင်ရာ။

ဘုရားဖြစ်ပြန်တော့ ဘုရားရှင်ဟာ၊ ဒီတရားဟာ လွယ်လွယ်နဲ့ ရတာမဟုတ်၊ သတ္တဝါတွေဟာ ရာဂဒေါသတွေ အလိမ်းလိမ်းနဲ့ သူတို့ကိုယ်သူတို့ အထင်ကြီးကြတယ်၊ သူတို့ဟာ တတ်လှပြီ၊ သိလှပြီ၊ ဟုတ်လှပြီလို့ ထင်နေကြတယ်၊ သစ္စာလေးပါး အမှန်တရားကို ငါဘယ်လိုပဲ ဟောဟော သူတို့လက်ခံ သဘော ပေါက်ဖို့ဟာ မလွယ်တဲ့အလုပ်၊ အလွန်ပဲ ခက်ပါကလားလို့ ဘုရားရှင် ငြိုးငြူ တော်မူခဲ့တယ်။ ကျွတ်ထိုက်တဲ့သူ ကျွတ်ပါစေတော့၊ ကျွတ်ထိုက်တဲ့ သူတွေကို မဟာကရုဏာတော်ထားပြီး ဟောကြားတော်မူ ပါဘုရားလို့ သဟမ္မတိ ဗြဟ္မာလျှောက်ထား တောင်းပန်လို့ ပဉ္စ ဝဂ္ဂိငါးဦးကအစ တရားစဉ်ကြီး ရိုက်ချော်ဟီးခဲ့တယ် ယောဂီ။ ဝိပဿနာလမ်းစဉ် ဒီကစတယ် ယောဂီ။ ပဉ္စဝဂ္ဂိငါးဦးဟာ ဘာ တရားတွေ အားထုတ်နေကြသလဲ၊ သူတို့လဲ သမထတရားပဲ အားထုတ်နေကြတယ်၊ သူတို့ ၅ ဦးကို ဓမ္မစကြာသုတ်နဲ့ အနတ္တ လက္ခဏာသုတ်ကို ဟောကြားတော်မူတော့ ဝိပဿနာ သန့်သန့်၊ သမထလုပ်ဖို့ လုံးဝမပါဘူး ယောဂီ(ပုဗ္ဗေအန နုဿုတေသု ဓမ္မေ သု)ဆိုတာ သမထမှ၊ ဝိပဿနာလမ်းစ ခွဲထွက်တာဘဲ။ သမထ တရားကို နေ့မအား ညမအား အလေးအမြတ်ထားပြီး ကျင့်နေ ကြတဲ့သူတွေကို၊ အတ္တ ကိလမထာနုယောဂ၊ ကိုယ့်ကိုယ်ကို ချုပ် တည်းအောင့်အည်းရတဲ့၊လက်ဝဲစွန်းအယုတ်ဘဝား၊ကာမသုခလွှ ကာနုယောဂ၊ ကိုယ့်ကိုယ် ထိန်းကျောင်းမှု မရှိပဲ ပေါက်လွတ်ပဲ

စား လှတ်ထားတဲ့ လက္ခဏာစုန်း အယုတ်တရား၊ ဒီအယုတ်တရား နှစ်ပါးကို ပယ်စွန့်ကြဖို့ အလယ်အလတ် လမ်းစဉ်ဖြစ်တဲ့ မဂ္ဂင် ရှစ်ပါး ဝိပဿနာတရားသန့်သန့်ကို ဟောကြားတော်မူခဲ့တယ်။

ဝိတိဂ္ဂမ ကိလေသာဆိုတဲ့ ဝဇီကံသောင်းကြမ်းမှု၊ ကာယကံ သောင်းကြမ်းမှုကို သီလတရားက တဒင်္ဂတခဏပဲ ထိန်းချုပ်နိုင်ပေမယ့်၊ သမထတရားက ဝဇီကံ သောင်းကြမ်းမှု၊ ကာယကံ သောင်းကြမ်းမှု မရှိပေမယ့် အခွင့်ရရင် ကန်ထွက်မယ့်၊ ပရိယုဋ္ဌာန ကိလေသာကို ဝိဂ္ဂမ္ဘန အတော်အသင့်ကာလကြာအောင်၊ ငုတ်လျှိုးနေအောင် ထိန်းချုပ်နိုင်တယ်။ သီလမှ ထလာရင် ဝဇီကံ သောင်းကြမ်းမှု၊ ကာယကံ သောင်းကြမ်း မှဟာ မူလအတိုင်း လျှောနဲ့ခြင်းမရှိသလို သမထမှထလာရင်လဲပရိယုဋ္ဌာန ကိလေသာ ဟာ မူလအတိုင်း ဆူပွက်မြဲပဲ။ ဝိပဿနာတရားကတော့ သီလ၊ သမထနဲ့ အမြစ်ပြုတ်အောင် မပယ်သတ်နိုင်တဲ့ ပုထုဇဉ် သတ္တဝါ ဓာတုမှာ ဘဝစဉ်ဆက် အမြဲကပ်ပါနေတဲ့ အမြစ်မူလဖြစ်တဲ့ အနုသယကိလေသာကို သမုစ္ဆေဒမျိုးပြုတ်အောင်၊ တဖန်ပြန်ဖြစ်ခွင့် မရအောင် ပယ်သတ်နိုင်တယ်။

သမထတရားရဲ့ လိုရင်းသဘောက၊ အကုသိုလ် မဖြစ်စေဖို့ဆိုပြီး စိတ်ကို မပြန့်လွင့်အောင် ဖမ်းချုပ်တယ်။ ဝိပဿနာ တရား အလုပ်ကတော့ သမထမှာလို စိတ်မပြန့်လွင့်အောင်၊ စိတ်တခုထဲ ဖြစ်အောင် စုစည်းတဲ့ ဖမ်းချုပ်တဲ့အလုပ်မဟုတ်ဘူး။ ဒီခန္ဓာပေါ်မှာ စိတ်ကိုပထျာဖြန့်ပြီး၊ တနည်း စကြ်ံ လျှောက်ပြီး ဒီခန္ဓာငါးပါး၊ နာမ်ရုပ် အနတ္တရဲ့၊ အနိစ္စအချက်၊ ဒုက္ခအချက်ကို ယောနိသော အနည်းနည်းနဲ့ နှလုံးဆွင်း ရှုကြည့် ဆင်ခြင်စဉ်းစားမှုဉာဏ်

အလုပ်ဖြစ်တယ်။ သမ္မာသက်ပွအကြောင်းခံမှ သမ္မာဒိဋ္ဌိအကျိုးရမယ် ယောဂီ။

သမထတရားက အိမ့်အလုပ်အိမ့်စီးပွားကို စွန့်ပစ်ရပ်ထားပြီးမှ၊ ပင်ပန်းကြီးစွာ ကျင့်ရတယ်။ လိုအပ်တဲ့ သမထအဆင့်ကို ပေါက်မြောက်ဖို့ကျတော့ လွယ်တယ်။ ဝိပဿနာတရားက အိမ့်အလုပ် အိမ့်စီးပွားကို မစွန့်ပစ်ရ၊ အိမ့်အလုပ် အိမ့်စီးပွားနဲ့ ဘက်တဲ့ပြီး လွယ်ကူသက်သာစွာ အားထုတ်ရတယ်။ ဝိပဿနာဉာဏ် ရရောက်ဖို့ကျတော့ လွယ်တယ်မထင်နဲ့ မလွယ်ဘူး၊ ခက်တယ်၊ တရားကပ်နေတတ်တယ်။ ဒိဋ္ဌိနဲ့တဏှာကို ပယ်ခွာတဲ့ နေရာမှာ မခွာတတ်ရင် ပြန်ပတ်နေတတ်တယ်၊ နည်းကောင်းရဖို့ မဂ်ပေါက်ဖိုလ်ဝင်ပြီးတဲ့ (ဆရာတော်) ဆရာကောင်းလိုတယ် ယောဂီ။

သမထတရားကို ကမ်းကုန်အောင်ပေါက်မြောက်ရင်၊ အကျိုးပေးက၊ ရူပဘဝ-အရူပဘဝ၊ ရုပ်မှာအယူလွန်ခြင်း၊နာမ်မှာအယူလွန်ခြင်းဆိုတဲ့၊ မဂ်ဖိုလ်နဲ့ဖီလာကန့်လန့်ဖြစ်တဲ့ အရပ်ဖြစ် ရှစ်ပါးဘဝကိုရောက်မယ်။ အာဠာဝရ၊ ဥဒကတို့ရဲ့ သာဓကကိုသတိထား။ (သတိ-သတိ)ဆိုတဲ့ပုဂ္ဂိုလ်တွေ့သတိထားတတ်ဖို့ လိုတယ်ယောဂီ။

ဝိပဿနာတရားက ဆရာမှန်ယောဂီမှန်ရင် (၇)ရက်၊(၇)လ၊ (၇)နှစ်အတွင်း မုချမဂ်ဖိုလ်နိဗ္ဗာန်ရမယ်။ ပဒပရမ၊ ဉာဏ်အညံ့ဆုံးပုဂ္ဂိုလ်ဖြစ်လို့ ယခုဘဝ မဂ်ဖိုတ်နိဗ္ဗာန် မရသေးရင် နောက်ဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန်ကို လွယ်လွယ်ကူကူနဲ့ မုချရမယ်။

သမထမှာ လိုအပ်တဲ့ သမာဓိမျိုးက အလုပ်တခုခုမှာ စိတ်ဝင်စားနေတုန်း အနားလာရပ်နေသူကို ရပ်နေမှန်းမသိတဲ့ သမာဓိမျိုး၊ ရှုကွက်ပရိကံတခုကို စိတ်ထဲမှာ စူးစိုက်စဉ်မြဲနေတဲ့ စိတ်တည်ငြိမ်မှုမျိုး၊ ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း

စတဲ့ ဘယ်ကသိုဏ်းကိုပဲရှုရှု ပညတ်အာရုံမှ မလွှတ်တဲ့သမာဓိမျိုး၊ ဝိပဿနာမှာ လိုအပ်တဲ့ စိတ်တည်ငြိမ်မှု သမာဓိကတော့ ဒီခန္ဓာ ငါးပါး၊ နာမ်ရုပ်သဘာဝရဲ့ ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာ မဟုတ်တဲ့အကြောင်း၊ အတ္တအနှစ်သာရ မရှိတဲ့အကြောင်း၊ သုခ ချမ်းသာမှု၊ နိစ္စ၊ မြဲမှုတို့မှ လုံးဝကင်းဆိတ်တဲ့ အကြောင်းခြင်းရာ တွေကို ကိုယ့်အလုပ် ကိုယ့်စီးပွားတွေ လုပ်ရင်းကိုင်ရင်း သွားရင်း လာရင်း အခါအခွင့်ရတဲ့ ကာလကလေးမှာ ယောနိသော အ နည်းနည်းနဲ့ နှလုံးသွင်းရှုကြည့်ဆင်ခြင်စဉ်းစားတဲ့အခါ၊ ဒီခန္ဓာ ရဲ့ မမြဲမှုအနိစ္စ၊ ဆင်းရဲမှု၊ ဒုက္ခ၊ အနှစ်သာရမရှိမှုအနတ္တ၊ ပုဂ္ဂိုလ် သတ္တဝါအသက်လိပ်ပြာမဟုတ်တဲ့ အကြောင်းခြင်းရာ ပေါ်မှာ စိတ်တည်နေတဲ့အခိုက်အတန့်၊ တခဏမျှ၊ စိတ်စူးစိုက်တဲ့ ခဏိက သမာဓိ။ ခဏိကသမာဓိကို ပေါ့ပေါ့မထင်နဲ့ယောဂီ၊အဲဒီခဏိက သမာဓိကမှ-အဓိပညာဖြစ်လာရတာမှတ်။

(သမထယာနိက၊ ဝိပဿနာယာနိက)

သမထနဲ့ဝိပဿနာ- ကျောချင်းကပ်၊နီးလျက်နဲ့ဇဝေး၊ အကျိုး ပေးကဘုံ-၃၁-နဲ့ နိဗ္ဗာန်တလမ်းစီ ကွာခြားနေပါလျက်၊ ဘာ ကြောင့် သမထယာနိကလမ်းစဉ်၊ ဝိပဿနာယာနိက လမ်းစဉ်လို့ နှစ်လမ်းပေါ်ထွက်ရသလဲ။ မြို့စွန်မြို့ဖျား တောထဲ တောင်ထဲမှာ နေပြီး တရားအားထုတ်ပါတယ် ဆိုတဲ့ သူတွေနဲ့ မြို့တွင်းနေ၊ ကာ မဂုဏ်အာရုံထဲမှာ နစ်မျောနေသူအပေါင်းက စိတ်ကို စုစည်းဖမ်း ချုပ်တဲ့ အလုပ်တခုခုကို အားထုတ်မှ တရားအားထုတ်တယ်၊ တနည်းမဂ်ဖိုလ်နိဗ္ဗာန်ရရာရကြောင်း၊ အခြေခံအကျင့်လို့ အရိုးစွဲ

အောင် ယူဆထင်မှားခဲ့ကြတယ်။ ယခုလဲ ထင်မှားအားထုတ်နေကြတယ်၊ နောင်လဲ ကမ္ဘာပျက်သုဉ်းသည်အထိ ယူမှားအားထုတ်နေကြဦးမည်၊ ဘုရားသာသနာရှိနေသလို မာရ်နတ်နဲ့တကွ၊ အာဠာဝရ၊ဥဒကတို့ရဲ့လမ်းစဉ်- သိဥ္ဇည်း အစရှိတဲ့ တိတ္ထိခြောက်ယောက်တို့ရဲ့ တပည့်သားမြေးတွေလဲ အနန္တရှိနေမယ်၊ယောဂီ။ သင်ဘယ်လမ်းစဉ်ပေါ်မှာ လျှောက်နေသလဲ၊ စဉ်းစား၊ မဂ်မရသေးရင် ဘုရားသာသနာ ရှိနေတာမှန်တယ်၊ ယောဂီ ကိုယ်တိုင် ကတော့ မာရ်နတ်နဲ့တကွ အာဠာဝရ၊ ဥဒကနဲ့သိဥ္ဇည်းတို့ရဲ့ လမ်းစဉ်ပေါ်မှ ခဲ့မထွက်နိုင်သေးဘူးဆိုတာ ယောဂီ မငြင်းနိုင်ပါဘူး။

ဘုရားမပွင့်မီ သံသရာအဆက်ဆက် ကမ္ဘာအဆက်ဆက်က စပြီး ယခုရော နောင်ပါ ကမ္ဘာပျက်သုဉ်းသည်အထိ၊ ချုပ်တည်းခြိုးခြံစွာ စားသောက်နေထိုင်ပြီး စိတ်ကိုတည်ငြိမ်အောင် စုစည်းဖမ်းချုပ်တဲ့ အလုပ်ကိုမှ မှန်ကန်တဲ့ တရားအလုပ်လို့ တောနေအာဠာဝရ၊ ဥဒကနဲ့ သိဥ္ဇည်းတို့မှအစ၊ မြို့ထဲနေသူ ဘုရားလိုချင်ပါတယ်ဆိုတဲ့ ပုထုဇဉ်မှန်သမျှ ထင်မှားကြတာကို မဆိုနှင့်ဦး၊ အလောင်းအလျှာအရင့်အမာဖြစ်တဲ့ သိဒ္ဓတ္တမင်းသား ပင်လျှင် ထင်မှားခဲ့ သေးတယ်။ ဒါကြောင့် ဘုရားဖြစ်တော်မူတော့ ကိုယ်ဆွေနမေ အစချီပြီးဘုရားရှင် ငြိုးငြူခဲ့တာ သာသနာ တော်မှာ အရှုထင် အရှား-ယောဂီ။

ဓမ္မစကြာသုတ်နဲ့ အနတ္တလက္ခဏာသုတ်ကို ပဉ္စဝဂ္ဂိုဏ်းဦးကို ဟောကြားတော်မူတော့ ပဉ္စဝဂ္ဂိုဏ်းဦးဟာ ပထမတော့ ဘုရားကို ကြောခိုင်းနေကြလို့ (ဗုဒ္ဓေ အနုဿုတေသု၊ ဓမ္မေသု)ငါတို့ တကြိမ်တခါမျှ မတွေ့ဘူး မဆွေးနွေး မဟောကြားဘူးတဲ့ တရားထူး တရားမြတ်ပါလို့ဆိုပြီး ပဉ္စဝဂ္ဂိုဏ်းဦးကို ဖြောင်းဖြ

ဟောကြားတော်မူခဲ့ရတာ မြင်ယောင်တတ်စမ်းပါ ယောဂီ။ ပဥ္စဝဂ္ဂိတို့လို တောထဲနေသူတွေကို သိဒ္ဓတ္ထမင်းသား ဘဝဆိုတဲ့ ပုဂ္ဂိုလ်အတန်းမြင့်မှု ပုဂ္ဂိုလ် ခင်မင်လေးစားမှု သြဇာညောင်းမှု တွေနဲ့တောင်မှ အတော့ကို သိမ်းသွင်း ဟောကြားတော်မူခဲ့ရတယ်။ မြို့ထဲနေသူအပေါင်းကို ဝိပဿနာတရား အချောက်တိုက် သန့်သန့်ကြီး ဟောကြားဖို့ဟာ လက်ခံကြမှာ မဟုတ်ဘူးဆိုတာ ဘုရားရှင် ကောင်းကောင်းကြီး သိမြင်တော်မူတယ်။

ဒီလို သမထအစဲ့ရှိတဲ့ သတ္တဝါတွေကို ဒီဋ္ဌိရောဂါ ပျောက်ကင်းစေဖို့ ဝိပဿနာဆိုတဲ့ ဆေးခါးကြီးကို ညှူချည်း သန့်သန့် ဟိုက်ကျွေးလို့ မရဘူး။ သတ္တဝါတွေရဲ့အစဲ့၊သတ္တဝါတွေရဲ့စရိုက်နဲ့ ကိုက်ညီတဲ့ သမထသကြား သုတ်လိမ်းပြီး တိုက်ကျွေးတော်မူခဲ့ရတဲ့ အချိန်ကစပြီး သမထ ယာနိကလမ်းစဉ်၊ဝိပဿနာ ယာနိကလမ်းစဉ်ဆိုတာ ပေါ်လာရတယ်။ ဘုရားရှင်ရဲ့ မဟာကရုဏာတော် ဉာဏ်တော်အနန္တတွေကို ကြည်ညိုလို့မဆုံး ဖူးလို့မဆုံး သဒ္ဓါကြည်ညိုမှုတွေ ပွားလိုက်စမ်းပါ ယောဂီ။

(နာမ်မှာဒိုဋ္ဌိစုိက်)

ကမ္ဘာအဆက်ဆက်၊ သံသရာအဆက်ဆက်၊ သတ္တဝါတွေဟာ ပုထုဇဉ်မှန်ရင် စိတ်ကို ငါထင်ကြတယ်၊ ငါပိုင်တယ် ထင်ကြတယ်။ စိတ်ဟာ အနတ္တ၊ ငါ သူ ယောက်ကျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာ မဟုတ်။ ပိုင်ဆိုင်သူမရှိဘူး ယောဂီ။ ဒီနေရာကစပြီး ဖြေးဖြေးစဉ်းစားဖတ်၊ စဉ်းစားတာ စိန္တာမယ ဉာဏ်၊ သမ္မာသက်ပွမဂ္ဂင်မှတ်။ ဝိပဿနာဉာဏ်အလုပ်မှတ်။

(၁) မျက်စေ့၊ နား၊ နှာ၊လျှာ၊ကိုယ်၊ စိတ်ဆိုတဲ့ အခံဝတ်အတွင်း အာယတန-၆-ပါးလဲ ကောင်းမွန် ကြည်လင်ရမယ်။ (၂) အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အတွေးဆိုတဲ့ အတိုက်ခံဝတ် အပြင်အာယတန-၆-ပါးလဲ ရှိရမယ်။ (၃) သူ့အခံဝတ်နဲ့ ဆိုင်ရာ ဆိုင်ရာ သူ့အတိုက်ခံဝတ်ဟာ ရှေ့ရှုမှ မနသိကာရလဲ ရှိရမယ်။ (၄)အခံဝတ်နဲ့ အတိုက်ခံဝတ် အကြားမှာ အာလောက အတားအဆီးလဲ မရှိစေရ။ ဒီလေးချက် ပြည့်စုံမှ သူ့နေရာနဲ့သူ သိမှုစိတ်တလုံး ဖြစ်ပေါ်လာနိုင်တယ်။ဒီလိုဖြစ်ပေါ်လာတဲ့စိတ်ထဲမှာ ခဲ့ခြမ်းစိတ်ဖြာကြည့်ရင်လဲ (၁) ဖြူ နီ ကြောင်ကျား အတုံးအခဲစတဲ့ ပညတ်တွေကို သိတတ်တဲ့သဘော။ (၂) ကောင်းမကောင်း ခံစားတတ်တဲ့သဘော။ (၃) ကောင်းရင် ကောင်းသလို၊ မကောင်းရင် မကောင်းသလို အားယူစေ့ဆော်ရှုန်းကန်တတ်တဲ့သဘောနဲ့။ (၄)ကောင်းမကောင်း မှတ်သားတတ်တဲ့သဘော၊ ဒီသဘောလေးချက် နာမကွန္ဓာတရား -၄-ပါးပဲရှိတယ်။ စိတ်ထဲမှာ ငါဆိုတာ မရှိဘူး၊ ဒီတော့ ငါထဲမှာ စိတ်ရှိတယ်ဆိုတဲ့ ပြဿနာလဲ မပေါ်တော့ဘူး။ စိတ်ဟာ ငါလဲ မဟုတ်ဘူး။ ငါဟာ စိတ်လဲမဟုတ်ဘူး။

ဆိုခဲ့တဲ့ အချက်လေးချက်မှ တပါးပါးမျှိုတဲ့ရင် ဒီစိတ်ဟာ ဖြစ်ပေါ်နိုင်မလား၊ မဖြစ်ပေါ်နိုင်ဘူး ယောဂီ။ စိတ်ဟာ ငါ၊ ငါဟာ စိတ်၊ စိတ်ထဲမှာ ငါရှိတယ်၊ ငါထဲမှာ စိတ်ရှိတယ်လို့ ယောဂီ အထင်အမြင် လွဲမှားခဲ့တာပဲဆိုတာ စဉ်းစားကြည့်စမ်း။ ဒါဝိပဿနာဉာဏ် အလုပ်စခန်း ယောဂီ။ ဒီတရားမျိုး ငါ နာကြားဖတ်ရှုဘူးသားပဲလို့ မပေါ့နဲ့။ ပေါ့ဆခဲ့လို့ တရားမရပဲ တစ်နေရတယ်လို့ သိခဲတယ်၊ ဂရုစိုက် ယောဂီ။ ယောဂီထင်သလို

ငါဟာ စိတ်၊ စိတ်ဟာ ငါ၊ ငါထဲမှာ စိတ်ရှိတယ်၊ စိတ်ထဲမှာ ငါရှိတယ်ဆိုတာ မှန်ရင် ဆိုခဲ့တဲ့ စိတ်ဖြစ်ပေါ်စေတဲ့ အချက်လေးချက်မှ တချက်-နှစ်ချက်-သုံးချက် သို့မဟုတ် လေးချက်စလုံး ခ၊ါတဲ့ပေမယ့် စိတ်ကို ငါက ဖြစ်ပေါ်စေချင်ရင် ဖြစ်ပေါ်ရမယ်။ အဲဒီ အချက်လေးချက်မှ တပါးပါးကို ပယ်နှုတ်ပြီး စိတ်ကို ဖြစ်ပေါ်စေခိုင်းကြည့်စမ်း ယောဂီ။ ဖြစ်ပေါ်စေခိုင်းလို့ ရရဲ့လား၊ စဉ်းစား။ မျက်စေ့ပိတ်ပြီး စဉ်းစားလိုရင် မျက်စေ့ပိတ်ပြီး စဉ်းစား၊ မျက်စေ့ဖွင့်ပြီး စဉ်စားလိုရင် မျက်စေ့ဖွင့်ပြီး စဉ်းစား။ လျှောင်းထိုင်ရပ်သွား ဣရိယာပထ လေးပါးမှာ ယောဂီကြိုက်တဲ့ ကိုယ်အနေအထားနဲ့ ကြိုက်သလို စဉ်းစားစမ်း ယောဂီ။ သဒ္ဓာ ထက်ထက်သန်သန်နဲ့ ဝိပဿနာတရားကို လမ်းမှန်ကျကျ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ ယောဂီဟာ သွေးစဉ်၊ ထိုင်စဉ်၊ ရပ်စဉ်၊လျှောင်းစဉ်၊ စားစဉ်မှာပဲ မင်ဖိုလ်ကို ထိုးထွင်းရှာသိနိုင်တယ်လို့ မူလပဏ္ဏာသင်ဋီကာ မဟာသာရောပမသုတ်အဖွင့်မှာ မိန့်ဆိုတော်မူခဲ့တာ ယောဂီ ကြားဘူးဖတ်ဘူးမယ်။

ငါက ဖြစ်ပေါ်စေချင်တိုင်းလဲ မဖြစ်ပေါ်။ ဆိုခဲ့တဲ့ အချက်လေးချက် ပြည့်စုံရင် ငါက မဖြစ်ပေါ်စေချင်ပဲလဲ မနေရ၊ ဖြစ်ပေါ်လာတဲ့ စိတ်ဟာ ပိုင်ဆိုင်သူမရှိ။ ကလေကဝ ဘောက်သောက် (အနတ္တ)တရား၊ ဖြစ်ပေါ်လာပြီးရင်လဲ ရပ်တည်မနေပဲ ပျောက်ပျက်ချုပ်ဆုံးသွားလေ့ရှိတဲ့ (အနိစ္စ)တရား။ မျက်စေ့မှာ ဖြစ်ပေါ်တုန်း အခြားနေရာ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ ကျန် ဒွါရပေါက်တွေမှာ စိတ်ဟာ ဖြစ်ပေါ်မှုမရှိဘူး၊ ချုပ်နေတယ်။ စဉ်းစား။ စိတ်ဟာ နှစ်နေရာမှာ တပြိုင်ထဲ မဖြစ်ပေါ်ဘူး။ တနေရာထဲမှာသာ ဖြစ်ပေါ်မြဲဖြစ်တယ်။ အဲဒီလို စိတ်ဟာ

တနေရာမှာ ဖြစ်ပေါ်လိုက်၊ ချုပ်ပျက်လိုက်၊ တခြားနေရာမှာ ဖြစ်ပေါ်လိုက်၊ ချုပ်ပျက်လိုက်နဲ့၊ ခိုင်မြဲတဲ့တရား၊ အနှစ်သာရ ရှိတဲ့တရား မဟုတ်။ ရေပွက်ပမာ တဖြုတ်ဖြုတ်နဲ့ ဖြစ်ပေါ်လာ သမျှတွေ ချုပ်ပျက်နေပြီး တရံမလပ် ဖြစ်ပျက်နေတဲ့ (ဒုက္ခ) တရားပဲဆိုတာ၊ ယောနိသော၊ ဉာဏ်နဲ့ စူးစိုက်ပြီး နှလုံးသွင်းရှု ကြည့်ဆင်ခြင် စဉ်းစားရင် သိတယ် ယောဂီ။ ပိုဌ္ဌကတ်သုံးပုံ အကုန်ချုံးလိုက်ရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရား သုံးလုံးသာဖြစ် လို့ ဒီတရားသုံးလုံးကိုပဲ ယောဂီကိုယ်တိုင် သန္ဓိဋ္ဌက ထိုးထွင်းသိမြင် သဘောပေါက်ပြီဖြစ်ရင် ဘုရားရှင် သက်တော်ထင်ရှား မရှိတော့ ပြီမို့၊ မိမိကိုယ်ကိုပဲ မိမိ သာဓု သုံးကြိမ် အပြည့်အဝပဲ ခေါ်လိုက်ပေတော့ ယောဂီ။ မဂ်ဆိုတာ သတိလစ်သွားသလိုလို၊ ရင်ထဲမှာ ဇောသွားတာပဲ၊ ဘယ်လို ဧမှုန်း မသိဘူး၊ ပြောပြလို့ မရဘူး၊ ဖိုလ်ဆိုတာ အိပ်ပျော်နေသလို မေ့မျောနေသလို စသဖြင့် အမျိုးမျိုး ပြောဆိုနေကြတာ နားမယောင်နဲ့ လုံးဝမဟုတ်ဘူး ယောဂီ။

ကိုယ့်ကိုယ်ပိုင်ပစ္စည်းကို၊ ကိုယ်ထားလိုရာမှာ ချထား တင်ထားလိုရင် နာရီဝက်၊ တနာရီ၊ နှစ်နာရီမက တနေ့လုံးချထား၊ တင်ထားလို့ရတယ်။ ကိုယ့်ကိုယ်ပိုင်ပစ္စည်းကို ဦးခေါင်းပေါ်မှာ တင်ထားလဲ ရတယ်။ နှာခေါင်းဝမှာ လက်နဲ့ ကိုင်တေ့ထားလဲ ရတယ်၊ ရင်ဝမှာ လက်နဲ့ကိုင်ကပ်ထားလဲရတယ်၊စိတ်ဟာ အနတ္တ၊ မိမိပိုင်မဟုတ်၊ သူတပါးပိုင်လဲ မဟုတ်၊ ပိုင်ဆိုင်သူ မရှိပါပဲနဲ့ မိမိထားလိုရာ နေ မနေ၊ ထိန်းချုပ်ထားလို့ ရ မရ၊ ခပ်ရှင်းရှင်း၊ ခပ်စင်းစင်း၊ ရိုးရိုးကလေးပဲ ယောဂီ စဉ်းစားစမ်း။

စိတ်ဟာ စိတ်သာပဲ ဖြစ်တယ်၊ အတုံးအခဲသဏ္ဌာန် ပညတ်တွေက လွတ်တယ်၊ ကိုင်တွယ်လို့လဲ မရ၊ မျက်စေ့နဲ့လဲ ကြည့်လို့ မမြင်ရ၊ မရှိဘူးလဲ မဟုတ်၊ ဆိုခဲ့တဲ့ စိတ်ဖြစ်ပေါ်စေတဲ့ အချက်လေးချက် ညီညွတ်ပြည့်စုံရင် မုချဆတ်ဆတ် ထင်ရှားရှိလို့ ပရမတ္ထသဘာဝ အနတ္တဆိုတာ ယောဂကုယ့်တဲ့ ခန္ဓာမှ ဉာဏ်စိုက်ပြီး နှလုံးသွင်း ရှုကြည့်ဆင်ခြင်စဉ်းစားရင် သိရတဲ့ သန္ဓိဋ္ဌိက ဓမ္မဖြစ်တယ်။ သတိပဋ္ဌာန်လေးပါးမှာ (စိတ္တနုပဿနာ သတိပဋ္ဌာန်)ဆိုတာ ခုလို နှလုံးသွင်း ရှုကြည့် ဆင်ခြင်စဉ်းစားတာကို ပြောတာ ယောဂီ။ ဒီလို ရှုကြည့်ရာမှာ စိတ်ဖြစ်ပေါ်ရာ အာယတန ဆိုတဲ့ အတွင်းအခံခေါတ်-၆-ပါးဟာ၊ ငါ သူ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်၊သတ္တဝါ အသက် လိပ်ပြာ မဟုတ်တဲ့ ရူပကွန္ဓာ၊ ရူပ်အစုလဲပါဝင်ပြီး ဖြစ်လို့ (ကာယနုပဿနာသတိပဋ္ဌာန်)လို့လဲ ခေါ်တယ်။ နာမကွန္ဓာ တရားလေးပါး ဆိုတဲ့ စိတ်အစုထဲမှာ ပုဂ္ဂိုလ် သတ္တဝါ ဖရှိ၊ မဟုတ်ပါပဲ၊ ကောင်း မကောင်း ခံစားတတ်တဲ့ သဘောဖြစ်တဲ့ ဝေဒနကွန္ဓာပါရှိလို့၊ (ဝေဒနာနုပဿနာ သတိပဋ္ဌာန်)လို့လဲ ခေါ်ရတယ်။ ကောင်း မကောင်း မှတ်သားတတ်တဲ့ သဘော၊ သညကွန္ဓာနဲ့ ကောင်းရင် ကောင်းသလို၊ မကောင်းရင် မကောင်းသလို အားယူ စေ့ဆော်၊ ရုန်းကန်တတ်တဲ့ သဘော၊ သင်္ခါရကွန္ဓာ ဟာလဲ ငါ သူ ယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက် လိပ်ပြာမဟုတ်တဲ့၊ ဓမ္မာ၊ပရမတ္ထသဘောတရားသက်သက်မျှသာ ဖြစ်ပါကလားလို့ ရှုကြည့်ပြီး ဖြစ်လို့၊ (ဓမ္မာနုပဿနာသတိပဋ္ဌာန်)လို့လဲ တနည်းခေါ်ရပြန်တယ် ယောဂီ။ သတိပဋ္ဌာန်လေးပါးဟာ တပါးစီ၊ တမျိုးစီ

လုပ်ရတာ မဟုတ်ဘူး၊ ဘုရားဟောတရားဟာ ဧကောဓမ္မော ဆိုတာ ယောဂီ ကြားဘူးသားပဲ။

ခုတော့၊ လှမ်းတယ်၊ လှမ်းတယ်၊ သွားတယ်၊ သွားတယ်၊ ထိုင်တယ်၊ ထိုင်တယ်၊ ပိန်တယ်၊ ဖောင်းတယ် စသည်ဖြင့် ပဋိုလ်၊ ပညတ်၊ အတွေ့ကြီးတွေနဲ့ ကာယနုပဿနာ သတိပဋ္ဌာန် ဆိုပြီး ရှုမှတ်နေကြတယ်။ အခု၊ကလဲ ပဋိုလ်ပညတ်ကို ဉာဏ်နဲ့ မဖယ်ခွာပဲ နှာခေါင်းဝမှာ ဝင်လေ ထွက်လေ တိုးထိတာကို တသိထဲ သိနေဖို့၊ စိတ်ကို မပြန့်လွင့်စေနဲ့၊ ထိ-သိ-သတိ၊ ဆိုပြီး ထွက်လေ ဝင်လေ စောင့်မှတ်နေကြတယ်။ ဒါကိုပဲ စိတ္တနုပဿနာ သတိပဋ္ဌာန်ယောင်ယောင် အမည် တပ်ကြသေးတယ်။ အခု၊ကလဲ ထိုင်တာ ကြာလို့ ဖျဉ်းဖျဉ်း၊ ဖျဉ်းဖျဉ်း၊ ရှိန်ရှိန်၊ ရှိန်ရှိန်နဲ့ ပူလာတာ ညောင်းလာတာ၊ထုံကျင်လာတာကိုဘဲ (ဝိပဿနာရှုကွက် မဟုတ်တဲ့ သစ္စာမဝင်တဲ့ ကာယ်ကဒုက္ခကို ဒုက္ခသစ္စာလို့ ယူမှားလျက်)ဝေဒနာလိုက်တယ်ဆိုပြီး ဝေဒနာနုပဿနာ သတိပဋ္ဌာန် လိုလို ပြောဆိုရှုမှတ်နေကြတယ် ယောဂီ။

လှမ်းတယ်ဆိုတဲ့အခါမှာ ရပ်တဲ့ရုပ်ပျက်တယ်၊ ရပ်တယ်ဆိုတဲ့ အခါမှာ လှမ်းတဲ့ရုပ်ပျက်တယ်၊ ပိန်တယ်ဆိုတဲ့အခါမှာ၊ ဖောင်းတဲ့ရုပ်ပျက်တယ်၊ ဖောင်းတယ်ဆိုတဲ့အခါမှာ ပိန်တဲ့ရုပ်ပျက်တယ် ဆိုတာ၊ ပဋိုလ်ပညတ်ကို ဉာဏ်နဲ့မဖယ်ခွာလို့ သန္ဓတိအနိစ္စ အချက်မျှသာ ဖြစ်တယ်။ ပဋိုလ်ပညတ်မပါ၊ ပရမတ္ထ ခဏိကရုပ်ပျက် အနိစ္စအချက်မဟုတ်သေးဘူး။ ခဏိကရုပ်ပျက် အနိစ္စ အချက် မဟုတ်ရင် ဝိပဿနာစခန်းမဝင်ဘူး၊သတိပဋ္ဌာန်လဲ မဟုတ်ဘူး ယောဂီ။ (ဆရာတော်)ဆရာကောင်းထံ နည်းမခံရင်၊ သတိပဋ္ဌာန်အချိုးမကျပဲ၊ သမ္မောဟဒုက္ခ၊မသိနားမလည်လို့ အကျိုးမဲ့

ပင်ပန်းရုံသာ ရှိမယ်။ ဝိပဿနာတရားမှာ ပြုသူကတွေ့၊ ပြုခြင်း ကြိယာနဲ့ အကျိုးပေးကံမပါရ၊ ပါရင် ဝိပဿနာမဟုတ်၊ ဝိပဿနာမဟုတ်ရင် မဂ်မရလို့ တထစ်ကျမှတ်ပါလေ။

(ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သင်္ခါရတရား အနတ္တကသာသင်္ခါရတရားဖြစ်တဲ့ ခန္ဓာငါးပါး နာမ်ရုပ်အနတ္တရဲ့ အနိစ္စအချက် ဒုက္ခအချက်ကို သိမြင်သဘောပေါက်အောင် ရှုကြည့်တယ် ဆိုရတာ ယောဂီ။ နိဗ္ဗာန်အနတ္တကို မျက်မှောက်ပြုတယ်ဆိုရတာလဲ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့သင်္ခါရတရား အနတ္တပါပဲ ယောဂီ၊ သတိရှိလေ)။

ကောင်းပြီ၊ ရှေကစကား ပြန်ဆက်ကြဦးစို့၊ စိတ်ဟာ ငါသူ ယောကျ်ားမိန်းမ၊ မဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်လို့ တထစ်ကျ ယူလိုက်တာနဲ့၊ ငါသူ ယောကျ်ားမိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ ရှိမှ ရှိနိုင်တဲ့ အသက်လိပ်ပြာဆိုတဲ့၊ အယူမှားလဲ ရှိပါတော့မလား၊ စဉ်းစား။

ငါသူ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာ မဟုတ်လို့ ယူလိုက်တာနဲ့ သေတယ်ဆိုတဲ့ ပြဿနာမရှိတော့ဘူး။ သေတယ်ဆိုတဲ့ပြဿနာမရှိတော့လို့၊သေပြီးရင် ဘဝ ရှိသေးတယ် (ဿသတဒိဋ္ဌိ)၊သေပြီးရင် ဘဝပြတ်တယ်၊(ဥစ္ဆေဒဒိဋ္ဌိ) အကျယ်ချဲ့ရင် ဒိဋ္ဌိ(၆၂)ပါး၊ အကုန်လုံးပြုတ်တော့တာပဲယောဂီ။

ဝိပဿနာကျင့် လမ်းမှန်ကို ကျင့်ကြံကြိုးကုတ် အားထုတ်မှု ဆိုတဲ့ (မဂ္ဂသစ္စာကို ပွား)လို့၊ ငါသူ ယောကျ်ားမိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ၊ အသက်လိပ်ပြာမဟုတ်၊ခန္ဓာ၊အာယတန၊ဓာတ်၊သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ အနိစ္စမှု၊ ဒုက္ခမှု၊ အနတ္တမှု၊ ပရမတ္ထသဘာဝ သာ ဖြစ်တဲ့(ဒုက္ခသစ္စာကို သိ)တာဟာ၊ ငါသူ ယောကျ်ားမိန်းမ

ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာမဟုတ်ပါပဲနဲ့ ဟုတ်၏လို့ တကျွာ ဖြင့် ဖောက်ပြန်မှားယွင်းစွာ သိမ်းပိုက်ယူထားတဲ့(သမုဒယသစ္စာ ကို-ပယ်) ပြီးပြီဖြစ်လို့၊ငါသူ ယောကျ်ားမိန်းမ၊ ပုဂ္ဂိုလ်၊သတ္တဝါ၊ အသက်လိပ်ပြာမဟုတ်ပါပဲနဲ့ ဟုတ်၏လို့ မှားယွင်းဖောက်ပြန်စွာ ယူထားတဲ့၊ သက္ကာယဒိဋ္ဌိအယူ၊ သစ္စာဥာဏ်ကို ဖုံးကွယ်နေတဲ့ အဝိဇ္ဇာလဲတဖန်ပြန်ဖြစ်ခွင့်မရအောင် ချုပ်ခြင်းဖြင့် ချုပ်တဲ့ (နိ ရောဓသစ္စာသို့-ဆိုက်)ရတယ်။ သောတာပတ္တိ မဂ်အဆင့်မှာသစ္စာ လေးချက်ဟာ တချက်ထဲ ဒီလိုဝင်သေရမယ် ယောဂီ။

သတ္တဝါတွေဟာ အနတ္တအသံ၊ဝိပဿနာအသံစစ်စစ်ကို သာ သနာပမှာ နာကြားလိုပေမယ့် မနာကြားကြရ၊ ဘုရားတဆူ တ ဆူ ပွင့်တော်မူမှ နာကြားကြရတယ်၊ အနတ္တသဘာဝကို ယောဂီ သဘောပေါက်ပြီဖြစ်ရင်၊ ယောဂီရဲ့ခန္ဓာမှာ ဘုရားပွင့်ပြီ ဖြစ်လို့၊ ဘုရားစစ်စစ်၊ တရားစစ်စစ်၊ သံဃာ စစ်စစ်ကို ဖူးတွေ့ရပြီမို့၊ သြကာသဘုရားရှိခိုးလက်ဝဲနဲ့ ဘုရားရှိခိုးရတာ၊ ရှိခိုးရကျိုးနပ်တာ ပဲလို့ ဝမ်းသာလို့၊ ဆုံးနိုင်ပ'ဦးမလားယောဂီ။

နိဂုံး

တရားဟောတဲ့သူက ဟောတာ၊ နာယူတဲ့နားအထိ၊တရားစာ ရေးတဲ့သူကရေးတာ ဖတ်ရှုတဲ့မျက်စေ့အထိ၊ ကြားကာလကို(ပရိ ယတ္တိသာသနာ)ခေါ်တယ်။ တရားနာရင်း၊ တရားစာဖတ်ရှုရင်း၊ ပရမတ္ထဘာဝဖြစ်တဲ့ နာမ်ရုပ်နဲ့ နိဗ္ဗာန်ကို သဘောပေါက်အောင် ယောနိသောခန္ဓာမှာ ဥာဏ်စိုက်ပြီး အနည်းနည်းနဲ့ နှလုံးသွင်း ရှုကြည့် ဆင်ခြင်စဉ်းစားတာကို (ပဋိပတ္တိသာသနာ)ခေါ်တယ်။

ပညတ်တော်ကို ဖောက်ထွင်းပြီး၊ ပရမတ္ထသဘာဝဖြစ်တဲ့၊နာမ်ရုပ်နဲ့ နိဗ္ဗာန်ကို၊ ကိုယ်တိုင်ထိုးထွင်းတဲ့ဉာဏ်နဲ့ ကိုယ်တိုင် သဘောပေါက် သိမြင်တာကို(ပဋိဝေဓသာသနာ)ခေါ်တယ်။သာသနာသုံးရပ်ဟာ တခုစီ မဟုတ်၊ တချက်ထဲပဲယောဂီ၊ ဒီလို သာသနာသုံးရပ်ကို တခုစီမဟုတ်ပဲ တချက်ထဲအားထုတ်သွားကြလို့ ဘုရားရှင်လက်ထက်တော်က၊ တရားပဲ့တပ့်တပ့်မှာ ကျွတ်တန်းဝင်သွားကြတဲ့သူတွေ အနန္တ။ ကျွတ်တန်းဝင်သွားကြတဲ့ သူတွေက အရင့်စား အမာစားတွေပဲ့၊တိုဟိတ်ပဲ၊မီးခဲပြာဖုံးတွေ့ပဲလို့ ဆင်ခြေ မတက်နဲ့ ယောဂီ၊ သတ္တဝါတဦးရဲ့ကံနဲ့ပါရမီကို ဘုရားမှ တပါးမည်သူမျှ မဆုံးဖြတ်နိုင်ဆိုတဲ့ ဒေသနာစည်းမျဉ်းကို သတိထား။ အားထုတ်ဖို့က ကိုယ့်တာဝန်မှတ်၊ ကိုယ့်ရင်ဝကို ကိုယ့်လုံနဲ့ကိုယ် မထိုးမိစေနဲ့၊ ကျွတ်လွတ်လိုလို့ တကယ်အားထုတ်ရင် တကယ် ကျွတ်လွတ်တဲ့ဝိမုတ္တိယုဂခေတ်ဆိုတာလဲ မမေ့နဲ့ တော်ပြီ။ သာဓု ခေါ်ကြပေတော့။

သောတာပန် ဖြစ်ကြောင်း အင်္ဂါ လေးပါး

၁။ သပ္ပုရိသ၊ သံသေဝေါ။ ခန္ဓာ၊အာယတန၊ဓာတ်၊သစ္စာ၊ ပိဋ္ဌိစ္စ သမုပ္ပါဒ်၊ ပရမတ္ထသဘာဝကို အမြင်ပေါက်၍ မဂ်ရောက်ဖိုလ်ဝင်ပြီးသူ၊ အရိယာသူမြတ်အား ဆည်းကပ်ပေါင်းဖော်ခြင်း။

၂။ သဒ္ဓမ္မသဝနံ။ မရှိပညတ်နှင့် အရှိသဘော ပရမတ်တရား၊ ဓာတ်တရားကို အရိယာသူမြတ်ထံမှ ကြားနာမှတ်သား၊ ဆွေးနွေးမေးမြန်းခြင်း။

၃။ ယောနိသော မနသိကာရော။ မရှိပညတ်ကို ဖောက်ထွင်းလျက် အရှိသဘော ပရမတ်ကို အမြင်ပေါက်အောင် နှလုံးသွင်း ရှုကြည့် ဆင်ခြင်စဉ်းစားခြင်း။

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ။ မရှိပညတ်နှင့် အရှိသဘော ပရမတ်ကို ကောင်းစွာ ခွဲခြားသိမြင်၍၊ ဖောက်ပြန်မှားယွင်းစွာ ယူစွဲခဲ့သော ပညတ်အမြင် အဝိဇ္ဇာကို ပယ်ဖျက်ချေမှုန်းခြင်း။

(ထေရာအပါဒါန်)၊

ဘုရားသားတော်ကြီးများ၏ အာဘော်

ယောဂီ

* ဗုဒ္ဓဘာသာမိဘက မွေးဖွားလို့ ဗုဒ္ဓဘာသာ ဖြစ်နေသလား။
* ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်ကို ဖူးတွေ့ပြီးပြီလား။
* မိမိဟာ ဘုရားရဲ့ရန်သူ ဖြစ်နေမလား။
* ကျမ်းဂန်တတ်ရုံမျှနဲ့ ကလျာဏ ဖြစ်ရောလား။
* ယောဂီသွားတယ်၊ ယောဂီထိုင်တယ်၊ 'မှတ်'နေကာမျှနဲ့ သတိပဋ္ဌာန် ခေါ်ရောလား။
* ဝိပဿနာအလုပ်ဆိုတာ ဘယ်လို အလုပ်မျိုးလဲ။
* ဝိပဿနာအလုပ်ကို ဘယ်လိုလုပ်ရသလဲ။
* စိုးပွားရေးနဲ့ လောကုတ္တရာရေး ဖက်တွဲနိုင်သလား။
* မဂ်-ဖိုလ်-နိဗ္ဗာန်နဲ့ ဘာ့ကြောင့် ဝေးနေရသလဲ။
* နိဗ္ဗာန်ရပါလို့၏လို့ ဆုတောင်းတာ ဘယ်လိုလဲ။
* နိဗ္ဗာန် ရရောက်တယ်ဆိုတာ ဘယ်အခါလဲ။
* နိဗ္ဗာန် ဘယ်မှာရှိသလဲ။

စတဲ့အချက်တွေ၊ ယခုတင်ပြမယ့် ဘုရားသားတော်ကြီးများရဲ့ ကျမ်းအသီးသီးမှ ကောက်နှုတ်ချက်များမှာ ပါရှိပါတယ်။ အစမှ အဆုံး ထပ်ခါထပ်ခါဖတ်ရှုပြီး ကျေးဇူးရှင်ကြီးများကို တရားနဲ့ ကျေးဇူးဆပ်ပါ။

အေးကြည်(စာတိုက်)

စတုဂိရိ ရဟန္တာမြတ်ကြီး။

(စတုဝိရိုဘွယ် ၃၂ ကျမ်းမှ ကောက်နှုတ်ချက်များ)

သာသနာတော်နေဝန်း-တက်ထွန်းစဉ်ကာလတွင်မှ၊ အနတ္တကို မသိလိုက်ရ၊မထင်လိုက်ရ၊ မမြင်လိုက်ရရှိခဲ့သော်သာသနာတော် နေမင်းဝင်၍ မှောင်အတိဖြစ်သောအခါ ဆိုရာမရှိပြီမှတ်။

သူကရသူကရီ စသည်တို့ ကဲ့သို့ ဘာသာ အလေ့အားဖြင့် အထီးအမသိကာမျှ၊ သုနခသုနခီ စသည်တို့ကဲ့သို့ ဝမ်းဝရုံ ရှာစားတတ်ကာမျှ၊ မနုဿတ္တ ဒုလ္လဘကိုရပြီဟု ဝမ်းမြောက် ထိုက်သည် မဟုတ်ချေ။

ဝိပဿနာကိစ္စ အပြီးသို့ မရောက်လျှင် နိဗ္ဗာန်စံရမည်ကို မဆိုလင့်ဦး၊ နိဗ္ဗာန်စော်မျှ မနံသံသရာ၌ နစ်မြုတလဲလဲသာ နစ်ကြရလိမ့်မည်။

တနေ့သုံးကြိမ် ဝေ့ကျောင်းတရာ၊ ရွှေကျောင်းတရာဆောက်လှူရသောထက်၊ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ ဤသုံးပါးတွင် တပါးပါးမျှကို တခဏပညာဖြင့်ရှုမှ ပညာပြဋ္ဌာန်းသော ကုသိုလ်စိတ်ဖြင့် ငြီးငွေ့ရခြင်းသည် အဆအရာမက၊အဆအထောင်မက၊ ကြီးမားလှစွာသော ကုသိုလ်ဖြစ်သည်။

ဘိုကျွဲသွားသည်၊ ဘိုကျွဲနီသွားသည်၊ ဂ္ဂတ္ထိသွားသည် ပုရိသ သွားသည်ဟု သမ္မုတိ ဒေသနာတော် နည်းဖြင့် ဟောတော်မူ သည်။ ၎င်းဟောတော်မူတိုင်းသော၊ ဘိုကျွဲသွားသည်။ ဘိုကျွဲနီ သွားသည် ဂ္ဂတ္ထိသွားသည် ပုရိသသွားသည်ဟု ရှုချေလျှင် သတိ ပဋ္ဌာန်ကို ပွားစေသည် မမည်ချေ၊ ကမ္မဋ္ဌာန်းလည်း မဟုတ်ခဲ့၊ သတ္တဝါဟုယူသော ဒိဋ္ဌိကိုလည်း မစွန့်ခဲ့၊ အတ္တဝါဒု ပါဒါနုံ၊ အတ္တဟု စွဲလန်းသော ဒိဋ္ဌိကိုလည်း မခွာခဲ့၊ ထို့ကြောင့် ထိုဆိုခဲ့ ပြီးသော သမုတိဒေသနာတော် နည်းဖြင့်သာ သိချေသည်ဖြစ် လျှင် ဘိုကျွဲနှင့် တိရစ္ဆာန်သည် ဤအရာ၌ ကေသဒိသ။

အနိစ္စ ဒုက္ခ အနတ္တကို ဆရာမပြ နည်းမရသောကြောင့် ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊သူတပါး၊ ယောကျ်ား မိန်းမ အစရှိသည် ဖြင့် မုချကေန် အမှန်စွဲယူလျှင် အတ္တဝါဒ ဒိဋ္ဌိဖြစ်ခဲ့လျှင် ဗာလ အောက် အလွန်နိမ့်ညံ့ယုတ်သော ဗာလမှတ္တကဒိဋ္ဌိဖြစ်၏။ ဇာတ် သာလွဲသည် နွားကျွဲနှင့် အတူတူဟူလို။

လောကဌ ဥမ္မတ္တကသည် ငါ၏ဥမ္မတ္တကဖြစ်ချေသည်ဟု သိနိုင် မည့်အရေး အလွန်ပင်ခက်ခဲ၏။ ထိုထက်ပင် တုံသော်လည်း သာသနာတော်၌ မိစ္ဆာဒိဋ္ဌိဖြစ်သောသူသည် ငါကား မိစ္ဆာဒိဋ္ဌि ကေန်ဖြစ်ချေသည်ဟု သိနိုင်မည့်အရေး အလွန်တရာ ခက်ခဲ လှသည်။

ဤတရားကား အနိစ္စဖြစ်သည်။ ဤသို့သော အကြောင်း ကြောင့် အနိစ္စဖြစ်သည်။ ဤတရားကား ဒုက္ခဖြစ်သည်။ ဤသို့ သောအကြောင်းကြောင့်မူကား ဒုက္ခဖြစ်သည်။ ဤတရားကား အနတ္တဖြစ်သည်။ ဤသို့သောအကြောင်းကြောင့်မူကား၊အနတ္တ ဖြစ်သည်ဟု ပညာစက္ခုဖြင့် တတ်တတ်ရှုရှု မနှစ်သက် မစုံမက်

ငြိုးငေ့စက်ဆုပ်ခြင်းသည် နိဗ္ဗိန္ဒမည်၏။ ဤနိဗ္ဗိန္ဒပညာပြဌာန်း သော ကောင်းမှုသည်သာလျှင် မဂ္ဂဖလအာသန္နတရ မဂ်ဖိုလ်နှင့် နီးစပ်လှသောကြောင့် မဟာပုညဖြစ်သည်။ နေ့တိုင်း နေ့တိုင်း ရှေအတိုဖြင့်ပြီးသော စေတီ ရှစ်သောင်းလေးထောင် တည် ထား ကောင်းမှု ပြုရသည်ထက် အဆအရာ အဆ အထောင် မက ကြီးမား မြင့်မြတ်လှသော နိဗ္ဗိန္ဒ ဥာဏ် ပြဌာန်း သော ကောင်းမှုကို ဝမ်းမြောက်ဝမ်းသာ သွားထက်ငါ အားထုတ်ကြ ပါသည်ရှိသော် အစိန္တေယျမြတ်ဘုရားအား နှစ်သက်မြတ်နိုးဘွယ် သော မမှပူဇော်ဖြင့် သွားထက်ငါ ပူဇော်ရသည်လည်း မည်၏။

ယခု ဗုဒ္ဓပြာဒဒုလ္လဘအတွင်း၌ ဆွေကြီးမျိုးကြီး မိကောင်း ဘကောင်း သားသမီးဖြစ်ကြရကုန်ပြီးမှ အနိစ္စမှန်းမသိ၊ ဒုက္ခ မှန်း မသိ၊ အနတ္တမှန်း မသိ၊ အသုဘမှန်း မသိမူ၍သူရူးကဲ့သို့ မိစ္ဆာဒိဋ္ဌိမဖြစ်ကြစေကုန်လင့်။

ခန္ဓာငါးပါး အနိစ္စတရား၊ဒုက္ခတရား၊အနတ္တတရား၊ အသုဘ တရားကို နိစ္စ၊ သုခ၊ အတ္တ၊ သုဘဟု ထင်မှတ် စွဲယူ ကျင့်သော သူမှာ လူပင်စင်စစ် ကေန်ဖြစ်သော်လည်း မဟာဇာလ ဥမ္မတ္တက မိစ္ဆာဒိဋ္ဌိအစစ်ဖြစ်လေပြီ။

အကြင်သူသည် လောကီစည်းစိမ်၊လောကီချမ်းသာမျှကိုသာ တောင့်တ၍ လွန်ကဲစွာပင် ဒါနသီလကို အားထုတ်၏။ လုံ့လ ပြု၏။ ထိုသူသည် ကိုယ့်ကိုကိုယ်ရှင်၊ သံသရာဝဋ္ဋဒုက္ခ၌ ရောင်းစား ပေါင်နှံသောသူ မည်၏။

လူဘုံ၊နတ်ဘုံ၊ဗြဟ္မာ့ဘုံသုံးပါးတို့ကို နှောင်အိမ်ကဲသို့ ပညာ စက္ခုဖြင့် ရှုအပ်သည်ဟူ၍ ဟောတော်မူအပ်သော ဒေသနာတော် ကိုလွန်ဆန် ကျော်နင်း၍ ထိုထိုဘဝ၊ ဝဋ္ဋဒုက္ခကို ရပါလို၏ဟု

တဏှာဖြင့် တောင့်တ၍၊ ရှေကုန် ငေ့ကုန်ခံ၍ မဟာဒါနပြုသော သူ၏ရှုးခြင်းထက် ရှုးနိုင်မည့်သူကို တရားတော်၌ မှာမရပြီဖြစ်သောကြောင့် ထိုဥမ္မတ္တကကို၊ မဟာဥမ္မတ္တကဟု၊ မဟာဗာလုမ္မတ္တကဟု ဆိုလိုက်သည်။

ပဠုက္ခဒုက္ခ အနိစ္စ၊ပဠုက္ခဒုက္ခ အနိစ္စဟု တကြိမ်တခါမျှ ဤကဲ့သို့ မဟာကုသိုလ်စိတ်ကို ဖြစ်စေရခြင်းသည် ပကတိ ရှေစင်အတိုပြီးသော ကျောင်းကြီးကို အဆောင်ဆောင် ဆောက်လုပ်၍ လှူရသော ကုသိုလ်လည်း မတူမမျှနိုင်၊ ရှေတုံး ငေ့တုံး-ပတ္တမြားတုံးဖြင့် ပြီးသော စေတီကြီးကို တည်ထားပြုရသော ကောင်းမှုကုသိုလ်စိတ်လည်း မတူနိုင် မမျှနိုင်၊ ပဒေသာပင်ကြီးကို မြေပြင်အပြည့်စိုက်၍ တသက်ပတ်လုံး အလှူကြီးကို ပေးရသော်လည်း မတူမမျှနိုင်။

လောကဌ် သန့်၊ ကြမ်းပိုး၊ မှက်၊ ခြင် ကိုက်မည်ကိုသာ လွန်စွာကြောက်၍ ကျား၊ ဘီလူး၊ ဆင် ကိုက်မည် စားမည် နင်းသတ်မည်ကို မကြောက်သော ဗာလုမ္မတ္တကကဲ့သို့ မီးလောင်မည်၊ လုံးစူးမည်ကိုသာ လွန်စွာကြောက်၍ သံသရာ၌ ကမ္ဘာအဆက်ဆက် နစ်စေတတ်သော သက္ကာယဒိဋ္ဌိ စွဲငြိသည်ကို မကြောက်ရှိခဲ့လျှင် ခွေး ဝက်နှင့်အတူ လူစော်မနံ့ အကျင့်တန်သူကန်းသာဖြစ်တော့သည် ဟူလို။

အနိစ္စ-ဒုက္ခ-အနတ္တအရကို သဘောမိမိ မသိမမြင်နိုင်လျှင် မိစ္ဆာဒိဋ္ဌိမှတ်။ အနိစ္စ-ဒုက္ခ-အနတ္တအရကို သဘောမိမိ သိမြင်နိုင်လျှင် သမ္မာဒိဋ္ဌိမှတ်။

အကြင်ဗာလသည် အနိစ္စ-ဒုက္ခ-အနတ္တ ကေန်မုချမှန်သော ခန္ဓာငါးပါး သံသရာဝဋ်တရားကို သားသမီးဥစ္စာမှတ်လေ၏။

ထိုသို့အနိစ္စ-ဒုက္ခ-အနတ္တခန္ဓာ သံသရာစဉ်လျက်၊ငါ၏သမီး၊ ငါ၏သား၊ ငါ၏ဥစ္စာဖြစ်သည်ဟု စွဲယူ ထင်မှားသော ဗာလသည်၊ ကိုယ်၏ ပင်ပန်းခြင်း စိတ်၏ပင်ပန်းခြင်းသို့ ရောက်ရလေသည်။

တိရစ္ဆာန်အပေါင်းတို့တွင်ကသရာဇာကို အမြတ်ဆိုထိုက်သကဲ့သို့ ထိုအတူ နိဗ္ဗာန်ရောက်စေတတ်သော တရားတို့တွင် ပညာကို အထွဋ်ထား၍ ဘုရားဟောတော်မူတည်။

ခန္ဓာငါးပါး၊ ပရမတ္ထတရား ကေန္ဒြဖြစ်သည်ကိုလျှင် ဒိဋ္ဌိမှတ္တကဖြစ်လေသောကြောင့် ငါ့သမီး၊ ငါ့သား၊ ငါ့မယား၊ ငါ့လင်ဟု အထင်အယူအမှတ် လွဲသောကြောင့် ဆင်းရဲမျှားစွာ တွေ့ရသည်ဟုမှတ်။ သမ္မာဒိဋ္ဌိဆေးတော်ကို မဝင်သမျှ ချမ်းသာရပြီဟု မဆိုထိုက်ဟလို။

အစိန္ဒေယျ ဘုရားသခင်သည် ပစ္စည်းအာမိသဖြင့် လှူဒါန်းပူဇော်ခြင်းကို နှစ်သက်အားရတော်မမူ၊ ကောင်းချီးပေးတော်မမူ မဂ်လေးတန်-ဖိုလ်လေးတန် နိဗ္ဗာန်နှင့် လျော်သော အကျင့်ကို ကျင့်၍ ထိုအကျင့်ဖြင့် ပူဇော်ခြင်းကိုသာ နှစ်သက်အားရ ဝမ်းမြောက်တော်မူသောကြောင့် ကောင်းချီးပေးတော်မူသည်။

သူဌေး သူကြွယ် မင်း မိဖုရား၏ အဖြစ်ကို ရလွယ်၏။ကလျာဏ ပုထုဇဉ်အဖြစ်ကို ရမည်ခဲလေစု၊ နတ်သမီး၊ နတ်သား၊ သိကြား၊ ဗြဟ္မာ၏ အဖြစ်ကို ရလွယ်ဘိစု၊ ကလျာဏ ပုထုဇဉ် အဖြစ်ကို အလွန်တရာ ရခဲစွာ၏။ အဘယ်ကြောင့် ဤသို့ စပ်ဆိုဘိသနည်း။ ဇီခွဲ၊ ဝက်၊ မှစ၍ သတ္တဝါဟူသမျှ ကမ္ဘာအဆက်ဆက် သူဌေး၊ သူကြွယ်၊ မင်း၊ မိဖုရား၊ နတ်သမီး၊ နတ်သား၊ သိကြား ဗြဟ္မာ အကြိမ်ကြိမ် အဖန်ဖန် ဖြစ်သည်ကို ဘုရားသဗ္ဗညူ ဟောတော်မူသောကြောင့် ဆိုသည်။

ပရမတ္ထ ဒေသနာတော်နည်းအားဖြင့်မူကား ဘုရားဟူသည်လည်း တရားပင်၊ တရားဟူသည်လည်း တရားဂုဏ်းပင်၊ သံဃာဟူသည်လည်း တရားဂုဏ်းပင်၊ ရတနာသုံးပါးဟူသည် ပရမတ္ထဓမ္မပင်ဟုလို။

သံသရာဝဋ္ဋဒုက္ခကို သုခချမ်းသာဟု ထင်မှတ်၍ သံသရာဝဋ္ဋဒုက္ခ ကေန်မှန်သော လူ့ဘုံ၊ နတ်ဘုံ ဗြဟ္မာ့ဘုံသို့ ရောက်လိုသောစိတ်ဖြင့် ကြီးစွာသော ကောင်းမှုကို ပြုပါ၊ ပြားသော်လည်း မေထုန်အပြား ခုနှစ်ပါးတို့တွင် သတ္တမမေထုနဓမ္မကို ပြုမှား ကျင့်မှား၍ သံသရာ၌ ရှည်လျားစွာ ကမ္ဘာအဆက်ဆက် ယခုတိုင်တိုင် နစ်ကုန်ကြရကုန်သည်။

သက္ကာယဒိဋ္ဌိမျိုးစေ့ရှိသော ဗာလသည် သက္ကာယဒိဋ္ဌိမျိုးစေ့ရှိခြင်း အတူတူဖြစ်သော ဗာလကို ဆည်းကပ်ပြန်လျှင် သံသရာ၌သာလျှင် အခါခါနစ်ရလေသောကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ပြီးမြောက် ရောက်လိုကုန်သော်သူတို့သည် ကြဉ်ရှောင်အပ်သော ဗာလ။ ဆည်းကပ်အပ်သောပဏ္ဍိတ၊ မြတ်နိုးရတနာ ပူဇော်ရာသော ပုဂ္ဂိုလ်ကို ပြုတော်မူလို၍ အသေဝနာစ ဗာလနုံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊ ပူဇာစ ပူဇနေယျာနုံ၊ တေမင်္ဂလ မုတ္တမံ၊ ဟု သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတို့တွင် ရှေးဦးတင်၍ ဟောတော်မူပေသည်။ ဤသို့ သတိရကြလေစေ။

(အနှစ်ကို ဗာလဆိုတော်မူသည်။ ကလျာဏကအစ အရိယာတို့ကို ပဏ္ဍိတဆိုသော်မူသည်။)

အကုသိုလ်ကံကို မဆိုလင့်ဦး။ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေတကြိမ်မျှကို နေစေတတ်သော ကောင်းမှုကုသိုလ်ကံကို ပင်လည်း ရန်သူကဲ့သို့ ကြောက်အပ်သည်ဟု ဟောတော်မူပြီ။

ထို့ကြောင့် ပဋိသန္ဓေနေစေတတ်သော ပါပဓမ္မ၊ ကလျာဏဓမ္မ၊ ကောင်းမှု-မကောင်းမှု နှစ်ခုစ'လုံးကိုပင် ရန်သူကို ကြောက်သည်ထက် လွန်ကဲစွာ ပညာဖြင့် ကြောက်အပ်သည် သတိရကြစေ။

လူရှာ၊ နတ်ရှာ၊ ဗြဟ္မာ့ရှာသို့ အခါခါအခေါက်ခေါက် ရောက်လိုသည်ဟု တဏှာဖြင့် တောင့်တခဲ့သည်ဖြစ်လျှင် ဘုရားသခင်၏အမိန့်တော်ကို မနာမဲယူမခံမူ၍ ဘုရားသခင်ကိုပုန်ကန်၍ သံသရာ၌ အခါခါနစ်ရမည့် အကြောင်းကိုသာ မနေမနား လုလ္လအားထုတ်သော မဟာဗာလုမ္ဗတ္ထကတို့၏ အပြုအမူအကျင့်သာ ဟူရာတော့သည်။

ဗုဒ္ဓသာသနာတော်၌ ယထာဘူတဉာဏ် စက္ခုကိုမျှမရသော အနွေဗာလ ပုထုဇဉ်သည် ဤသို့ဆင်ခြင်ရာသည်။ သုနခသုနခီတို့လည်း ငါ၏ကိုယ်ဟုထင်ကြကုန်၏။ ခန္ဓာဟု မထင်ကြကုန်။ ငါလည်းငါ၏ကိုယ်ဟု ထင်၏။ ခန္ဓာဟု မထင်နိုင်။ သုနခသုနခီတို့နှင့် ငါသည် ဇာတိဇာတ်မျှသာ ကွဲလွဲခြေတော့သည်။ ဤသို့ဆင်ခြင် ကြံစည်ပြီးနောက် သုနခသုနခီတို့ထက် သာအောင် ယထာဘူတဉာဏ်စက္ခုကိုရအောင် လုံ့လလွန်စွာပြုလေ။

ခွေးထီး၊ ခွေးမထက်သာလိုလျှင် သွားမြီးတိုးပွားမြင့် သွားကျန်သွားသပေါက်ဖြစ်ရမည်ကို ကြောက်သည်ထက် တဏှာလောဘ ရာဂတိုးမြင့် ကိုယ်ကျိုးကမ္မာအဆက်ဆက်ယုတ်မည်ကို ကြောက်လေ့ရှိစေ။

ကေန္ဒမုချအားဖြင့် နတ်လူဗြဟ္မာသတ္တဝါဟူ၍မျှ မရမရှိဘဲ ကိုလျက် နတ်လူဗြဟ္မာသတ္တဝါဟူ၍ ကေန္ဒမုချရှိ၏ဟု-ရှိ၏ဟု အယူဝါဒရှိသည်ကို အတ္တဝါဒဒိဋ္ဌိဟုမှတ်။ သက္ကာယဒိဋ္ဌိဟူ၍လည်းမှတ်။ အတ္တဝါဒဒိဋ္ဌိဟူသည် သက္ကာယဒိဋ္ဌိဟူသည်ကား

သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့အန္တရာယ်ကြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မရနိုင်အောင် တားတတ်ဆီးတတ်သော မဟာဒိဋ္ဌိ ဖြစ်သည်။

ကမ္ဘာတိုင်း-ကမ္ဘာတိုင်း ဘဝတိုင်း-ဘဝတိုင်းပင် ခွေးကဝက်က ရနေကြစက္ခုဖြင့်၊ ခွေးကဝက်က ကြည့်နေကြဖြစ်သော အဖြူအနီအဝါအပြာအစိမ်း အစရှိသော ရူပါရုံကိုသာသော်၎င်း၊ ဂ္ဂတ္ထိပုရိသမိန်းမ-ယောကျ်ား၊ သမီးသားမယား-လင်ကိုသာသော်၎င်း၊ ရနေကြစက္ခုဖြင့်လည်း ကြည့်နေကြ-မငြီးမငွေ့-တစေ့စေ့ကြည့်ရှု၍ တဏှာရာဂကို ပွားများစေ၍ နေမှားချေသည်ရှိသော် ခွေးဝက်နှင့်အတူတူလူစော်မနံနိဗ္ဗာန်နှင့်ဝေးသည်ထက် ဝေး၍ ဘေးလွတ်နိုင်ကြတော့မည် မဟုတ်ကုန်ပြီ။

ဘုံသုံးပါးကို နှောင်အိမ်ကဲ့သို့ မှတ်စေခြင်းငှာ၊တယောဘဝေ အန္ဒုယရံ ဝိယဒဋ္ဌမ်အစရှိသည်ဖြင့် ဟောကြားတော်မူသည်ကို ပမာဏမပြုကြ။ ကျူးလွန်ကျော်နင်း၍ လူဘုံနတ်ဘုံသို့ အကြိမ်ကြိမ် အခေါ်ခေါ်ရောက်မည့်အကြောင်းကိုပြုသော ကျင့်သောသူ၊ လူဘုံနတ်ဘုံသို့ အကြိမ်ကြိမ်အခေါ်ခေါ် ရောက်မည့်အကြောင်းဖြစ်သော ကောင်းမှုကိုပြုကြကုန်။ ဆုတောင်းကြကုန်။ ဤသို့နှိုးဆော် တိုက်တွန်းပြောဟော ပြသကုန်သော သူတို့သည် ဘုရားသခင်၏အမိန့်တော်ကို ကျူးလွန်ကျော်နင်း၍ အတင်း အရဲ့ တရားမဲ့ပြုသည်ကို သိသာသည်မှာ လူကိုမဆိုထား၊ဘိ။ ကဲ့နွားခွေးဝက်ကပင် သိသာလောက်လှတော့သည်။ အထင်အရှား အမျှားသိလောက်သည်ကိုမျှ မသိရှိခဲ့သည်ဖြစ်လျှင် လူအလွတ်စား တရားမဝင်ပြီ။

စိတ်စေတသိုက်-ရုပ်ဟူသော အနိစ္စ-ဒုက္ခ-အနတ္တခန္ဓာ သံသရာကို ပုဂ္ဂလ၊ သတ္တ၊ ဣတ္ထိ၊ ပုရိသဟု၊ ငါသူတပါးဟု စွဲယူမှုတ်လျှင် မိစ္ဆာဒိဋ္ဌိဖြစ်သည်။ မိစ္ဆာဒိဋ္ဌိဖြစ်လျှင်လည်း ဥမ္မတ္တကသဒိသ၊ သူရူးနှင့် အတူတူဖြစ်တော့သည်။ ဥမ္မတ္တက သူရူးနှင့် အတူတူဖြစ်ခဲ့လျှင်၊ ကျွန်းခေါ်ခေးဝက်တို့နှင့် အတူတူပင် ဖြစ်တော့သည်။

တကြိမ်တလီမျှပင် ထက်မြက် သန်လှစ္စာသော စိတ်စေတနာဖြင့်၊ ရူပံအနိစ္စံ၊ ရူပံအနိစ္စံ ဟူ၍သော်ငင်း၊ ရူပံဒုက္ခံ-ရူပံဒုက္ခံ ဟူ၍သော်ငင်း၊ ရူပံအနတ္တာ ရူပံအနတ္တာဟူ၍ သော်ငင်း၊ ဖြစ်စေရသောသူသည် ရှေဖြင့်ပြီးသော ကျောင်းကြီးကို အကြိမ်ကြိမ် ဆောက်၍၊ အကြိမ်ကြိမ် အလှူကြီးကို ပေးရသည်ထက်လည်း အဆဆ၊ အဓိက၊ ဥတ္တမလွန်မြတ်၏။ ရှေဌေ ပတ္တမြားတို့ဖြင့် အတိပြီးသော စေတီကြီးကို အဆူဆူတည်ထား၍ အကြိမ်ကြိမ် မဟာဒါန ကောင်းမှုကြီးကို ပြုရသည်ထက်လည်း အဆဆ သာလွန်သေး၏။ နှစ်သက်ဘွယ်-မြတ်နိုးဘွယ်ရှိသော အထူးထူး အတိုင်းမသိ အဘိုးထိုက်သော့ ဒါနဝတ္ထု တည်းဟူသော အသီးနှင့် ပြည့်စုံကုန်သော အတိုင်းမသိ မျှားစွာကုန်သော၊ ကပ္ပရုက္ခ ပဒေသာပင်တို့ကို တသိမ့်သိမ့် တခြိမ့်ခြိမ့် ပြောတီး၍ အလှူကြီးကို အကြိမ်ကြိမ် ပေးရသည်ထက်လည်း အဆဆ အဓိက ဥတ္တမဖြစ်၍ သာထွန်မြတ်လေသေး၏။

မုဒ္ဓကိုယ်ပုရိသဟု မဆိုအပ်သော ရုပ်တရား နာမ်တရားကို ဣတ္ထိပုရိသဟု စွဲယူခေါ်ဝေါ် ပြောဆို မှတ်ထင်သည် ဖြစ်လျှင် သာသနာတော်၌ မုဒ္ဓအရူး၊ မုဒ္ဓအမိုက် မဟာဗာလုမ္မတ္တကဖြစ်သည်။ သာသနာတော်၌ သည်ထက်တိုး၍ မိုက်နိုင်စရာ မရှိပြီ။ အကုန် မိုက်ဖြစ်တော့သည်။

လူပြည်စုံဆန်၊ နတ်ပြည်စုံဆန်၊ တက်သက်လူးလာ ကြိမ်ဖန်များစွာ ခံစားရပါလို၏ဟု တဏှာဖြင့် တောင့်တသောသူသည်၊ ငါသည် သံသရာ၌ ကြာကြာနစ်မွမ်းရပါလို၏ ဟု ဆိုသည်-ဆုတောင်းသည် မည်ရကား မဟာ ဥမ္မတ္တကဗာလ အရှုးကြီး အမိုက်ကြီးဖြစ်သည်။ သုံးလူထွဋ်ထား ဘုရားသခင်ပင် မတားဆီးနိုင်အောင် ရှုးသည်ဖြစ်၍ အရှုးကြီး မဆီးမတား နိုင်ပြီဟူလို။

အနိုးအစပ်၌ ကြီးစွာသော ရှေအိုးကို ရစုရရန်ရှိလျက် မသိသောကြောင့် သမုဒ္ဒရာ ပင်လယ်ခြားရာ၌ရှိသော ရှေအိုးကိုသာ တောင့်တ၍နေသော သူဆင်းရဲဗာလကဲ့သို့ မဂ်ဖိုလ်ရတနာ ရှေအိုးကို ရထိုက်သော နဝမခဏနှင့် ပြည့်စုံပါလျက်၊ ထိုသို့ ပြည့်စုံကြောင်းကို မေတ္တေယျလက်ထက်တော်၌ မဂ်ဖိုလ် ရလွယ်ပါလို၏ဟု ဆုတောင်းသည်ကား မှားလေစွ။

မဘန်လည် ရဟန္တာမြတ်ကြီး

(ဒိဋ္ဌိဝိသောဓနု ဝဇိရဂ္ဂ ဒိပနီမှ ကောက်နှုတ်ချက်များ)

သစ္စာနှု လောမိက ဝိပဿနာ သမ္မာဒိဋ္ဌိ ယထာဘူတဉာဏ်မျိုးကို ပုထုဇဉ်တို့ မရနိုင်၊ ဘုရား ရဟန္တာ အရိယာတို့၏ ဉာဏ်သာဟူ၍ အခ္ခါသော လူရှင် ရဟန်းတို့က ကြက်ကန်းစဲ့ ပြောဆို၍ နေလေ့ရှိကြကုန်သည်။ ထို့ကြောင့် အခ္ခါသော ရှင်လူ အရပ်သား အကြားအမြင် နည်းကုန်သော အပ္ပဿုတ-ဒုပညာ ပုဂ္ဂိုလ်တို့သည်၊ ရူပ်နာမ်အရာ သင်္ခါရ သဘောကို တရုံတခါမျှ လက္ခဏာ သဘာဝအားဖြင့် ထင်ရှားအောင် မသင်ရဘူး၊ မနာရဘူး၊ နှလုံးမသွင်းရဘူးသဖြင့် အထူး မသိနိုင်ရကား လူကြီး သူကြီး၊ ဘုန်းကြီးရဟန်း ဆိုသူတို့ ပြောလျှင် ဟုတ်တန်ရာ၏ ဟူသော အမှတ်ကို စဲ့၍ ယထာဘူတဉာဏ်ကား ငါတို့ ပုထုဇဉ် အရာမဟုတ်၊ ဘုရား ရဟန္တာတို့၏ အရာသာ ဖြစ်သည်ဟု စိတ်ချ နှလုံးချရှိရှာ ကြ၍ ယထာဘူတဉာဏ် ဖြစ်စရာစကားကို ကြားရ နာရမည်ဆိုလျှင် သေမည်ကိုကြောက်သဖြင့် မနာလိုနိုင်အောင် ဖြစ်တော့သည်။ နာမ်ရူပ်အရာ၊ ခန္ဓာအာယတန စသော ယထာဘူတသဘာဝတရားစကားများကို ကြားရကောင်း-နာရကောင်းဟူ၍ မျှ မမှတ်မိနိုင်အောင် ဖြစ်တော့သည်။ ယထာဘူတဉာဏ် ဆိုရ၍ မှလည်း မယုံကြည်နိုင်အောင် ရှိသူများတော့သည်။

အလိမ္မာမဲ့သေးသော ဗာလသူငယ်ကလေးသည် ရှေ့ပြေသော် မယူချင်၊ အသုံးမကျသော ပန်းကန်ကွဲကိုပြမှ ယူချင်ဘိသကဲ့သို့ ဖြစ်ကုန်သည်။ မသိမလိမ္မာသော သတ္တဝါတို့ကို ယထာဘူတ ဉာဏ်လမ်းပိတ်၍ တိတ်ဆိတ်ကွယ်ပျောက်အောင် ရောက်တတ် ရာရာပြောလေ့ရှိကြကုန်သဖြင့် မြတ်စွာဘုရား အဆုံးအမ သာသနာကို မိစ္ဆာလိမ်းလူး ညစ်ညူးပျက်စီးစေကုန်သော ရှင်ပေါ့၊ လူပေါ့တို့သာ များကြတော့သည်။

ယထာဘူတဉာဏ်ကို ဘုရားရဟန္တာတို့၏ ဉာဏ်သာဟူ၍ ဆိုသောသူ၊ ယထာဘူတဉာဏ်ကို လူတို့မရထိုက်ဟု ဆိုသောသူတို့သည် ကျမ်းဂန်အရာ မလိမ္မာ၍ မိမိတို့လည်း နာမ်ရူပ် လက္ခဏာကို မသိမ်းဆည်းတတ်၊ မသိမ်းဆည်းစဘူး။ ကျမ်းဂန်ကို စိုးစဉ်းမတ္တ သင်ကြားဘူးပါခဲသော်လည်း သင်ရုံမျှသာ၊ အတ္ထသဘာဝကို ထင်နိုင်အောင်မသင်၊ ထင်ရကောင်းမှန်းမျှလည်း မသိသဖြင့် မိမိတို့သဘောအတိုင်း ပြောဆိုကြသည်သာဖြစ်သည်။

အချို့ဆရာတို့ကလည်း ဝိပဿနာ ကုသိုလ်သည် မဂ်ကိုသာ ပေးတတ်၏။ မဂ်ကိုမပေးလျှင် တစုံတခုသော လူနတ် သုဂတိ အကျိုးကိုမပေးတတ်ဟူ၍ ပြောဆိုကြသည်လည်း ရှိ၏။ ထိုသို့ ပြောဆိုခြင်းသည်လည်း ကျမ်းဂန်နှင့် မလျော်သည်သာတည်း။

ရူပကွဲနှော၊ ဝေဒနာကွဲနှော စသည်ဆိုတတ်၊ မြည်တတ် အံတတ် ရွတ်တတ်ရုံနှင့်လည်း နာမ်ရူပ်ကို သိမ်းဆည်းတတ်သော နာမရူပ ပရိဂ္ဂဟဉာဏ်မဖြစ်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ဟေတုပစ္စယော စသည်တို့ကို ဆိုတတ်မြည်တတ် အံတတ် ရွတ်တတ်ရုံနှင့် ပစ္စယ ပရိဂ္ဂဟမမှုဋ္ဌိတိဉာဏ်မဖြစ်၊ အနိစ္စ ဒုက္ခ အနတ္တဟူ၍

ဆိုတတ် မြည်တတ်၊ရွတ်တတ်အံတတ်ရုံနှင့်လည်း ဝိပဿနာဉာဏ် မဖြစ်သေး၊

ယထာဘူတဉာဏ်ဖြစ်အောင်ကား ဆရာသမားတို့ထံနားလည် လိမ်မာအောင် ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ တို့ကို သင်ခြင်း၊ နာခြင်း၊မှတ်သားခြင်းကိုပြုလျက် ထိုရုပ်လက္ခဏာ၊နာမ်လက္ခဏာ တို့ကို ပိုင်းခြားသိမ်းဆည်း၍ သိနိုင်၊ မှတ်နိုင်၊ ဆောင်ကျဉ်းနိုင် သဖြင့် ငါကောင်၊ သူကောင်၊ လူကောင်၊ နတ်ကောင်၊ ကိုယ် ကောင်အတွေ့ရှာမရဘဲ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကွာ၍၊ရုပ်သဘာဝ နာမ်သဘာဝ၊ ရုပ်ဖြစ်သည့်အတိုင်း၊ နာမ်ဖြစ်သည့်အတိုင်း မြင် တတ်၊မှတ်တတ်၊နှလုံးသွင်းတတ်၊ဆင်ခြင်တတ်၊ သဘောကျတတ် သည်ရှိသော်သာလျှင် ယထာဘူတဉာဏ် ဖြစ်သည်ဟူ၍မှတ်။

ဤယထာဘူတဉာဏ်ကား အိမ်ရာထောင်သူလူတို့နှင့် အကွာ ကြီး အဝေးကြီး ဟူ၍ ပြောလေ့ဆိုလေ့ ရှိကြကုန်သည်။ ထိုသို့ ဆိုသော်လည်း မသိမလိမ္မာ၍ဆိုသည်သာမှတ်၊ ရဟန်းဖြစ်စေ၊လူ ဖြစ်စေ၊ ရုပ်နာမ်လက္ခဏာတို့ကို အသေအချာ ဆရာသမားထံ နာခံသင်ကြားရဘူး၍ သိတတ်၊နားလည်တတ်၊ နှလုံးသွင်းတတ်၍ နှလုံးသွင်းလေ့ ပွားလေ့ ရှုလေ့ ပိုင်းခြား သိမ်းဆည်းလေ့ ရှိကုန်သော သူတို့ကား ဤရုပ်နာမ်ကို သိမ်းဆည်းထားတတ် သော ယထာဘူတဉာဏ်ကိုမဆိုနှင့်ဦး သောတာပန်၊ သကဒါ ဂါမ်၊ အနာဂါမ် ရဟန္တာအဖြစ်သို့ပင် ရောက်ကြလေကုန် သော ဗိမ္မိသာရမင်း၊ မဟာနံမင်း၊ သုဒ္ဓေါဒနမင်း၊ အနာထပိဏ်၊ ဝိသာခါ၊ နန္ဒမာတာ၊ ပုဏ္ဏကျွန်မ ဤသို့ စသည် အနန္တပရိမေယျ အဆုံးအဆမရှိ များကုန်သည်။

သဒ္ဓါတရား အားကြီးထက်သန် ဝိပဿနာတရားကိုလည်း အားထုတ်လိုလားတတ်သော ပုဂ္ဂိုလ်အား သွားစဉ် ရပ်စဉ် ထိုင်စဉ်၊ စားစဉ်မဂ်ဖိုလ်ကို ထိုးထွင်း၍ သိခြင်း မဖြစ်ဟု မဆိုရာဟူ၍ မူလပဏ္ဏာသ ဋီကာ မဟာသာရောပမသုတ်အဖွင့်တွင်လည်း မိန့်ဆိုတော်မူသည်။

မလိမ္မာသူ ရှင်လူရဟန်းတို့စကားကို ကြားရ၊ နာရသဖြင့် ယထာဘူတဉာဏ် ဝိပဿနာဉာဏ်တို့မှာ ငါတို့အရာ မဟုတ်စွာဟူ၍ စိတ်ချနှလုံးချ ဓူရနိုက္ခေပဖြစ်၍ ရှုံ့နစ် ညှိုးဖုံးသော ပတ္တမြားတုံးပမာ ဝါသနာရှိလျက် ဝါသနာပျက်၍ မဂ်အကြောင်းဖိုလ်အကြောင်း ကောင်းကောင်းကြီး ဝေးကွာ ရှိနေရှာကြတော့သည်။

ထို့ကြောင့် သက္ကာယဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိတို့သည် တရုံတခါမျှ မကွာမကင်းစဘူး၊ ကွာကင်းရကောင်းမျှမသိ။ကင်းရမည့် တရားစကားကိုမျှ မကြားမနာဝံ့ အောင်ရှိလျက် ငါကောင်၊သူကောင်၊ ကိုယ်ကောင်၊အသက်ကောင်၊မိန်းမကောင်၊ ယောကျ်ားကောင်၊ လင်ကောင်၊ မယားကောင် ဟူ၍သာ အမှတ်ကြီး မှတ်ယူစွဲလမ်းခြင်းဖြင့် ပြင်းစွာ စွဲလန်း၍ ပြောဟောခေါ်ဆိုတိုင်းသော ၁၀၂ ဟာရပညတ်မျှကိုသာ အကယ်စင်စစ် အစွဲကြီးဖြစ်၍ ငါကောင်သူကောင်၊ ကိုယ်ကောင်၊ အသက်ကောင်မှတပါး ရုပ်နာမ်ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ၊ ပဋိစ္စ သမုပ္ပဒါ၊ ပစ္စည်း ပစ္စယုပ္ပန်တရား၊ သဘာဝတို့ကို မှတ်ရ-နှလုံးသွင်းရကောင်းသည်ဟူ၍ မျှ မထင်နိုင်အောင် ရှိသတည်း။

ရုပ်နာမ်တို့၏ လက္ခဏာ ခန္ဓာ စသည်တို့သဘောကိုမသိ၊ အလိုရှိတိုင်း ပြုနိုင်သော ငါကောင်၊သူကောင် အကောင်သတ္တဝါ

ဟု မှတ်ယူစဲ့လန်းခြင်းကား ဒီဋ္ဌိဂါဟ၊ အတ္တသညာ မိစ္ဆာစဲ့လန်းခြင်းသာ ဖြစ်သည်။

(အနိစ္စ ဝိပဿနာ)

သေသည့်တိုင်အောင် ပဝတ္တိအခါ၌ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းတို့သည် မမြဲသောကြောင့် ဤပဝတ္တိ ရုပ်နာမ် ခန္ဓာ ဟူသော အကျိုးတရားတို့သည်လည်း စင်စစ် မမြဲသည်သာလျှင် ဖြစ်၍ ဖြစ်ရာကာလ ဖြစ်သောခဏ၌သာ ကုန်တတ် ပျောက်တတ်သောကြောင့်မမြဲ၊ အနိစ္စံ ခယဋ္ဌေန၊ အနိစ္စံ ခယဋ္ဌေနဟူ၍ ကာလ အနိစ္စ ခဏအနိစ္စ လက္ခဏာတို့ကို စဉ်းစား၍ စိမ့်စိမ့်ထင်အောင် ရှု။

(ဒုက္ခ ဝိပဿနာ)

မီးသို့ကျသော သစ်ရွက်သစ်ခက် စသည်တို့သည် ကျသော ခဏကစ၍ ညှိုးခြောက်ကျမ်းကျေ ပျောက်ပျက်လေကုန်သကဲ့သို့ ထိုရုပ်နာမ် ခန္ဓာတို့သည်လည်း ပဋိသန္ဓေ ဖြစ်စကစ၍ ဘဝတိုင်း၊ ကာလတိုင်း၊အစဉ်တိုင်း ခဏတိုင်း ရင့်ဟောင်းဆွေးမြေ့ စုတေပျက်ချုပ်သည်သာဖြစ်၍ ဖြစ်ပျက်၊ဖြစ်ပျောက်ဘေးအတိရောက်သဖြင့် ကြောက်မက် ထိတ်လန့် ဘုယ်သာ ဖြစ်သော ကြောင့် ဆင်းရဲအတိ၊ ဆင်းရဲအတိ။ ဒုက္ခံ ဘယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေနဟူ၍ ဒုက္ခလက္ခဏာကို စဉ်းစား၍ စိမ့်စိမ့်ထင်အောင် ရှု။

(အနတ္တ ဝိပဿနာ)

မိမိတို့ အကြောင်းအားလျော်စွာ ဖြစ်လျက် မိမိ သဘောအလျောက် ရင့်ဟော်ဝင်းဆွေးမြေ့၊ စုတေချုပ်ပျက်၊ ဖြစ်ပျက်ဖြစ်ပျောက် ဘေးအတိသာရောက်သည်ဖြစ်၍ မြဲမြန် ချမ်းသာအောင် ပြုနိုင်စီရင်နိုင်သော ငါကောင် ကိုယ်ကောင်၊အသက်ကောင်၏အဖြစ်၊ အနှစ်သာရမရှိသောကြောင့် ငါမဟုတ်၊ကိုယ်မဟုတ်။ အနတ္တာအသာရကဌေန၊ အနတ္တာအသာရကဌေနဟူ၍ အနတ္တလက္ခဏာကို စဉ်းစား၍ စိမ့်စိမ့်ထင်အောင်ရှု။

သဘာဝတရားကို တရံမျှမနာဘူး၊ သပ္ပုရိသ စက်ထူးနှင့် မကြုံဘူးရသေး။ ရှေးကောင်းမှုချိုတဲ့၊ စက်သမ္ဘာ ဘုန်းမဲ့သော ပုထုဇဉ်ပုဂ္ဂိုလ်တို့ကား မိဘစဉ်လာ သတ္တဝါတို့အလေ့၊ စဲ့မှတ်၍သာ ပညာအလင်းသက်သက်ကင်းသဖြင့် တွင်းမမြင်၊ ကျင်းမမြင် သူကာဏ်းရှုးအသင်ကဲ့သို့ ထင်သမျှစဲ့လန်း၊ ဤခန္ဓာ ညစ်ညမ်း၏ ယုတ်မာမှန်းသက်သက်ကို အိပ်မက်မျှမမြင်သောကြောင့် သုဘသည်၊ မိစ္ဆာဝိပလ္လာသ၊ တရံတဆစ်မျှ မပျောက်မကွာ နိုင်ကုန်သည်သာတည်း။

သုဘသည်၊မိစ္ဆာဝိပလ္လာသ၊ မကွာတတ်က တဏှာမာနဒိဋ္ဌိ၊ ကပ်ငြိထောင်ကွဲ ယူမှားခြင်းနှင့် မကင်းမကွာ သေကြရှာသော သတ္တဝါ ဟူသမျှတို့ကား အပါယ်စသော ဒုက္ခဝင်ရှိမှ မလွတ်ကုန်ပါ ဓမ္မတာတည်း။

သက်ရှိသက်မဲ့၊သိမ်းဘွဲ့ရောရှု၊အမှိုက်စုဝင်ရှိမီးစာ၊ လောင်စရာ ကျမ်းစရာ နစ်မှန်းဘို့ဖြစ်လာသော သတ္တဝါသခ်ၢရ၊ ထင်သမျှ အာရုံ ပြည့်စုံသမျှ ကာမဝတ္ထုတို့၌ နိစ္စ၊ သုခ၊ အတ္တ၊ သုဘ၊

ကေန္ဒဟု အန္ဓဗာလ၊ လာမက ပုထုဇဉ်၊ ဥာဏ်အမြင် ကာန်းကုန်သော သတ္တဝါသာမန်တို့ ,အလေ့အမှု အယူအထင်၊ ငါ့လင်၊ငါ့မယား၊ ငါ့သား-ငါ့သမီး၊ ငါ့ထီးငါ့နန်း၊ ငါ့သက်နှစ်၊ ငါ့ဆွမ်း၊ ငါ့ကျောင်း ငါ့လေ့လောင်း၊ ငါ့လှည်းယာဉ် ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဟူ၍ တဏှာအားဖြင့် တပ်မက်သာယာ၊ မာနအားဖြင့် မြောက်ကြွထောင်လွှား၊ ဒိဋ္ဌိအားဖြင့် ယူမှားစွဲလမ်း၊ ဒုစရိုက်အကျင့်သွမ်းတို့ဖြင့် ဟောဒုရမ်းယစ်မူး၊ မိုက်မူးပိတ်ပိတ်၊ တိရစ္ဆာန်အဟိတ်တို့ကဲ့သို့ အအိပ်အစား၊အပျော်အပါးနှင့်တရားလက်ကွာ တဏှာလက်ရှိ ဒိဋ္ဌိလက်စွဲ၊ မေ့လျော့ခြင်း မြဲကြသော လူရှင်ရဟန်း၊ မိန်းမ ယောက်ကျား၊ မင်း၊ ပုဏ္ဏား စသောသူတို့ကား ပစ္စပ္ပန်ဘဝ၌ သုခသမ္ပတ္တိ ပျက်စီးသေလွန်ပြီး နောက်ကာလ၊ တမလွန်ဘဝ၌လည်း အပါယ်စသော ဆင်းရဲတို့ကို ရမြဲစင်စစ်ကေန်ဖြစ်၏။

အဂ္ဂိုတ္တရအဋ္ဌကထာ၌ကား ကျောက်စရစ်မှန်က၊ ရေမှာကျသော် မုချစင်စစ်အောက်သို့နစ်သကဲ့သို့ ထို့အတူမိစ္ဆာ အယူမှန်ကသက္ကာယဒိဋ္ဌိမျှလည်း ငါ့ကိုယ် ငါ့ကောင်၊ စွဲယောင်စွဲမှား စွဲလမ်းသောအားဖြင့် စွဲလန်းရှိသေသော် မချုတ် အပါယ်သို့လားရဇကြောင်းကို မိန့်ဆိုတော်မူသည်။

လယ်တီ ရဟန္တာမြတ်ကြီး

(လယ်တီ ဒီပနီများမှ ကောက်နှုတ်ချက်များ)

သာသနာ တွင်းဌ်ကား ဒိဋ္ဌိဇုကမ္မသမ္မာဒိဋ္ဌိ မျက်စေ့ရှိရုံမျှနှင့် ကလျာဏပုထုဇဉ် မခေါ်လောက်သေး၊ ပိဋကတ်ကျမ်းဂန်ကြေ ပြန်နှုံ့စပ် စာပေတတ်သော ပရိယတ်မျက်စေ့ ပေါက်ရုံမျှနှင့် လည်း ကလျာဏ ပုထုဇဉ် မခေါ်လောက်သေး၊ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ခွာရှဲရှာသော ဓာတုစက္ခု၊ ပစ္စယစက္ခုနှင့်တကွ ဝိပ ဿနာ သမ္မာဒိဋ္ဌိ မျက်စေ့ပေါက်မှသာလျှင် ကလျာဏ ပုထုဇဉ် အမှန်ခေါ်ထိုက်သည်။

ဝိပဿနာမှူသည် ဉာဏ်ပညာမှဖြစ်၏။ ဉာဏ်ပညာ အဟုတ် အဟတ် ထိုးထွင်း၍ ပေါက်အောင် ထင်မြင်နိုင်ပေလျှင် ကိုစ္စပြီး၏။ ထို့ကြောင့် ဉာဏ်ပညာ ထက်သန်သော ပုဂ္ဂိုလ်တို့မှာ ထို ကာယဂတာ သတိပွားများမှကို အထူးအားမထုတ်သော်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တကောင်းကောင်း ထင်မြင်၍သွားလျှင် ပြီးစီး ပါ၏။

မျက်စေ့မြင်သကဲ့သို့ ဉာဏ်အမြင်ပေါက်မှ ဝိပဿနာဉာဏ် ဖြစ်သည်။အဘိဓမ္မာကျမ်းဂန်တတ်၍ ဓမ္မသဘာဝတို့ကို နေရာကျ သိနိုင်သော သဘော ယုတ္တိဉာဏ်မျိုးသည် ဝိပဿနာ ဉာဏ်မ

ဟုတ်၊ သုတမယ ဉာဏ်သာတည်း။ ဝိပဿနာ ဉာဏ်ကား စိန္တာမယ ဉာဏ်တည်း၊ ယခုကာလ၌ကား သုတမယဉာဏ်အနေနှင့် ထင်မြင်မှု နှလုံးသွင်းမှုကိုပင် ဝိပဿနာ ဉာဏ်ဟု ထင်မှတ်၍ နေကြသူများ၏။

အဘိဓမ္မာ၌ အစေ့အစပ် တတ်သိလိမ္မာ၍ သုတမယဉာဏ်ဖြင့် သဘောသဘာဝကို မြော်ဆ၍ သုတမယ ယူတို့၌ အနိစ္စ အခြင်းအရာကို ဆင်ခြင်မှု၊ ဟောပြောမှု၊ ကျမ်းစာဘုတ် အုပ်ရေးသားမှုများသည်လည်း သုတမယ ဉာဏ်အမှုသာတည်း။

ပညာရှိတို့၏ သိမှု၌လည်း

(၁) သုတမယဉာဏ်သိ

(၂) စိန္တာမယ ဉာဏ်သိဟူ၍ ၂-ပါးရှိ၏။

၁။ အဘိဓမ္မာကျမ်းဂန်တို့ကို ကောင်းစွာ တတ်လ၍ သဘောသဘာဝ ကျေလည် ချောမောအောင် ပြောတတ် ဟောတတ် ချတတ်ပို့တတ် ဆုံးဖြတ်တတ်မှ သိမှုကား သုတမယဉာဏ်သာတည်း။ ဤသိမှုကား ဝိပဿနာဉာဏ်မျိုး မဟုတ်၊ ပရိယတ္တိဉာဏ်မျှသာတည်း။

၂။ ထိုပရိယတ္တိဉာဏ်တည်း၍၊ ထိုဉာဏ်ဖြင့် သိသည့်အတိုင်း ရှုကြည့်ဖန်များလတ်သော် ထိုခြေဖဝါး ပူနွေးမှု အေးချမ်းမှုတို့၌ မျက်စေ့ဖြင့် မြင်ဘိသကဲ့သို့ ရူပ်ခန္ဓာတခြား၊ နာမ်ခန္ဓာတခြား ကဲ့ကဲ့ပြားပြား ထင်မြင်မှုသည်ကား စိန္တာမယဉာဏ် သိမြင်ဉာဏ်မည်၏။ ဘာဝနာမယဉာဏ်လည်း ဆိုရ၏ (ဤသိမှု မြင်မှုသည် သာလျှင် ဝိပဿနာ ဉာဏ်မည်၏)။

(ဤဘာဝနာအရာ၌ ဤသို့သော စိန္တာမယဉာဏ် အသိအမြင်ကိုသာ လိုအပ်၏။ စိန္တာမယဉာဏ် အသိအမြင်သည်သာ

လျှင် ဒိဋ္ဌိကို ပယ်သတ်နိုင်၏။ ဤကား သုတ္တမယဉ္စာဏ်၊ဝိပဿနာ ဉာဏ် ၂-ပါး ခြားနားချက်တည်း)။

နာမ်ရူပ်၌ ပိုင်နိုင်သည်ရှိသော် ဗြဟ္မာ့စရိယကိစ္စ အပြီးတိုင်လေ၏။ ယခုဘဝ၌လည်း ဘယ်သီလ လိုသေးသည်၊ဘယ်သမာဓိ လိုသေးသည်၊ ဘယ်ပညာလို သေးသည်ဟု ကြောင့်ကြပြုဘွယ် မရှိပြီ။ သံသရာ၌ သီလမှု၊သမာဓိမှု၊ပညာမှု၊ရသော့ လုပ်မှု၊ရဟန်း လုပ်မှုသည် ကြီးကျယ်သော ဒုက္ခမှုကြီးဖြစ်၏။ အနုမတဂ္ဂသံသရာ၌ အခါပေါင်း အနန္တ ထိုဒုက္ခကို ပြုခဲ့လှလေပြီ။ အပြီးမတိုင်တပိုင်းကြောင်ချည်းဖြစ်ခဲ့၍ အပါယ်ငရဲသို့တလဲလဲပြန်၍ကျသည်သာဖြစ်၏။

နာမ်ရူပ် တရားတို့၏ ဖြစ်မှုပျက်မှု မှာမူကား လျှပ်တပြက် အတွင်းမှာ အကြိမ်တရာ၊တထောင်မက ဖြစ်နိုင်ပျက်နိုင်သည်။ ထိုသို့သော ခဏိကအချက် ဖြစ်ပျက်မှု တို့သည်ကား၊ သတ္တဝါတို့၏ ဉာဏ်အမြင်မှာ ပိုင်းခြား၍ ထင်မြင် နိုင်သော အရာစုမဟုတ်ကုန်ပြီ။ မထင်မြင်နိုင်သောအရာကို ဝိပဿနာ၏ အချက်အကွက်ပြု၍ရှုသည်ရှိသော် အနှစ်တရာ၊ အနှစ် တထောင်ပင်ရှိသော်လည်း ဝိပဿနာဉာဏ ဒဿနအကျုံးမှု ဖြစ်ခွင့် မရှိ၊ သမ္မောဟဒုက္ခသာ ဖြစ်ခွင့်ရှိလေသည်။

အဘိဓမ္မာအရာ၌ သဘောယုတ္တိနှင့် တက္ခ ဝိထိလက်ရိုးမျှားကို အလွန်ရှေလည်လှသည်ဖြစ်၍ အတိတဘဝင် ဘဝင် စလနဝဘင်္ဂ ပဋ္ဌေဒပဋ္ဌ ဒ္ဝာရဝဇ္ဇန်း စသည်တို့၏ ဥပါဒ် ဌိတ ဘင်ခဏိကအစဉ် ဖြစ်ပုံ ချုပ်ပုံကို မျှားစွာသော သဘောယုတ္တိတို့နှင့်တက္ခ အသက်ထက်ဆုံးချပို ဟောပြော၍ နေပြားသော်လည်း ထိုပုဂ္ဂိုလ်၏ မြင်မှုသည် ဖြစ်ထိုက်သော သဘာဝယုတ္တိကို မြင်မှုသာဖြစ်သည်။

ဝိပဿနာ မြင်မျိုးပင်မဟုတ်။ ဝိပဿနာမြင်မျိုးနှင့် အလွန်ပင် ဝေးကွာ၏။ သို့ပါလျက် ထိုကဲ့သို့သော ခဏိကဓမ္မအဝီအစဉ် အဖြစ်အပျက်တို့ကို နေရာကျ သိတတ်မှ ဝိပဿနာမှုကို နေရာကျ သိနိုင်မည်ဟု ထင်မှတ်ပြောဆိုကြသော အရာများသည် နေရာကျ အချက်မသိကြီး မသိလှ၍ ထင်မှတ် ပြောဆိုနေကြသော အရာသာဖြစ်သည်။

ဝိပဿနာ ကမ္မဋ္ဌာန်းသည်မှုကား ဉာဏ်အလုပ်ဖြစ်၍ လယ်လုပ်ရင်းလည်း ဖြစ်နိုင်၏။ ယာလုပ်ရင်းလည်း ဖြစ်နိုင်၏။ လှေသွားရင်း၊ လှည်းသွားရင်း၊ ဝန်ထမ်းရင်း ရောင်းဝယ်ရင်း အစရှိသည်ဖြင့် အိမ်အလုပ် အိမ်စီးပွားရေးနှင့် ဘက်တွဲနိုင်သတည်း။

ဘုရားလက်ထက်တော်က သမထ ကမ္မဋ္ဌာန်းကို ပေါက်ရောက်အောင် လုပ်နိုင်သောသူသည် အလွန်နည်းလှ၏။ အိမ်ဌေနေ၍ အိမ်စီးပွားရေးနှင့် ဘက်တွဲ၍ စဲမြဲကြသူ အလွန်များ၏။ ထိုစကားမှန်၏။ သမထကမ္မဋ္ဌာန်း ပေါက်ရောက်သူ လူဌ အလွန်နည်းလှ၏။ရဟန်းတို့ဌသာများ၏။ ဝိပဿနာကမ္မဋ္ဌာန်းပေါက်ရောက်၍ သောတာပန် အရိယာဖြစ်ကြသူကား လူဌ အလွန်များလှ၏။

ရုပ် - ၂၀- ပါးတွင် ဓာတ်ကြီးလေးပါးကို ပိုင်ပိုင် နိုင်နိုင် သိနိုင်ပေလျှင် ရုပ်ဌ ဉာတပရိညာကိစ္စ ပြီးနိုင်၏။ နာမ်ဌလည်း ဝိညာဏ်တပါး၊ ဝေဒနာတပါး၊ သညာတပါး၊ စေတနာတပါး ဤလေးပါးတို့ကို ပိုင်ပိုင်နိုင်နိုင် သိနိုင်ပေလျှင် နာမ်ဌ ဉာတပရိညာကိစ္စ ပြီးနိုင်၏။

ဝိပဿနာတင်ရှုရန်တရားမှာလည်း ရုပ်တရားစုတွင် ခေတ်ကြီးလေးပါးသည်သာ လိုရင်းဖြစ်၏။ နာမ်တရားစုမှာလည်း ဝိညာဏ်ခြောက်ပါးဟူသော စိတ်သည်သာ လိုရင်းဖြစ်၏။

သောတာပန်ဖြစ်၍နေသော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ငါသောတာပန်ဖြစ်ပြီဟု အမှန်အားဖြင့်သိနိုင်ခဲ့၏။ အဘယ့်ကြောင့် နည်းဟူမူ ကိုလေသာတို့၏ အနုသယ အခိုက်အတန့် နက်နဲလှသောကြောင့်တည်း။

သက္ကာယဒိဋ္ဌိ ရှိနေကြကုန်သော သူတို့သည် လူဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံမှာနေကြကုန်သော်လည်း အပါယ်သို့ဦးခေါင်းငိုက်စိုက်နှင့်ချည်း နေကြကုန်၏။ ဦးခေါင်းဇောက်ထိုး ခြေမိုးမြှောက်နေကြကုန်၏။

ပဌာန်း - ၂၄ - ပစ္စည်းကိုမူကား (မောင်သော်) နားလည်နိုင်တည့်ရန် အခွင့်လည်းမရှိ၊ ဝိပဿနာအလုပ်မှာလည်း သုံးနိုင်သော နည်းမျိုးမဟုတ်၊ ပဋ္ဌိသမ္ဘိဒါဉာဏ်၏ အလုပ်သက်သက်မျှသာ ဖြစ်ပေ၏။

ထိုမှတပါး ပဌာန်းဒေသနာတော်အရနှင့် အနတ္တ အချက်တို့ကို ပြဆိုရန် အလွန်ကြီးကျယ်လှ၏။ သဗ္ဗညုတ ဉာဏ်တော် အရာသာ ဖြစ်သည်။ ဝိပဿနာယောဂီပုဂ္ဂိုလ်မှာ အကုန်လိုရင်းမဟုတ်၊ တစိတ်တဒေသနှင့် အနတ္တထင်လျှင် ပြီးတော့သည်။

ဤခေတ်လေးပါးကို ဘုရား၏နည်းလမ်းနှင့် အထင်အမြင်ထိုးထွင်း၍ ထမြောက် ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် လောကုတ္တရာ အရိယာ ဝိဇ္ဇာလမ်းပေါက်၏။ ဝိဇ္ဇာတို့နည်းလမ်းနှင့် ထမြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် လောကီဂန္ဓာရီဝိဇ္ဇာလမ်းပေါက်၏။ အလတ်သော လောကီနည်းလမ်းနှင့်

ထမြောက် ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် ဆေးလမ်း ဓာတ်လမ်း စက်ကရိယာလမ်း ပေါက်၏။

ဤခန္ဓာကို လက္ခဏာရေးနှင့် ကြိတ်နယ်လိုသောသူမှာ အဘိဓမ္မာနည်းမလို၊ ပညာပါရမီ ပွားများဘို့ ပဋိသမ္ဘိဒါဉာဏ် ပွားများဘို့အရာ၌သာ အဘိဓမ္မာနည်း လိုသည်။ မြတ်စွာဘုရားသည်လည်း အဘိဓမ္မာနည်းကို တာဝတိံသာ၌တခါ စန္ဒကူးတောတွင် ရှင်သာရိပုတ္တရာကို တခါသာ ဟောလေသည်။ သည်ပြင် ဘယ်သတ္တဝါကိုမျှ အဘိဓမ္မာနည်းနှင့် ဟောမ၍ ချုတ်သည်ဟုမရှိ။ တာဝတိံသာတွင် အဘိဓမ္မာ ဟောစဉ်အခါမှာလည်း နတ်ပြဟ္မာတို့ကို သုတ္တန်နည်း ညွှန်ပြ၍ ချုတ်ရသည်။

အဘိဓမ္မာနည်း မည်သည်ကား မဂ်ဖိုလ်ရပြီးသော အရိယာပုဂ္ဂိုလ်တို့အား ပဋိသမ္ဘိဒါဉာဏ် ပွားစီးရန်အကျိုးငှာ ဖြစ်၏။ တရား အစိပ်အလီ မျှားပြားလှသောကြောင့် ပုထုဇဉ်တို့ ကမ္မဋ္ဌာန်းအရာနှင့် သက်ဝင်နိုင်သောနည်း မဟုတ်။

အဘိဓမ္မာခုနစ်ကျမ်းကိုတတ်၍ ပရမတ်စကား တသက်လုံး ဟောချပို့၍ နေပြားခဲသော်လည်း ဓာတ်ကဲ့အောင် မမြင်တတ်လျှင် အဘိဓမ္မာ စာတတ် ကျမ်းတတ်ဟုတ်၏။ အဘိဓမ္မာကို မြင်သောသူမဟုတ်။ အနိစ္စ ဒုက္ခ အနတ္တကမ္မဋ္ဌာန်းစကားကို တသက်လုံး ပြောဟောရ၍ စီးဖြန်းရ၍နေပြားသော်လည်း ပရမတ္တမရဏကို ပရမတ္တနိရောဓကို မမြင်တတ်လျှင်ဝိပဿနာဉာဏ် တရုတ်ဆစ်မျှ ဖြစ်ဘူးသောသူ မဟုတ်။

ပယတိကပင် ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိ။ ရူပ်နာမ်သက်သက်သာ ရှိသည်ဟု ယူသော သူတို့မှာ သံသရာစက် ပြတ်လေ၏။ ရူပ်နာမ်

အဆက်ပြတ်လေ၏ဟု ယူ၍ ဥစ္ဆေဒဒိဋ္ဌိ မဖြစ်။ သမ္မာဒိဋ္ဌိသာ ဖြစ်သတည်း။

ရုပ်တရားတို့ကို နိသတ္တ၊ နိဇီဝ၊ တုစ္ဆ၊ သုညသဘောမျှားကို ဆိုခဲ့တိုင်းသော အစီအရင်ဖြင့် ထင်မြင်နိုင်ပေမူကား ထိုထိုရုပ်တရားတို့ထက် အဆမျှားစွာ အာနိသင်းပါးသော စိတ် စေတသိက်ဟူသော နာမ်တရားတို့၏လည်း နိသတ္တ၊ နိဇီဝ၊ တုစ္ဆ သုညသဘောမျှားသည် အလိုလိုထင်ရှားလာလတံ့။

ရူပကွန္ဓာသည် ခေတ်မျက်စေ့မရှိသော အနုဗာလ ပုထုဇဉ်သတ္တဝါတို့အား အနုစ်သာရအနေနှင့် လှည့်ပတ်၍ ကြီးစွာသော အပြစ်ဒုက္ခကို ဖြစ်စေ၏။ သက္ကာယဒိဋ္ဌိရှိကြသော သတ္တဝါတို့မှာ မူကား ယခုနေ့ နတ်မင်းကြီး၊ သိကြားမင်းကြီး၊ နက်ဖြန်ခါ ခွေး၊ ဝက် ခြ၊ ပရက်၊ သန်း၊ ကြမ်းပိုး၊ ယခုနေ့ သီလဝန္တကြီး၊ နက်ဖြန်ခါ ထားပြ သူခိုး၊ မုဆိုး၊ တံငါ၊ ယခုနေ့ စျာန်အဘိညာဉ်ရ သမာဓိရင်ကြီး၊ နက်ဖြန်ခါ ပဲ့သဘင်အလယ်မှာ လူပျက်ကြီး၊ ယခုနေ့ ကျမ်းတတ်၊ ဂန်ဗာတ်၊ ပညာရှိကြီး၊ နက်ဖြန်ခါ အရှုံး အသွပ် ဥမ္မတ္တက၊ လူအ၊ လူနှမ်းကြီး ဖြစ်နိုင်သော သဟာ ရှိကုန်၏။

ဤသံသရာ၌ အယုတ်တမာ ဆိုးဝါးစွာသော အပြစ်ဟူသမျှတို့သည် အတ္တဒိဋ္ဌိမှချည်း ထွက်ကုန်၏။

ကောသလ ခုနစ်ပါးတို့၌ ကောသလအဖြစ်သို့ ရောက်ခြင်းငှာ ကောင်းစွာအားထုတ်၍ နေသောသူသည် ဗုဒ္ဓသရဏဂုံ၊ ဓမ္မသရဏဂုံ၊ သံဃသရဏဂုံကို တမင်ဆောက်တည်ဘွယ်ကိစ္စ မရှိ။ ဘုရားသွားဘွယ်ကိစ္စ မရှိ။ ထိုအလုပ်ကို အားမထုတ်နိုင်သော သုတသရဏဂုံ သမားတို့၏ အမှုသာတည်း။

ဝိသုဒ္ဓိမဂ်မှာ ရူပသတ္တက အစီအရင်နာမသတ္တက အစီအရင်တို့ ဖြင့် အနုသာသနီခဏ်းကို ပြဆိုသော်လည်း ဆရာ နေရာကျ လက်ထပ်ပြု၍ ဆုံးမမည့်သူ ရှိဦးမှ နေရာကျနိုင်သည်။ ယခုအခါ ဌမူကား နေရာကျကျလက်ထပ်ပြုမည့်သူကို တွေ့ခြင်းငှာ ခဲယဉ်းလှ၏။

အဘိဓမ္မာဒေသနာတော်နည်းသည် ဉာဏ်တော်၏ အဟုန်ကို အစွမ်းကုန်လှတ်၍ဟောတော်မူသောနည်း ဖြစ်လေသောကြောင့် ဝေဏေယျ သတ္တဝါတို့အား ကျွတ်တန်းဝင်စေခြင်းငှာ မစွမ်းနိုင်၊ ဝေဏေယျသတ္တဝါတို့၏ ဉာဏ်သည် သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်သော အဘိဓမ္မာ ဒေသနာနည်းကို မှီအောင် မလိုက်နိုင်။

သမုတိအထင်အမြင်ကြီးကို မဖျောက်နိုင်သမျှ ကာလပတ်လုံး ပရမတ္ထဓာတ်သားအစစ်နှင့် အနတ္တသဘောကို ပေါ်လောပေါ် အောင် မြင်နိုင်ကြမည် မဟုတ်ချေ။

ယခုဘဝ၌ မြေလျှိုး မိုးပ္ပ၊ စျာန်ရ အဘိညာဉ်ရ တိုင်းကျော်ပြည်ကျော် သူတော်ကောင်းကြီး နောက်နောင်ဘဝ၌ ထားပြ၊ သူခိုး၊ မုဆိုး၊ တံငါ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကယ်၊ အပါယ်ဘုံသား ဤသို့ဖြစ်၍ လာခဲ့ကြသည်။

မိုက်မှုမှာ ခဏ၊ တထောင်၊ တရာ၊အလိမ္မာမှုမှာတခဏ၊ ယခုဘဝ၌ လောကအလိမ္မာ၊ ဓမ္မအလိမ္မာ၊ စာပေပိဋကတ်ကျမ်းတတ်အကျော် ဆရာတော် သမားတော် နောက်နောင်ဘဝ ဗာလမုဋ္ဌ ဥမ္မတ္တက၊ သုနခ၊ သန်း၊ ကြမ်းပိုး။

ယခုနေ့တွင် လေးကျွန်းဘုရင် စကြာရှင်၊ နက်ဖြန် အဝီစိ။ ယခုနေ့မှာ သီကြား ဗြဟ္မာ နတ်ဒေဝါ၊ နက်ဖြန်ခါတွင် ဇခွေး၊ ဝက်၊ ကြက်၊ ငှက်။

ယခုအခါ ဤကမ္ဘာ၌ မေတ္တေယျဘုရား တဆူသာ ကျန်ရှိတော့သည်။ နောက်ကိုလည်း သုညကမ္ဘာတွေ့ မျှားစ့ာလောပြီးမှ ဗုဒ္ဓပ္ပါဒကမ္ဘာ လာတော့မည်။ ယခုတွေ့ကြုံ၍ နေဆဲဖြစ်သော အရှင်ဂေါတမ သာသနာကို လွန်၍သွားသောသူတို့သည် မေတ္တေယျဘုရားတဆူကို မဆိုထားလင့်ဦး။ နောက်ကို ဘုရားပေါင်း တရာကိုပင် လွန်နိုင်ကြကုန်သေး၏။ ဘုရားပေါင်း တထောင်၊ တသောင်း၊ တသိန်း၊ တသန်းကိုပင် လွန်နိုင်ကြသေး၏။ အဘယ်ကြောင့်နည်းဟုမူ တွေ့ကြုံရန်လမ်းကား တလမ်းသာရှိ၏။ လွဲကြရန်လမ်းကား အသခ်ေပါင်း အနန္တရှိ၏။ ထို့ကြောင့် ယခုအခါ နောက်မေတ္တေယျဘုရားကို ထင်စားကြ အားကိုးကြသောအမှုသည်လူပြည်က အပ်တချက် ဘဝ်က အပ်တစင်း အပ်သွားချင်း တိုက်မှုထက်ပင် ခဲယဉ်းလှချေ၏။ သတိမူကြပါ လေကုန်။

ကျမ်းဂန်တို့၌ တိုက်ရိုက်ရှိသော ဝိသုဒ္ဓိခုနှစ်ရပ် ပဋိပတ်ကျင့်စဉ်မျှားကိုသာ တွေ့ရှိ၍ ခေတ်သမယကို မမြှော်မိကြကုန်သော ဆရာတို့သည်ကား ယခုအခါ၌ သမထအမှု ဝိပဿနာအမှုမျှားကို အားထုတ်ပါသည်ဆိုလျှင် သီလဝိသုဒ္ဓိပြည့်စုံပြီလား၊ သီလဝိသုဒ္ဓိ မရှိလျှင် အာပေါက်အောင်စီးဖြန်းသော်လည်း မဖြစ်ဟု ပြောဆိုလေ့ရှိကြကုန်၏။ အခ္ခါသော လူပြိန်းတို့ကလည်း ထိုစကားကို နားယောင်ကြကုန်၏။ ဓမ္မန္တရာယ် ဖြစ်လေ၏။

ဓမ္မနွယ်ရာယ်ကိုပြုတတ်သော မိစ္ဆာခမ္မဆိုသည်ကားသံသရာဘေးကို ကောင်းစွာမြင်နိုင်ခြင်း၊ မဂ်ဖိုလ်ကို ရထိုက်သော ခေတ်ကာလမဟုတ်ဟု ထင်မှတ်ခြင်း၊ ပါရမီအရင့်ကို စောင့်စားခြင်း၊ ယခုကာလ ရှိကြသူတို့ကို ဒိဋ္ဌိတပ္ပဂ္ဂုလ်ဟု ထင်မှတ်ခြင်း အစိပတိဖြစ်သော ရှေး ရှေး ဆရာကြီးတို့ပင် မဖြစ်နိုင်ကြကုန်ပြီဟု ဆန္ဒဥဿဟကို စွန့်ထားခြင်း စသည်တို့တည်း။

အနမတဂ္ဂသံသရာတွင် ကျင်လည်၍နေကြရာ ရံခါ ရံဖန် ကျမ်းဘတ် ဂန်တတ်၊ပရိယတ်အကျော် ဆရာတော် သမားတော်ကြီး ရံခါရံဖန်အသက်ရှိသည်ဟု၍ ပြောရရုံမျှ ရှိကြသော ခရူ၊ ပက်ကျီ၊ တီ၊ မြှော့၊ သန်း၊ ကြမ်းပိုး၊ ပိုးလောက်၊ ကမြင်းနီ စသည် ဖြစ်ရိုးအစဉ် အထင်အရှားပင်တည်း။

အနိစ္စလက္ခဏာတခုကိုလည်း ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာတခု၌ ပိုင်နိုင်စွာ ထင်မြင်နိုင်လျှင် အနာဂါမိမဂ်ဖိုလ်တိုင်အောင် ဆိုက်နိုင်၏။ နာမက္ခန္ဓာ လေးပါးတို့တွင် တပါးပါး၌ ပိုင်နိုင်စွာ ထင်မြင်နိုင်လျှင် အရဟတ္တဖိုလ်တိုင်အောင်ဆိုက်နိုင်၏။

သဒ္ဓာရဓာတ်တို့၏ မြောက်စားမှု အတွက်ကြောင့် ဘဝအဆက်ဆက်တို့ကို မဆိုထားဘိဦး၊ ယခုအခါ ဘုရားသာသနာအတွင်း၌ပင်လျှင် အပါယ်အိုးကြီး၊ ငရဲအိုးကြီးဖြစ်သော သက္ကာယဒိဋ္ဌိကိုပင် ထိမထင်ပြု၍ နေကြကုန်၏။

ဒါနကုသိုလ်သည် လိမ္မာသူတို့မှာ သံသရာကြီး အဘွင်း၌ လျှပ်တပြက်စာမျှကဲ့သို့သော လူချမ်းသာ နတ်ချမ်းသာကို ပေး၏။ မလိမ္မာပါမူကား၊ ထိုဒါနကုသိုလ်မှ တဏှာ၊ မာန၊ ဒိဋ္ဌိစသော ကိလေသာမီးတို့ တောက်ထကုန်၍ အမျိုး အဆွေ၊

အပေါင်းအသင်းတို့နှင့်တကွ ကြီးစွာသောအပါယ်ဒုက္ခသို့ ပစ်ချတတ်၏။

(အန္ဓပုထုဇနမ္ပန်လျှင် လူမိုက်ချည်းမဟုတ်ပါလော)။

လူမိုက်အလှ၊ ပေးပါမူလည်းရှယ်ခြူ၊ ဖိုလ်မင်၊ မပန်နက်တည့်၊ မှားဘက်ဌသာ ကျင်လည်ရာ၏။ (ရှင်သီလဝံသ)

အတ္တ ဟူသည်ကား စွဲလမ်းသော မိစ္ဆာစိတ်ရှိမှ အတ္တဟု ရှိသည်။ စွဲလမ်းသော မိစ္ဆာစိတ်မရှိလျှင် အတ္တဟူ၍မရှိ။ အတ္တ မရှိလျှင်လည်း ပုဂ္ဂိုလ်သတ္တဝါဟူ၍ ထင်မှတ်ဘွယ်မရှိ။ ပုဂ္ဂိုလ် သတ္တဝါဟူ၍မရှိလျှင် ပုဂ္ဂိုလ် သေသည်-ရှင်သည်ဟူ၍ပင် မရှိ။ သေသည်-ရှင်သည်ဟူ၍မရှိလျှင် သေလျှင် ပြုတ်သည်-မပြုတ်သည်ဟုမရှိ။ ထိုသို့ မရှိဘဲလျက်၊ အရှိပြု၍ယူခဲ့လျှင် ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိ ဖြစ်၏။ မဂ်လမ်းဖိုလ်လမ်းမှ ဖီလာဖြစ်၏။ ထိုအယူ ရှိ၍နေလျှင် မဂ်ဖိုလ်ကို မဆိုထားဘိ ဝိပဿနာဉာဏ်မျှပင် မသိနိုင်ပြီ။ ဘုရားနှင့်တွေ့ရသောသူ၊ တရားနှင့်တွေ့ရသောသူ၊ သာသနာနှင့်တွေ့ရသောသူဟူ၍ မဆိုထိုက်ပြီ၊ သတိရှိကြလေကုန်။

မိမိ၏ ကိုယ်အင်္ဂါဖြစ်၍နေသော စက္ခုစသည်တို့ဌ သာယာ စွဲလမ်းမြဲအတိုင်းနှင့်နေ၍ သေကြလတံ့သောသူတို့သည် ယခု အခါ အမှန်နိဗ္ဗာန်ကိုပင် ပြောဆို၍နေကြသော်လည်း နိဗ္ဗာန်နှင့် တနေ့တခြား ကွာဝေး၍သွားသောသူတို့ မည်ကုန်၏။

ဒီပဲရင်း ရဟန္တာမြတ်ကြီး

(ပရမတ္ထစက္ခုကျမ်းမှ ကောက်နုတ်ချက်များ)

ယခုခေတ်အခါ မျှားသောအားဖြင့် ငါတို့လည်း ရတနာသုံးပါးအတွင်းဝင်ဟု မှတ်ထင်တတ်ကြ၏။ ရတနာ သုံးပါးကို ငါတို့ ကိုးကွယ်သည်ဟု ဆိုတတ်ကြ၏။ ရဟန်းရော လူရော ရတနာသုံးပါးကို အမှန်ကျ သိတတ်ခဲလှ၊ ကြည်ညိုတတ်ခဲလှ၏။ ဥာဏ်အမြင်တိုကြလှ၏။ ဘုရားဆိုလျှင် စေတီရုပ်ပွား၊ အုတ်ရိုးဘုရားတွင် ဆုံးနေ၏။ တရားဆိုလျှင် ယုပ်လဲ့တရား၊ယပ်ထောင်တရား ပိဋကတ်စာပေတွင် ဆုံးရှိနေ၏။ သံဃာတော် ဆိုလျှင် ယခု ဘုန်းကြီးတွေတွင် ဆုံးရှိနေ၏။ အထက်ကို ကျော်ဖောက်၍ ရတနာသုံးပါးအစစ်သို့ မရောက်နိုင်ကြကုန်။ ရတနာသုံးပါးကို မဆိုထားဘိ။ ပုဂ္ဂိုလ်ကိုသော်လည်း ကြည်ညိုတတ်ခဲလှ၏။သဒ္ဓါအသွင်၊ တဏှာဝင်၊ ခင်မင်သည်ကို အကြည်ညို၊ မသိကိုအသိ မောဟဖိ၊ မဟုတ်သိမျှား၊ အဟုတ်သိကား ရှားလှချေ၏။

အသားအနှစ် ပရမတ်အစစ်ကို သိသောဥာဏ်မျက်စိရှိမှသာ ဘုရားမှန်း သံဃာမှန်း သိမြင်နိုင်သည်။ ဥာဏ်မျက်စိ မရှိက ဘုရားမှန်း သံဃာမှန်း မသိမြင်နိုင်သည့်အတွက် ပကတိမျက်စိဖြင့် ဘုရားကို မြင်သော်လည်း မြင်သည် မမည်၊ အကန်းပင်

တိရစ္ဆာန်တို့လိုပင် ဆိုလိုသည်။ ပရမတ်အစစ် ဆိုသည်မှာ ရူပ်တရား၊ နာမ်တရား ဤနှစ်ပါးကိုဆိုသည်။ သဘာဝနှင့် တကွ လက္ခဏာရေးသုံးပါး ပါအောင်သိမှ ပရမတ်စစ်သည်၊ မပါ လျှင် မစစ်။

မဟုတ်မရှိဘဲ ထင်မှားမြင်မှား၊ ယူမှား စဉ်လန်း ကြသော အတ္တဒိဋ္ဌိကို ဖျက်ဆီးရန် နည်းလမ်းကိုပင် သာသနာ ဆိုရသည်။

သုတအသိဖြင့် အဟုတ်အမှန် ရူပ်နှင့်နာမ်ကို၊ သိနိုင်မြင်နိုင်လျှင် ဘုရားကို မှန်မှန်မဲ့မဲ့၊တရားကိုမှန်မှန်မဲ့မဲ့၊ သံဃာကို မှန်မှန်မဲ့မဲ့ သိနိုင်မြင်နိုင်တော့သည်သာ။ ရတနာသုံးပါးကို မှန်မှန်မဲ့မဲ့ သိနိုင်မြင်နိုင်မှလည်း ပြုသမျှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တို့ တုတ်ခိုင်သန်မြဲ၍ နောင်မဂ်အခြေဖိုလ်အခြေ ကောင်းကောင်း ကြီးဖြစ်နိုင်မည်။ အသိဉာဏ်ကား၊ လောကအလုံးတွင် အမြတ်ဆုံးတရား၊ အရာရာမှာ ကျေးဇူးများလှ၏။ မသိခြင်းကား၊ယုတ်မာ ဆိုးဝါး၊ အရာရာမှာ အပြစ်များလှ၏။

မသိလျှင်တွယ်၊ သိလျှင်ပြယ်သည်၊ တွယ်လျှင်လည်း ဘေး၊ ပြယ်လျှင်အေးသည်။ မသိကတပတ်ပတ်၊ သိမှ အပြီးသတ်သည်။ မသိအစ၊သိအဆုံး ကိုစွတ်ုံးသည်။ မသိကား အဝိဇ္ဇာ၊ အသိကား ပညာ၊ ပညာ ဉာဏ်ဖြင့် အမှန် အဟုတ်ကို အဟုတ်သိ။ သိက တလောကလုံးမှာ ရတနာ သုံးပါးမှတပါး ယူချင်စရာ၊ ရချင်စရာ အနှစ်သာရကို မမြင်။

လောကီ အသိဉာဏ်ဖြင့် ဉာတပရိညာ ခေါ် လောက်ရုံ သိလျှင်ပင် အယူစင်၍ စူဠသောတာပန်ဆိုရသဖြင့် သေသည်၏ အခြားမဲ့၍ ကတိမြဲခြင်း တိဟိတ်ပဋိသန္ဓေနေခြင်း၊ ပညာကြီးခြင်း၊ နောင်အသိဆုံး ရောက်လွယ်ခြင်းအကျိုးတို့ကိုရနိုင်သည်။

မဟုတ်သိ၊အလွဲသိ၊ အမှားသိမျှား ခုခေတ်သား။ အဟုတ် အမှန်သိကား ရှားပါး လှချေ၏။ မဟုတ်သိကား မောဟ၊ အလွဲသိကား တဏှာ၊ အမှားသိကား ဒိဋ္ဌိ။

အဝိဇ္ဇာဖုံးအုပ်၍ နာမ်နှင့်ရုပ်ကို အဟုတ်ပိုင်ပိုင် မခွဲခြမ်းနိုင်။ မပိုင်းခြားနိုင်။ နာမ်ရုပ်၏အဖြစ်သနစ်ကို အဟုတ်သိတကယ်သိ မသိမမြင်နိုင်ကြသည့်အတွက် ပညတ်ကို မခွာမလှန်ကြကုန်။ ပညာကို မခွာမလှန်နိုင်ကြသည့်အတွက် ပညတ်ကို အစွဲပြု၍ ပုထုဇဉ်တို့သည် တဏှာ၊မာန၊ဒိဋ္ဌိ တရားသုံးပါးတို့ဖြင့် အလွဲလွဲ ထင်မှား မြင်မှား၊ ယူမှားစွဲလန်းကြကုန်၏။

အသိဉာဏ်တို့ဖြင့် ပညတ်ကိုခွာလှန်ရသည်။ ပညတ်ကွာရှင်းမှ အတ္တဒိဋ္ဌိကင်းမှ လောကီကိုကျော်နင်း၍ လောကုတ္တရာသို့ ချဉ်းနှိုင်ကြမည်။

မထင်ထင်အောင် မမြင်မြင်အောင် စဉ်းစား ဆင်ခြင်သည်ကို ဘာဝနာပွားသည်ဟူ၍ ဆိုရသည်။ရွတ်ရုံအံ့ရုံမျှကိုမဆို။

နိဗ္ဗာန်သို့ ရောက်သည်၊ နိဗ္ဗာန်ကိုရသည် ဆိုရာ မှာ လည်း မဂ်ခဏ၌ ရသည်ရောက်သည်မှတ်လေ။ စုတိကမ္မဇရုပ် ချုပ်ပြိုးမှ ရစရာ ရောက်စရာနိဗ္ဗာန် တခြားမရှိ၊ နိဗ္ဗာန်ဟူသည် တပါးသာ ရှိသည်။

လူရော ရှင်ရော ရှေးအစဉ်အလာ ဆိုလျှင် အမှန်ချည်းသာ ထင်တွေ့တ်သည်။ လူတို့လည်း ဘုန်းကြီးမျှားပြောလျှင် ကျမ်းဂန်ထုက် ထင်တတ်သည်။ ကျမ်းဂန်ဆိုလျှင် ဘုရားဟောကျမ်းဂန်ကဲ့သို့ အလွန်အလေးပြုကြ၏။ ကျမ်းဂန်တွေကလည်းရှုပ်၊ အသိဉာဏ်တွေကလည်း နုပ်ကြလှ၏။ အိမ်ကြားလမ်းမ အကွာရှုစာကိုတွေက မကျော်ဝံ့ မနင်းဝံ့၊ ရှိခိုး၍ ရှောင်ကွင်းကြ။ စာကို

ဖတ်ကြည့်က အပျိုလူပျိုပေးကြသောစာ၊ဆဲရေးပစ်ချသောစာ၊ အရာရာမှာ အသိဉာဏ် လိုလှ၏။ ရှေး အစဉ်အလာ ဆိုသော်လည်း နဂိုရိမ္မနိမ့ မှန်သည်၊ ကျမ်းဂန်ဆိုသော်လည်း ပါဠိတော် အဋ္ဌကထာကိုချန် နဂိုရိမ္မနိမ့ မှန်သည်။

မဟာဘုတ် ဥပဒါရုပ်တို့၏ အပေါင်းအစု အလုံး အထွေး အစိုင်အခဲကြီးသာတည်းဟု ဤသို့စသည် ရူပက္ခန္ဓာကို မြင်အောင်ကြည့်ရသည်။ ကြည့်ဆိုသော်လည်း ပကတိမျက်စိဖြင့် ကြည့်ရှု၍ ရူပက္ခန္ဓာကိုမမြင်၊ ဉာဏ်မျက်စိနှင့်ကြည့်မှမြင်သည်။ ဉာဏ်မျက်စိနှင့်ကြည့်ဆိုသည်မှာ သင်ကြား မှတ်သားပြီးလျှင် ကိုယ်ထဲ၌ ထင်မြင်အောင်စဉ်းစား ဆင်ခြင်သည်ကို ဆိုသည်။ ယင်းသို့ စဉ်းစား ဆင်ခြင်သည်ကိုပင် ကမ္မဋ္ဌာန်းဘာဝနာပွားသည်ဟူ၍ဆိုသည်။ ရှုတ်ရုံအံ့ရုံမျှကိုမဆို၊ မစဉ်းစားမဆင်ခြင်ကပိုင်ကတ်သုံးပုံကို ကုန်အောင်ပင်တတ်သော်လည်း ရူပက္ခန္ဓာကို မသိမမြင်မှတ်လေ။

ကျမ်းဂန်ဆိုသမျှ သရုပ်အရေအတွက်ကိုအကုန်သိမှ ကိစ္စပြီးသည်မဟုတ်၊ ဉာဏ်နိုင်လောက်ရုံ မိမိသန္တာန်၊သူတပါးသန္တာန်မှာ ရုပ်တခြား၊နာမ်တခြားနေအောင်သော်ရင်း၊ ခန္ဓာငါးပါးတခြားစီနေအောင် သော်ရင်း၊ ဤသို့ စသည် ဘာဝနာကို အဟုတ်သိ၊တကယ်သိ၊ သိနိုင် မြင်နိုင်လျှင်လည်း ကိစ္စပြီးတော့သည်။

စာတတ်မှ အားထုတ်တတ်သည်၊ စာတတ်မှ နည်းလမ်းကျသည်၊ စာမတတ်လျှင် အားမထုတ်တတ်၊ နည်းလမ်းမကျဟူ မှတ်ထင်တတ်သည်၊ မမှတ်ထင်လင့်။ ဘုရားလက်ထက်တော်က စာမသင်၊ စာမတတ်ဘဲ ကကြီးလုံး ခကွေးလုံးကိုမျှ မသိဘဲ

နိဗ္ဗာန်ရောက်သူတွေ့သာမျှားသည်။ စာတတ်၍ နိဗ္ဗာန်ရောက်သူ အနည်းငယ်သာရှိသည်။ ဝိပဿနာနှင့် ကင်းရှိလည်း နိဗ္ဗာန်ကို မရောက်နိုင်။ စာတတ်၊ကျမ်းတတ်၊ ပိဋကတ်သုံးပုံဆောင် ဂိုဏ်း ဆရာကြီး ပေါင်ဦးလမထေရ်ကြီးသည် သာမဏေငယ်ထံ နည်း ယူ၍ သာမဏေငယ် နည်းပေးမှ နိဗ္ဗာန်သို့ရောက်သည်ဟု ဓမ္မပဒ အဋ္ဌကထာမှာပင်ဆိုသည်။ နည်းကောင်းရသည်သာ လိုရင်းဖြစ်သည်။ အမှန်ကျန နည်းကောင်းရလျှင် ယုံယုံကြည်ကြည်သာ အားထုတ်။ သည်ထက်ကောင်းသောအလုပ် တလောကလုံးမှာ မရှိ။

နိဗ္ဗာန်ဟူသည် အခြားမှာ ရှိသည်မဟုတ်၊ ကာမဂုဏ် တို့၏ အကြား၊ ကာမဂုဏ်တို့၏အလယ် ကိုယ့်အနားတွင် ရှိသည်။ ရှိသော်လည်း ကာမဂုဏ်တွေ ဖုံးရှိနေသောကြောင့် မမြင်နိုင်။

ကြောင်ပန်း ရဟန္တာမြတ်ကြီး

ကြောင်ပန်းဝိပဿနာ ခြောက်စောင်တွဲမှ ကောက်နှုတ်ချက်များ။

ယုတ်နိမ့်လှသော ဒုဂ္ဂတိဘုံဘဝသား ခွေးဝက်၊ ကျွဲနွားအပါယ်ဘုံသားတို့က တောင့်တရှာကြသော လူကောင်းနတ်ကောင်းဆုကို ယခုအခါ မြင့်မြတ်လှစွာသော လူဘောင်လူရှာသာသနာ၌ ကြုံကြိုက်ကြသော သူခပ်သိမ်းတို့က ဘဝကောင်းကို တောင်းဘွယ်ကိုစွမရှိလှဟု သိကြရမည်။

ရုပ်တို့တွင် ဥပါဒါရုပ် ၂၄ ပါးတို့ထက် ပထဝီ၊ တေဇော အာပေါ၊ဝါယောဟူသော ဘူတရုပ် ၄ ပါးတို့သာလျှင် လိုရင်းပဓာန ဖြစ်ပေသည်။

တကယ့် ပရမတ်ဆတ်ဆတ်ကို တကယ်ထိထိမိမိနှင့် တကယ်သိမြင်လျှင် ဘယ်အနိစ္စ၊ဒုက္ခ၊ ဘယ် အနတ္တဟူ ရှုဘွယ်မရှိ၊ တကယ်ကြီး ပြီးစီးပါ၏။ လိုရင်းကား ပရမတ်ဆတ်ဆတ်ခဲတ်ကိုပေါက်လျှင် ဝိသုဒ္ဓိခုနစ်ပါး၊ ဝိပဿနာတရားဟု တခမ်းတနား တခြားလုပ်ဘွယ်မရှိ၊ အကုန်လုံး ပြီးစီးပါ၏။ ဤအရာတွင် ဝိပဿနာတင်လျှင် မမြဲသောသဘောကို ဘယ်လိုပင်မြင်မြင်၊ ဘယ်ဟာမမြဲဟုရှုလျှင် မဟုတ်သောနည်း၊မမှန်သောနည်း၊

ဒိဋ္ဌိပြုတ်နှင့် အဝေးကြီး။ ဟုတ်မှန်သော နည်းမှာ ထိုမမြဲတဲ့ သဘောရဲ့ကိုသာ ဘယ်ဟာဆိုသည်ကို ရှုမြင်လျှင် အဟုတ်မြင် အမှန်မြင် သောတာပန်ဟုသာ မှတ်ပါ။ ဤရုပ်၏ သဘာဝက ပြောကျအောင် စင်စင်၊ တကယ်မြင်လျှင် အနာဂါမ်ပင် ဖြစ်နိုင်ပါ၏။ နာမကွဲနွာ နာမ်အရာက ပြောကျမှသာ အရတ္တဖိုလ်ကို ရသည်ဟုဆိုပါ။

ရုပ်ဓာတ်၊နာမ်ဓာတ်တို့ကို ပေါက်အောင်ရှုမြင်သော သမာဒိဋ္ဌိမဂ္ဂင်သည် ပညာရှိတို့ သိမြင်ပုံတည်း။ ဤကဲ့သို့ စာပေကို ကြည့်၍သော်၎င်း၊ သူတပါးဟောသော တရားကို ကြား၍သော်၎င်း၊ မိမိစိတ်၌ ခြုံကာခန့် သိမြင်လျှင် သောတာပန် ဟုသာ မှတ်ပါ။

ယခုအခါ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့မှာ ဗုဒ္ဓဘာသာဟု ဆိုပါလျက်နှင့် တရားတော်မြတ်ကို မသိမမြင် မယုံကြည် လျှင် ဗုဒ္ဓဘာသာလူမျိုးမျှသာဟုတ်သည်။ မိမိမှာ ဗုဒ္ဓဘာသာမဟုတ်။

သူ၊ ငါကစ သက္ကာယဒိဋ္ဌိရှိသမျှမှာ ဗုဒ္ဓဘာသာမဖြစ်၊ စင်စစ်မှာ မိစ္ဆာအယူ ဘုရားရှင်၏ ရန်သူတွေနှင့်သာ တူကြပေသည်။

သတ္တဝါကာသ၊ သင်္ခါရအားဖြင့် လောက သုံးပါး တို့တွင် သဝိညာဏက၊ အဝိညာဏက ရုပ်နာမ်ဟူသမျှ ခပ်သိမ်းသော ဥပါဒါ၊ဌီ၊ဘင်၊ဖြစ်ပျက်စဉ် သင်္ခါရတို့သည် ပရမတ္ထသဘာဝ ဟူသော အကြောင်းကြောင့်၊ အဆုံးလည်းမရ၊ အစလည်း မရှိ နိယာမအားဖြင့် မသုဉ်းကောင်း၊ မဆိတ်ကောင်းသော တည်ခြင်း ရှိကြကုန်၏။ဤ အချက်က အရေးကြီးလှ၏။ဤသာသနာ၊ ဤအရာက လိုရင်းဆုံးကြီးဖြစ်ကြ၏။ သတိမူပါ။

အကုသိုလ်ဆယ်ပါး၊ပုညကြီယာဆယ်ပါး၊ မဟာဂျုတ်ကိုးပါး-ဤနှစ်ဆယ့်ကိုးပါးသော သာသနာပတရားတို့သည် စကြာဝဠာအနန္တ၊ ကမ္ဘာအနန္တ၊ သတ္တဝါတည်ထောင်စကပင် ခေါ်ဝေါ်ခဲ့ကြ ဝေမျှတာတရား၊ သတ္တဝါ ဖြစ်ပွားသော တရားဖြစ်၍ ဘုရား၏ရန်သူ အစစ်ကောင်ဖြစ်၏။

နိဗ္ဗာန်ပတ္တတ္တာ ဟူသော အဋ္ဌကထာ၏ သဘော ကား၊ နိဗ္ဗာန်ကိုရပါလို၏ ဘုရားဟု ပါးစပ်စကားဖြင့် ဆိုသည်မဟုတ်။ ပရမတ်နှစ် ဓာတ်စစ်ကိုသိမှ ရှိသမျှရုပ်နာမ်စုကို တခုစီ ခွဲခြမ်း၍ စဉ်လန်းသော်ဒီဋ္ဌိဓာတ်ကို ပရမတ်ဉာဏ်ဖြင့်ရှာသော် ဗြဟ္မာနတ်လူမပိုင်၊ မဆီဆိုင်အလေ့ပေါက်၊ သူ့အလျောက်ဖြစ်မစဲ၊ မမြဲသည့်ဓာတ်အစုကို အတတ်ရှုမြင်လာသော်၊ ငါ၏ ကိုယ်မဆိုထားဘိ၊ ငါတကားစဉ်ဘို့ရန်မျှ ရှာကြံ၍ဘယ်မတွေ့၊ သိမ်မွေ့သော ဝိပဿနာတရား၊ သစ္စာလေးပါးကိုပိုင်းခြား၍ သိမြင်မှ သာ နိဗ္ဗာန်ကိုတောင်းရာကျ၏။

ဝိညာဉ်ပညာ၊ သိရာအမှုမြင်နှစ်ခုတွင် ဝိညာဉ်မြင်ပုံ နှားမမြုံသား၊ နှားငယ်အားဖြင့် နိမ့်မြင့်ဆူကြုံ၊ ငြင်းခုံအလား၊ ပုံမခြားတည်း။ အမျှားသူငါ၊ မိစ္ဆာယူလ,ဲ ငရဲကြီးလှ၊ ကုသိုလ်ရဟု ပြုကြရှောင်ကြဉ်၊ ဝိညာဉ် မြင်တည်း။ မှားပင်မှားဘိ မှားခေါင်ထိ၏။ ဉာဏ်၏သဘော၊ ပညာဇောမှာ၊ သတ္တောကာသ၊ သခ်ါရမှ လောကဝေါဟာ၊ ပညတ်သာ လျက်ဖြစ်နှင့် ပျက်မျှသဘာဝသာ၊ အဗျာပါ်ရ၊ ကေတ္တနှင့်၊ နာနတ္တနည်း၊ ဂေါ်နည်းသာ၊ဓမ္မတာဟု၊ ဖြုခါစင်စင်၊ ပညာမြင်မှ၊ ကြည်လင်လှသည်၊ မြင်ကြအမျှား၊မှန်အမှား။

ကုသလာဓမ္မာကို ကုသိုလ်ဆိုတာ လူနတ်ဗြဟ္မာ သတ္တဝါဖြစ်သည်ဟု အပြုအမူ အယူအစဉ် အမျိုးရိုးလိုက် အစဉ်လိုက်၍ စရိုက်မြဲစဲ့ အလိုက်လဲကြသည်။

အကုသလာဓမ္မာ ဒေသနာမှာလ အကုသုလ ဆုလျှင်ပါ၊ ငရဲကြီးရှစ်သွယ် အပါယ်လေးပါးကိုပင် အထင်အမြင် အယူအစဉ်က အမြဲကြီးမြဲကြ၍ အလဲကြီး လဲခဲ့ကြသည်။ ယခုကာလလည်း လဲဆဲလဲတုန်း သံသရာမဆုံး မတုံးသမျှ ကာလပတ်လုံးလည်း လဲလိမ့်အုံး၊ မသုဉ်းသမျှမှာလည်း လဲလတံ့သာ မှတ်ပါ။

ယောအတွင်းဝန် အမတ်ကြီး ဦးဘိုးလှိုင်

(ဒီမုဒ္ဓိရသကျမ်းမှ ကောက်နှုတ်ချက်များ)

အလွန်သိပ်မေ့နက်နဲ ရှုပ်ထွေးသော ပဋ္ဌိစ္စသမုပ္ပါဒ်ဟူသော နာမ်ရုပ်တွင်းဌ် ကြုံဆ၊ မမြင်နိုင်၊ မတွေ့နိုင်သော အသက်ဟူ၍ ထင်မှတ်ကြသော အတ္တရှိ၏ဟူ မိစ္ဆာဒိဋ္ဌိတို့က စုပ်စဲ့ထားသော ကြောင့် စုပ်စဲ့ရာဖြစ်သော နာမ်ရုပ် အလုံးစုံတို့၏ သဘောကို တပ်တပ်ရာရာ ကောင်းမွန်စွာ မသိလျှင် ဤအတ္တ ရှိမရှိကို မသိနိုင်။ စိတ်ဌ် အလွန်ရှုပ်ထွေးသောကြောင့် ဤပဋ္ဌိစ္စသမုပ္ပါဒ်ဟူသော နာမ်ရုပ်တို့ကို ဤသတ္တဝါ အပေါင်းတို့သည် အကြင်မျှ လောက်မသိ။ ထိုမျှလောက်သော ကာလပတ်လုံး ချည်ဝင်အူပေါက်၊ စာဗူးတောင်းကဲ့သို့ ရှုပ်ထွေး သည်ဟူ၍ ညီတော် အာနန္ဒာအား ဟောတော်မူသည်။

ထို့ကြောင့် အနတ္တအရာ၊ မိစ္ဆာဒိဋ္ဌိတို့ကို မဆိုနှင့်ဦး ငါတို့ မြတ်စွာဘုရားကို ကိုးကွယ်သည့် လူမျိုးပင် ဖြစ်သော် လည်း ဤပဋ္ဌိစ္စသမုပ္ပါဒ်ဟူသော နာမ်ရုပ်ကို အကျယ်အားဖြင့် နေရာက္ပ ကောင်းမွန်စွာမသိလျှင် ယုံယုံကြည်ကြည်သဘောမကျနိုင်၊ မြတ်စွာဘုရား ဟောတော်မူသောကြောင့်သာ အထူးအထွေ မပြောဝံ့။

နာမ်ရုပ်တို့ကို မသိသောသူတို့ကို အတ္တမရှိကြောင်း ပြောဟောသော်လည်း ဆိုခဲ့ပြီးသည့်အတိုင်း မြတ်စွာဘုရားကိုးကွယ်သည့်လူမျိုးဖြစ်လျှင် ပြန်လှန်၍လည်းမပြောဝံ့၊ သဘောလည်း မကျ ဖြစ်လိမ့်မည်။

သာသနာတော်မှအပဖြစ်သောလူမျိုးတို့သည် မြန်မာဘုန်းကြီးတို့ကို ကိုးကွယ်ရုံ၊ မြန်မာတရားများကိုနာရုံ၊ ဥပုသ်သီတင်းဆောက်တည်ရုံ၊အလှူဒါနပေးကမ်းရုံ၊ ကျောင်း စရပ် ဆောက်လုပ်ရုံနှင့် မိစ္ဆာအယူမပျက်သေးဘူးဟူ၍ မှတ်အပ်သည်။ (သာသနာတွင်း လူမျိုးကော ဤမျှလောက်သိရုံဖြင့် သမ္မာအယူဖြစ်ကြပြီလား စဉ်းစား)

ဤသို့ ပဋိစ္စသမုပ္ပါဒ်ဟူသော နာမ်ရုပ်တရားတို့ကို သိပြီးမှ အတ္တမရှိကြောင်းကို သဘောကျကျ သိနိုင်ရန် ရှိသောကြောင့် ဤအနတ္တ အရာသည် ပဋိစ္စသမုပ္ပါဒ်ကဲ့သို့ အမျှား အားဖြင့် တဆယ့် ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း၊ အနည်း အားဖြင့် လေးသင်္ချေနှင့်ကမ္ဘာတသိန်း နက်နဲသိမ်မွေ့ ခက်ခဲကြောင်းကိုလည်း မြဲမြဲနှလုံးသွင်းထား၍ ကမ္ဘာအသင်္ချေတို့ဖြင့်သော်လည်း ကြုံကြိုက်ခဲလှစွာသော မြတ်စွာဘုရားသာသနာတော် အတွင်း၌ ကြုံကြိုက်ရသည့်အခါ ဤအနတ္တကို ကောင်းမွန်စွာသိရအောင် နာမ်ရုပ်သဘောဖြစ်သော ဤပဋိစ္စသမုပ္ပါဒ်အစရှိသော ပရမတ်တရားတို့ကို အကျယ်အားဖြင့် သိမြင်ရအောင် အခြားအမှုကို မရှက်ဆောင်။ ပရမတ်အရာကို သိရအောင်ချည်း သက်သက် လုံ့လထုတ်သင့်လှပေသည် ဟူ၍လည်း ခိုင်ခိုင်ခန့်ခန့် မြဲမြဲစွဲစွဲ လုံ့လထုတ်အပ်သတည်း။

သာသနာတွင်းမှာ ကြုံကြိုက် လိုက်လျက်နှင့်မှ ဤအနတ္တ အရာကို ကောင်းမွန်စွာ မသိလိုက်ရလျှင် မည်သည့်အခါမှ သိရ တော့မည်မဟုတ်သောကြောင့် သံသရာ ဝဋ်ဆင်းရဲမှ မကျွတ် မလွတ်နိုင်၊ သံသရာ့သစ်ငုတ်ဖြစ်၍ ရှုံးခြင်းကြီး ရှုံးလိမ့်မည်။

နာမ်ရုပ်ကို သိပြီးသော်လည်းထုဇဉ်သည် ဤသန္တာန်ရှိ ဟူသော ခန္ဓာငါးပါးတို့ကို မြဲသည်ဟု ထင်၍မတပ်၊ ချမ်းသာသည်ဟု ထင်၍လည်းမတပ်။ သို့သော်လည်း စွန့်ပစ်ရမည်။ လျစ်လျူရှု ထားရမည်ကို မရက်စက်။ အကောင်းရှိနိုးနိုး၊ မစင်ကိုစွန့်ပစ် သကဲ့သို့ မပစ်မစွန့်ဝံ့သည်ဖြစ်၏။ ဤစကားဌာ ရက်ရတ်စက်စက် မပစ်ဝံ့။ အကောင်းရှိယောင်ယောင်ဟု စွဲလမ်းခြင်းသည် သိမ်မွေ့သောအားဖြင့် အတ္တကိုစွဲလမ်းခြင်းဟု မှတ်ရမည်။

အနှစ်သာရအတ္တမရှိဟု ထင်သော မစင်အမှိုက်တို့ကိုမူကား၊ ငဲ့ကွက်ခြင်းမရှိ စွန့်ပစ်နိုင်သည်။ အနှစ်သာရအတ္တရှိ၏ဟု ထင် သော ဤကိုယ်ခန္ဓာကိုမူကား စွန့်ပစ်ရမည်ကို မဆိုထားနှင့် စဉ်းငယ်မျှ အခြားလူက နှုတ်ဖြင့်ရင်း၊လက်ဖြင့်ရင်း ထိပါးမည်ရှိ လျှင် မခံမရပ်နိုင်။ တရားကိုပင်ဖျက်ဆီးကျော်နင်း ပြုကျင့်ခြင်း၊ ထိပါးမည်ထင်သူကို တတ်နိုင်သမျှနှိပ်စက်ခြင်းတို့ကိုပြုလေသည်။ လစ်လျူမရှုနိုင်။ ဤမိမိခန္ဓာနှင့်စပ်၍ မကောင်းဖြစ်မည်ကို မခံ နိုင်ခြင်း အားကြီးလေ၏။ ဤခန္ဓာ၌ အနှစ်သာရ အတ္တဟု စွဲလမ်းခြင်းကြီးလေ၏ဟူ၍လည်း မှတ်ရမည်။

ကံဆိုလျှင်လည်း စေတနာကံတခုကိုသာသိသူများလေသည်။ မဂ္ဂင်ရှစ်ပါး ဗောဇ္ဈင်ခုနစ်ပါး တို့သည်လည်း ကံမည်ကြောင်း မသိကြလေ။

မဂ္ဂင်ရှစ်ပါးဟူသောကံသည် ကုသိုလ် အကုသိုလ် စိတ်တို့နှင့် ယှဉ်သော စေတနာစေတသိက် ဟူသောကံကို ကုန်စေနိုင်၏။ အဘယ်ကြောင့် နည်းဟူမူကား မဂ္ဂင် ရှစ်ပါး၌ ပါဝင်သော ဝိပဿနာပညာမင်္ဂုလ်ပညာသည်ဝိဇ္ဇာဖြစ်၏။ စေတနာကံကိုဖြစ်စေတတ်သောမောဟဟူသောအဝိဇ္ဇာကို ဤပညာဟူသော ဝိဇ္ဇာဖြင့် ဖျောက်နိုင် ဖျက်ဆီးနိုင်၏။ စေဘနာကံ၏ အကြောင်းဖြစ်သော အဝိဇ္ဇာပျက်လျှင် အကျိုးစေတနာကံ မဖြစ်နိုင် သောကြောင့်တည်း။

ထိုကြောင့် သံသရာဝဋ္ဋဆင်းရဲမှ လွတ် မြောက် လို သော သူသည် စေတနာဟူသော ကုသိုလ်-အကုသိုလ်ကံကို အဆိပ်ကဲ့သို့ ဘေးရန်ကဲ့သို့ စေတနာကံ၏အကျိုးကို သေမင်းနိုင်ငံကဲ့သို့ စဲ့စဲ့မြဲမြဲမှတ်ပြီးလျှင် မဂ္ဂင်ရှစ်ပါးဟူသောကံကိုအသက်ကဲ့သို့အမြိုက်အရသာကဲ့သို့ မဂ္ဂင်ရှစ်ပါးကို ပွားများအောင် ပြုလုပ်ရာ၏။

ဗာလပုဂ္ဂိုလ်ကိုစွဲ၍ အဝိဇ္ဇာ၊ပဏ္ဍိတပုဂ္ဂိုလ်ကိုစွဲ၍ တဏှာတို့သည် သံသရာစက်၏အမြစ်မူလဖြစ်သည်ကိုလည်း သိအပ်၏။

သန္ဓိကေ နဝိဇာနန္တိ၊ မဂါ၀ိမ္မယ အာကောဝိဒါ။ မမ္မယ၊ အဟုတ်ရှိ တကယ်ရှိ၊ ပရတ္ထတရားဌ(၀ါ) သစ္စာတရားဌ၊ အကောဝိဒါ၊ မလိမ္မာကုန်သော၊ မဂါ၊ ပုထုဇဉ်လူပြိုန်းတို့သည်၊ နိဗ္ဗာနံ၊ နိဗ္ဗာန် တရားကို သန္ဓိ ကေ၊ ကိုယ့်အနာဝေတ္ထ နိုးကပ်လျက်နှင့် နဝိဇာနန္တိ၊ မသိနိုင်ကြကုန်။

(သုတ္တနိပါတ်-သင်္ဂါယတနသံယုတ်-ပါဠိတော်)

ကာမစ္ဆန္နာနပယဿန္တိ၊ နိဗ္ဗာနံ ကာမမန္တိရေ၊ ပယဿန္တိဥိဂ တောအန္တိ ၊ တသ္မာဆန္နံ ဝိကောပယေ။

ကာမစ္ဆန္နာ၊ ဝတ္ထုကာမဂုဏ်၊ ကိလေသာ ကာမ ဂုဏ်တို့သည် ကွယ်ကာ ဖုံးထားအပ်သည်ဖြစ်၍ (၀ါ) ကွယ်ကာဖုံးထားသောကြောင့်၊ ကာမမန္တိရေ၊ ကာ မဂုဏ်တို့၏ အကြားဌ (၀ါ) ကာမဂုဏ်တို့၏ အလယ်ဌ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို နပယဿန္တိ ၊ မမြင်နိုင်ကြကုန်။ ဟိ၊ အကယ်မလွဲသဖြင့် ဟ ၊ ထိုကာမဂုဏ်တို့၏ အကြား၊ကိုယ့် အနာဝေတ္ထ ရှိသော နိဗ္ဗာန်ကိုပယဿ ပယဿန္တော၊ မြင်သော ပုဂ္ဂိုလ်သည် အန္တံ၊ ဆင်းရဲကင်းဘို၊ ချမ်းသာဘို့ရန် အား ထုတ်ရသော အလုံးစုံသောကိစ္စတို့၏ အဆုံးသို့၊ ဂတော၊ ရောက်ရလေ၏။ တသ္မာ၊ ထို့ကြောင့်၊ ဆန္နံ ၊ ကိုလေသာ ကာမဂုဏ် အဖုံးကို၊ ဝိကောပယေ၊ ဖျက်ဆီးရာ၏။နိဗ္ဗာန် ဟူသည် တခြားမှာရှိသည်မဟုတ်၊ကာမဂုဏ်တို့၏အကြား၊ ကာမဂုဏ်တို့၏ အလယ် ကိုယ့်အနာဝေတ္ထ ရှိသည်။ ရှိသော်လည်း ကာမဂုဏ်တွေဖုံးရှိနေသောကြောင့် မမြင် နိုင်သည်ကို ဆိုလိုသည်။

ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး
ရေးသား စီရင်တော်မူသော

ဝိပဿနာလက်စွဲ

နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

(ရှစ်အခန်း)

၁။ ဝေနေယျအား၊မြင်လုံးထွားအောင်၊ ဝိပဿနာတရား ဟောကြားနိုင်သော စောထွဋ်ရတနာ မြတ်ဗုဒ္ဓဘုရားကို သဒ္ဓာညွှတ်ကျိုး လက်စုံမိုး၍ ရှိုလျှင်ခိုးသည်၊ ဤတွင်အစ ပဏာမတည်း။

၂။ ပထဝီ,အာပေါ၊တေဇော,ဝါယောမောတ်သဘောမှာ၊ ခက်မာ ဘွဲ့စေး၊ ပူ-တောက်ကန်၊ လေးတန် လက္ခဏာ၊ သိကြောင်းပြသည်၊ လေးဝခေတ်ရင်း သဘောတည်း။

၃။ ခေတ်ကြီးလေးပါး ဖြစ်လာပြားက၊ ဝဏ္ဏ၊ဂန္ဓ၊ရသ၊ သြဇာ၊ ဤလေးဖြာ မြဲစွာပါမြဲတည်း။

၄။ ထိုခေတ်ရှစ်ပါး မပြားမကဲ့ တသားထဲမှတ်။ အဌ ကလာပ် ခေတ်ခဲတခု ခေါ်ရိုးပြုကြ၊ နှိုင်းတုစရာ ပမာမရ သေးငယ်လှသော သဘောမျှသာတည်း။

၅။ အဌကလာပ် ခေတ်ခဲအပေါင်း ထောင်သောင်းမက၊ အနန္တမျှားစွာ ပေါင်းစုလာသော်၊ အမာအပြော့ အပေါ့ အလေး၊အသေးအကြီး၊ အနည်းနည်းအထွေထွေ ပွေ့ပွေ့လိလိ၊ အရည် အဖတ် ဒြပ်သဏ္ဌာန် ပေါ်လာပြန်သည်၊ မှားရန်အ ကြောင်းနိမိတ်တည်း။

၆။ သဏ္ဌာန်ခြင်း၊ဖြစ်ပေါ်လတ်က၊ ဓာတ်လေးပါးအနက်၊ ပထဝီထက်လျှင် မာမြဲပင် နှုန့်လျှင် ပြောလေ၏။ အာပေါ်ထက်လျှင် အရည်ပင်၊ နုံန့်လျှင်ခဲ့လေ၏။ တေဇောထက်လျှင် ပူပေင် နုံန့်လျှင် မျှတ၏။ ဝါယောနှုန့်က ငြိမ်ဝပ်စွ၊ လွှန်ကလှုပ်ရှား ပြေးလွှင့်သွားသည်၊ လေးပါး ဓာတ်ရင်း သဘောတည်း။

၇။ ကံ,စိတ်,ဥတု၊ အာဟာရဟု၊အကြောင်းလေးခု၊ ကျေးဇူးပြု၍၊ လူ၏ကိုယ်မှာ၊ မြန်စွာခဏ၊ ဖြစ်ကပျက်ပြန်၊ မီးလျှံအသွင်၊ ရေအယာဉ်ပမာ၊ ရုပ်ခန္ဓာသည်၊ ဘယ်ခါမစဲ၊ ဖြစ်,ပျက်မြဲတည်း။

၈။ မြေရေသစ်ပင်၊ မြင်မြင်သမျှ၊ ဗဟိဒ္ဓမှာ၊ လုံးဝဥဿုံ၊ အကုန်ပေါင်းစု၊ ရုပ်ဖြစ်မှုသည်၊ ဥတု တေဇော အကြောင်းတည်း။

၉။ သမ္ဘဟ-ဥပါဒါန်၊ သဏ္ဌာန်, သန္ဘတိ၊ စသည်အပြား၊ လူအမျှားသည်၊ ခေါ်ဝေါ်မှတ်သား၊ ပညာဏ်ထားသတည်း။

၁၀။ ပညတ်-ပရမတ်၊ အတတ်မြင်သိ၊ ဥာဏ်နှင့် ကြည့်မှု၊ အနိစ္စကို၊ ဒိဋ္ဌမှန်စွာ၊ မြင်နိုင်ရာသည်၊ ပညာအချက် စခန်းတည်း။

ရုပ်အခန်းပြီး၏။

နာမ်အခန်း

၁၁။ စက္ခု,သောတ၊ ဃာန,ဇိဝှာ၊ ကာယ ငါးလီ၊ ရုပ်အကြည်တည့်။ တလီမှတ်လော့၊ မနောအကြည်၊ ဘဝင်စိတ်ပေတည်း။

၁၂။ အဆင်း,ရူပ၊ သဒ္ဒ,အသံ၊ အနံ့,ဂန္ဓ၊ ရသ,အရသာ၊ အတွေ့,ဖောဋ္ဌဗ္ဗာ၊ ငါးဖြာအစုံ၊ ရူပ်အာရုံပင်၊ မနောဝိညာဉ်၊ ဆင်ခြင်တုံကာ၊ သိသမျှအကုန်၊ ဓမ္မာရုံပေတည်း။

၁၃။ အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ ထိခိုက်ငြားက၊ ခြောက်ပါးဝိညာဉ်၊ အစဉ်မပြတ်၊ လျှပ်ရောင်ပမာ၊ နာမ်ခန္ဓာသည်၊ ဆိုင်ရာအသီးသီး ဖြစ်ပျက်ကြသတည်း။

၁၄။ စက္ခု-ရူပါရုံ နှစ်ပါးဆုံလျှင်၊ စက္ခုဝိညာဉ်၊ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၅။ သောတ-သဒ္ဒါရုံ၊ နှစ်ပါးဆုံလျှင်၊ သောတ ဝိညာဉ် ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၆။ ဃာန-ဂန္ဓာရုံ၊ နှစ်ပါးဆုံလျှင်၊ ဃာနဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၇။ ဇိဝှာ-ရသာရုံ၊ နှစ်ပါးဆုံလျှင်၊ ဇိဝှာ-ဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၈။ ကာယ-ဖောဋ္ဌဗ္ဗာရုံ၊ နှစ်ပါးစုံလျှင်၊ ကာယ ဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၉။ မနော-ဓမ္မာရုံ၊ နှစ်ပါးဆုံလျှင်၊ မနောဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၂၀။ ဝိညာဉ်ငါးဝ၊ ကြွင်းသမျှကို၊ မနောဝိညာဉ် ဆိုး၏။ ထိုစိတ်ခြောက်ပါး တခြားစီသာ ဖြစ်ကြရာသတည်း။

နာမ်အခန်းပြီး၏။

နံ့သာ ၁၀

(အကျိုးပြခက်း)

၂၁။ နာမ် ရူပ်မှတပါး ယောကျား-မိန်းမ၊ အတ္တ,ဇီဝ ဘာမျှ မရှိ၊ ဥာဏ်နှင့် ကြည့်သော် ဓာတ်,အတိသာ ရှိချေ၏တကား။

၂၂။ နာမ် ရူပ် နှစ်တန်၊ သူဖြစ်ဟန်ကို၊ အမှန်ဒီဋ္ဌ မသိကြ၍၊ ငါထ ငါထိုင်၊ ငါကိုင် ငါသွား၊ ငါကြား ငါကြည့်၊ ငါသိ ငါမြင်၊ ဓာတ်,ဖြစ်အင်ကို၊ ငါပင်မုချ မှတ်ထင်ကြ သည်၊ သက္ကာယဒိဋ္ဌိ စွဲလမ်းမှုကြီးပါတကား။

၂၃။ ဒိဋ္ဌိသက္ကာယ မကွာသမျှ၊ လေးဝအပါယ် ရောက်ဦး မယ်၊ နင်ဝယ် သတိထား၊ သို့အလားကြောင့်၊ မြတ်ဘုရားက၊ ရင်ဝမှာလှံစူး၊ ထိပ်ဦး မီးလောင်၊ မရှောင်အဟုတ်၊ နောက် မဆုတ်ဘဲ၊ အားထုတ်ရန် သဘောကို၊ "သတ္တိယာ, ဝိယ သြမဒ္ဒေ"ဟု ဟောကြားတော်မူခဲ့ပြီတကား။

၂၄။ နာမ်-ရူပ် နှစ်ခု နှစ်ဘို့ပြု၍၊ ရူပ်စု-နာမ်စု တခုခု၌၊ ကြံဖန် စေ့ငုံ စိုက်၍ရှုမှ၊ ဓာတ်ရင်းမူလ သဘာဝကို၊ ဒီဋ္ဌမသွေ၊ မြင် နိုင်ချေမည်တကား။

၂၅။ သဏ္ဌာန် အဆင်း ခုခံ လျှင်းက၊ ဥာဏ် နှင့် ရှင်း၍၊ အတင်းရှုမှ၊ အနိစ္စကို ဒီဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား။

၂၆။ အကြည်ခြောက်စုံ အာရုံဆိုက်က၊ ခြောက်ဝ ဝိညာဉ် အစဉ်ဖြစ်မှု ဖမ်းယူရှုမှ၊ အနိစ္စကို ဒီဋ္ဌမသွေ၊ မြင်နိုင် ချေ မည် တကား။

၂၇။ ရူပ်-နာမ်ဝမ္မ အနိစ္စကို၊ ဒီဋ္ဌမြင်က အနတ္တကို မုချမြင်၍ ငါပင်မဟုတ် နာမ်ရူပ်နှစ်ခု ဓာတ်အမှုသာ ဖြစ်ပါတကား၊ မြင်လုံးထွားသဖြင့်၊ သက္ကာယတရား လွင့်စင်ရှားလေ၏တကား။

၂၈။ ဒီဝိုဿကျွာယ တဒင်္ဂ,ပဟာန်၊ ကွာပြန်မှုက၊ စူဠသော တာပန်၊ သမုဒ္ဓေဒ,ပဟာန်၊ ကွာပြန်ခြားက၊ အပါယ်လေးပါး တံခါးပိတ်၍၊ နိဗ္ဗာန်အဝင် ဘုံစဉ်စံပုဂ္ဂိုလ်၊ ဝိသာခါလို၊ ငါတို့ ဖြစ်ရချေ၏တကား။

၂၉။ မကွေ့မထာက်၊ လမ်းဖြောင့်တရား၊ တွေ့ပါသားနှင့်၊ အများမှုးတိုင်း နင်မရှုးနှင့်၊ ထူးသည့်အခါ၊ဝိပဿနာကို၊ခါခါ ပွားမှ၊ သွားမည့်သံသရာ အစဉ်ပါမည်၊ နင်သာသတိထား။

၃၀။ သဲဖြူလယ်တီ တောရမှီသည့်၊ မထေရ်ငါသည်၊ စီရင် အပ်သော ဝိပဿနာ၊ ကဗျာသုံးဆယ်၊ ဝါလယ်တော်သလင်း၊ လအတွင်းဝယ်၊ ခုနစ်ဆယ်ပြည့် ဤတွင်၍လျှင်၊ပြီးအောင်မြင်၏ တကား။

ဤဆောင်ပုဒ်ပေါင်းသုံးဆယ်ကို အရကျက်၍၊ အဖြေ၏အတွက်ကို အကွက်ကျ မှတ်လေ။

ဝိပဿနာလက်စွဲ ဆောင်ပုဒ်ပြီးပြီ။

ဆောင်ပုဒ်သုံးဆယ်အဖြေ။

ရှစ်ကိုဖြေဆိုခန်း

မေး။ ။ဓာတ်ကြီးလေးပါးကို ပြောပြပါ။

ဖြေ။ ။ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ် ဟူ၍လေးပါးရှိပါသည်။

မေး။ ။ဓာတ်ကြီးလေးပါး၏သဘောကို ပြောပြပါ။

ဖြေ။ ။ပထဝီဓာတ်သည် မာခြင်းသဘောအမှုအရာမျှသာ ရှိပါသည်။ အာပေါဓာတ်သည် ဘွဲ့စေးခြင်း သဘော အမှု

အရာမျှသာ ရှိပါသည်။ တေဇောဓာတ်သည် ပူခြင်း၊ ခြင်းသဘော အမှုအရာမျှသာ ရှိပါသည်။ ဝါယောဓာတ်သည် ထောက်ကန်ခြင်းသဘော အမှုအရာမျှသာ ရှိပါသည်။

ထို့ကြောင့်။ (၂) ပထဝီ,အာပေါ၊ တေဇော,ဝါယောဓာတ်သဘောမှာ၊ ခက်မာဘွဲ့စေး၊ ပူ-ထောက်ကန်၊ လေးတန်လက္ခဏာ၊ သိကြောင်းပြသည်၊ လေးဝ ဓာတ်ရင်း။ သဘောတည်းဟုဆိုပါသည်။

မှတ်ချက်။ ။သဘောကား ဓာတ်၏ အစွမ်းတည်း။ အမှုအရာကား၊ သဘော၏ ဖြစ်, ပျက်မှုတည်း။

မေး။ ။ဓာတ်ကြီးလေးပါးဖြစ်ပေါ်လျှင် အစဉ်ပါသော ရူပ်ကို ထုတ်ရှုပြပါ။

ဖြေ။ ။မီးတောက်ဖြစ်ပေါ်လျှင် ,မီးရောင် ဖြစ်ပေါ်လာ**သ**ကဲ့သို့ ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ ဟူသော ရူပ်လေးပါးသည် ဓာတ်ကြီးလေးပါး ဖြစ်ပေါ်လာလျှင် အစဉ်ပါ ပါသည်။

ထို့ကြောင့်။ (၃) ဓာတ်ကြီးလေးပါး၊ဖြစ်လာပြီးက၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ,သြဇာ၊ ဤလေးဖြာ၊ မြဲစွာပါမြဲတည်းဟု ဆိုပါသည်။

မှတ်ချက်။ ။ဝဏ္ဏ,ကား အဆင်း။ ဂန္ဓ,ကား အနံ့၊ ရသာ,ကား အရသာ။ သြဇာ,ကား ဓာတ်ဆီ။

မေး။ ။ဘယ်ရူပ်မျိုးကို အဋ္ဌ ကလာပ်ရူပ် ,ခေါ်ပါသနည်း။

ဖြေ။ ။ဟင်းရည်ဌ ငါးပို, ဆီ,ဆား, ငါးအရသာ တို့ကို ခဲခြမ်းဝေဘန်၍ရသကဲ့သို့ တလုံးတဝတည်းရောနှောရှိ၍ တည်ကြသော ပထဝီ,အာပေါ, တေဇော,ဝါယော၊ ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာဟူသော ရူပ်ရှစ်ပါးကိုခေါ်ပါသည်။

မေး။ ။အဌကလာပ်ရုပ်၏ အကြီးပမာဏကို ပြပါ။

ဖြေ။ ။အလွန်တရာ သေးငယ် လှသော သဘော အမှု အရာခဲကလေးဖြစ်သောကြောင့် အကြီးပမာဏကို မပြနိုင်ပါ။

ထို့ကြောင့်။ (၄) ထိုဓာတ်ရှစ်ပါး၊မပြားမကွဲ၊ တသားထဲမှတ်၊ အဌကလာပ်၊ ဓာတ်ခဲတခု၊ခေါ်ရိုးပြုကြ၊နှိုင်းတုစရာ၊ပမာမရှိ၊သေးငယ် လှသော၊ သဘောမျှသာတည်း ဟုဆိုပါသည်။

မှတ်ချက်။ ။ရုပ်ကလာပ် ဓာတ်ခဲတခုတည်း ဖြစ်ခဲ့လျှင်သာ၊ အလွန်တရာ သေးငယ်လှသောကြောင့် မမြင်နိုင်၊မတွေ့ နိုင်သည်။ မျှားစွာပေါင်းစုမိလျှင် အဆင်းကိုမြင်ရပြန် သည်။ မာခြင်း၊ ပူခြင်း၊ ဧခြင်း၊ ထောက်ကန်ခြင်း သဘောတွေကို တွေ့ရပြန်သည်။ သို့ပင်မြင်ရသော်လည်း အာကာသခြားရှိ ပေါင်းစုခါနေကြသော ရုပ်ကလာပ် တွေကို တခုစီ ခဲ့ခြမ်း စိတ်ဖြာ၍ မြင်နိုင်သည်မဟုတ်။ ဥပမာကား သဲပုံကြီးကို အဝေးက မြင်သကဲ့သို့တည်း။ သဲပုံကြီးကို အဝေးကမြင်ရာမှာ သူ့သဲမှုန့်နှင့် သူ့အဆင်း ကို ရှင်းလင်းအောင်မြင်နိုင်သည်မဟုတ်။သဲမှုန့်၏အဆင်း တွေ့ပေါင်းစုရှိနေသော အဆင်းလုံးကြီးကိုသာ ဖြူဖြူ ဖွေးဖွေးကြီးဟုမြင်ရသည်။ စက္ခု ဝိညာဉ်သည် တခုစီ ခဲ့ခြမ်းစိတ်ဖြာ၍မမြင်နိုင်၊ မြင်နိုင်ခဲ့လျှင် ဖြစ်ပျက်မှု ကိုလည်းမြင်နိုင်ရာ၏။ ဤသို့ကား မမြင်နိုင်။ မမြင်နိုင် သော ကြောင့် "ဝိပဿနာယောဂီ"ပုဂ္ဂိုလ်တို့မှာ စက္ခု ဝိညာဉ်မြင်လုံးကြီး ခုခံ၍နေကြလေသတည်း။

မေး။ ။အဌကလာပ် ဓာတ်ခဲအပေါင်း ထောင်သောင်းမက ပေါင်းစုမိကြလျှင် ဘယ်လိုဖြစ်ပေါ်လာသနည်း။

ဖြေ။ ။အမာ အပြော့၊ အပေါ့ အလေး၊ အသေးအကြီး၊ အနည်းနည်း အထွေထွေ၊ ပွေပွေလီလီ၊အရည်အဖတ်၊ သဏ္ဌာန် အမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ထို့ကြောင့်။ (၅) အဌကလာပ်၊ ဓာတ်ခဲအပေါင်း၊ ထောင်သောင်းမက၊ အနန္တမျှားစွာ၊ ပေါင်းစုလာသော်၊ အမာအပြော့၊ အပေါ့အလေး၊ အသေးအကြီး၊ အနည်းနည်း အထွေထွေ၊ ပွေပွေလီလီ၊ အရည်အဖတ်၊ ဒြဗ်သဏ္ဌာန်၊ ပေါ်လာပြန်သည်။ မှားရန် အကြောင်းနိမိတ်တည်းဟု ဆိုပါသည်။

မေး။ ။အထည်ဝတ္ထု အစုစုတို့မှာ၊ မာမှုသည် ဘယ်ဓာတ်၏ အစွမ်းဖြစ်ပါသနည်း။

ဖြေ။ ။ပထဝီဓာတ်၏အစွမ်းဖြစ်ပါသည်။

မေး။ ။ပထဝီဓာတ်၏အစွမ်းဟု အဘယ်ကြောင့် သိနိုင်ပါသနည်း။

ဖြေ။ ။ပထဝီဓာတ်သည် မာခြင်းသဘော ရှိသည်ဟု ဆိုသောကြောင့် အမာတွေကို တွေ့ရသဖြင့် ပထဝီဓာတ်၏ အစွမ်းဟု သိရပါသည်။

မေး။ ။အရည်အမျိုးမျိုး ယိုစီးနေမှုသည် ဘယ်ဓာတ်၏ အစွမ်းဖြစ်ပါသနည်း။

ဖြေ။ ။အာပေါဓာတ်၏ အစွမ်းဖြစ်ပါသည်။

မေး။ ။အာပေါဓာတ်၏အစွမ်းဟု အဘယ်ကြောင့် သိနိုင်ပါသနည်း။

ဖြေ။ ။အာပေါဓာတ်သည် ဘွဲ့စေးခြင်းသဘောရှိသည်ဟု ဆိုသောကြောင့် အရည်အစေးတွေ့ ယိုစီးရှိ နေသည်ကို တွေ့ရသဖြင့် အာပေါဓာတ်၏ အစွမ်းဟု သိရပါသည်။

မှတ်ချက်။ ။စင်စစ်ကား အာပေါဓာတ်ကို မတွေ့ရ။ ပထဝီဓာတ်ကို တွေ့ရသည်။ အာပေါဓာတ် ဘွဲ့စေးသော်လည်း ပထဝီဓာတ်နှုန့်မှ အရည်းအစေး ဖြစ်နိုင်သည်။

မေး။ ။အထည်ဝတ္ထု အစုစုတို့မှာ ပူ၍ နေမှုသည် ဘယ်ဓာတ်၏အစွမ်း ဖြစ်ပါသနည်း။

ဖြေ။ ။တေဇောဓာတ်၏ အစွမ်းဖြစ်ပါသည်။

မေး။ ။တေဇောဓာတ်၏ အစွမ်းဟု အဘယ်ကြောင့် သိနိုင်ပါသနည်း။

ဖြေ။ ။တေဇောဓာတ်သည် ပူခြင်း ခြေခြင်းသဘော ရှိသည်ဟု ဆိုသောကြောင့် အပူအဇ ဇတ္တုကို တွေ့ရသဖြင့် တေဇောဓာတ်၏ အစွမ်းဟု သိရပါသည်။

မေး။ ။အထည်ဝတ္ထု အစုစုတို့မှာ ယိမ်းယိုင်လှုပ်ရှား၍ နေမှုသည် ဘယ်ဓာတ်၏ အစွမ်းဖြစ်ပါသနည်း။

ဖြေ။ ။ဝါယောဓာတ်၏ အစွမ်းဖြစ်ပါသည်။

မေး။ ။ဝါယောဓာတ်၏ အစွမ်းဟု အဘယ်ကြောင့် သိနိုင်ပါသနည်း။

ဖြေ။ ။ဝါယောဓာတ်သည် ထောက်ကန်ခြင်း သဘော ရှိသည်ဟု ဆိုသောကြောင့် ဝါယော အဆင့်ဆင့်ကန်၍ ယိမ်းယိုင်လှုပ်ရှား၍ နေသည်ကို တွေ့ရသဖြင့် ဝါယောဓာတ်၏ အစွမ်းဟု သိရပါသည်။

ထို့ကြောင့်။ (၆) သဏ္ဌာန်ခြင်း၊ ဖြစ်ပေါ်လတ်က၊ ဓာတ်လေးပါးအနက်၊ ပထဝီထက်လျှင် မာမြဲပင်၊ နုန့်လျှင် ပြော့လေ၏။ အာပေါထက်လျှင် အရည်ပင်။ နုန့်လျှင်ခဲလေ၏။ တေဇောထက်လျှင်၊ ပူပေင်၊ နုန့်လျှင် မျှတ၏။ ဝါယောနုန့်က၊ ငြိမ်ဝပ်စွာ၊ လွန်ကလှုပ်ရှား၊ ပြေးလွှင့်သွားသည်၊ လေးပါးဓာတ်ရင်း သဘောတည်းဟု ဆိုပါသည်။

မှတ်ချက်။ ။ယိမ်းယိုင်လှုပ်ရှားသည်ဟု ဆိုသော စကားဌ စင်စစ်ကား၊ ယိမ်းယိုင် လှုပ်ရှားသည် မဟုတ်။ နေရာပြောင်းလဲ၍ ရုပ်ကလာပ် အဆင့်ဆင့်ဖြစ်၍ သွားမှုကို ယိမ်းယိုင်လှုပ်ရှားသည်ဟု ဆိုသတည်း။ မှန်၏။ နာမ်ရုပ်မည်သည်ကား၊ *ဖြစ်ရာအရပ်ဌ မချုပ်မှု၍ အရပ်တပါးသို့ ပြောင်းရွှေ့ခြင်းမရှိ။

ထို့ကြောင့် နဟိရူပါရူပ ဓမ္မာနံ ဥပ္ပါဒဒေသေ အနိရုဇ္ဈိတ္ဝာ ကေသဂ္ဂမတ္တံ ပိ ဒေဿရသက်မနံ နာမအတ္ထိ။ ဟု မိန့်ဆိုတော်မူ၏။

ဟိ၊ မှန်၏။ ရူပါရူပဓမ္မာနံ၊ ရုပ်နာမ်တရားတို့၏ ဥပ္ပါဒဒေသေ၊ ဖြစ်ရာအရပ်ဌ၊ အနိရုဇ္ဈိတ္ဝာ၊ မချုပ်မှု၍ ကေသဂ္ဂမတ္တံ ပိ၊ ဆံခြည်ဖြားမျှလည်း ဒေသန္တရသက်မနံနာမ၊ အရုပ်တပါးသို့ ပြောင်းရွှေ့ခြင်းမည်သည် နအတ္ထိ၊ မရှိ။

မေး။ ။ရုပ်ကို ဖြစ်စေတတ်သောအကြောင်း၊ ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ။ကံ, စိတ်,ဥတု, အာဟာရ, ဟူသော အကြောင်းလေးပါးရှိပါသည်။

---

*ဖြစ်ရာအရပ်ဌပင်၊ ချုပ်စမြဲဟု ဆိုလိုသည်။

မေး။ ။လေးပါးသော အကြောင်းကြောင့် ဖြစ်သောရုပ်တို့သည် လူ၏ကိုယ်မှာ ဘယ်လိုမျှားဖြစ်၍ နေပါသနည်း။

ဖြေ။ ။အဖြစ်အပျက် မြန်သောကြောင့် ပျက်သည်ဟု မထင်။ မီးလျှံအသွင်၊ ရေအယာဉ်မျှားကဲ့သို့ အစဉ်မပြတ်ဖြစ်, ပျက်, ၍နေပါသည်။

ထို့ကြောင့်။ (၇) ကံ, စိတ်, ဥတု, အာဟာရ,ဟု၊ အကြောင်းလေးခု၊ ကျေးဇူးပြု၍ လူ၏ကိုယ်မှာ၊ မြန်စွာခဏ၊ ဖြစ်ကပျက်ပြန်၊ မီးလျှံအသွင်၊ ရေအယာဉ်ပမာ၊ ရုပ်ခန္ဓာသည်၊ ဘယ်ခါမစဲ၊ ဖြစ်ပျက်မြဲတည်းဟု ဆိုပါသည်။

စတုဇရုပ်ကိုပြဆိုခန်း။

စတုဇရုပ်ကို ထုတ်ဘော်၍ပြဦး။ ကံကြောင့်ဖြစ်သော ရုပ်ကလာပ်ကား၊ ၉-ပါးရှိ၏။

၁။ ဆိုခဲ့ပြီးသော အဌကလာပ်မှာ၊ ဇီဝိတရုပ်ကိုထည့်။ ဇီဝိတနဝက-ကလာပ်။

၂။ ထိုဇီဝိတနဝက-ကလာပ်ကိုမ- တည်ပြု၍၊ဇီဝိတနဝက-ကလာပ်မှာ၊ စက္ခုပသာဒရုပ်ကိုထည့်။ စက္ခုဒသက-ကလာပ်။

၃။ ဇီဝိတနဝက-ကလာပ်မှာ၊ သောတပသာဒ ရုပ်ကိုထည့်။ သောတဒသက-ကလာပ်။

၄။ ဇီဝိတနဝက-ကလာပ်မှာ၊ ဃာနပသာဒရုပ်ကိုထည့်။ ဃာနဒသက-ကလာပ်။

၅။ ဇီဝိတနဝက-ကလာပ်မှာ၊ ဇိဝှာပသာဒ ရုပ်ကိုထည့်။ ဇိဝှာဒသက-ကလာပ်။

၆။ ဇီဝိတနဝက-ကလာပ်မှာ၊ ကာယပသာဒ ရုပ်ကိုထည့်။ ကာယဒသက-လလာပ်။

၇။ ဇီဝိတနဝက-ကလာပ်မှာ၊ ဣတ္ထိဘာဝ ရုပ်ကိုထည့်။ဣတ္ထိဘာဝဒသက-ကလာပ်။

၈။ ဇီဝိတနဝက-ကလာပ်မှာ၊ ပုမ္ဘာဝရုပ်ကိုထည့်။ ပုမ္ဘာဝဒသက-ကလာပ်။

၉။ ဇီဝိတနဝက-ကလာပ်မှာ၊ ဟဒယ ဝတ္ထုရုပ်ကိုထည့်။ ဝတ္ထု ဒသက-ကလာပ်။

ကမ္မဇ ကလာပ်ပေါင်း ၉ ပါးဖြစ်၏။ ထို ၉ ပါးတို့တွင် ဇီဝိတနဝက-ကလာပ်သည် ပါစကခေါတ်မီး၊ ဥသ္မာခေါတ်မီးတို့၌ တည်နေ၏။

ထိုကြောင့်- အာယုတိ တေသု ဒ္ဒိသု အဂ္ဂိသု ပတိဋ္ဌိတံ ဇီဝိတမေဝ ဝုစ္စတိ။ ။ဟု မိန့်ဆိုတော်မူ၏။

အာယုတိ၊ အာယုဟူသည်ကား၊ တေသုဒ္ဒိသု အဂ္ဂိသု၊ ထိုနှစ်ပါးကုန်သော ပါစကခေါတ်မီး၊ဥသ္မာခေါတ်မီးတို့၌ ပတိဋ္ဌိတံ တည်သော။ ဇီဝိတမေဝ၊ ဇီဝိတ ရုပ်ကိုသာလျှင် ဝုစ္စတိ ဆိုအပ်၏။

စားသောအစာ စသည်ကို ကျိုချက်တတ်သော ဝမ်းမီးကို ပါစကခေါတ်မီးခေါ်၏။ ထိုပါစကခေါတ်မီး၏ အပူဝေးအစီး ဖြစ်သော တကိုယ်လုံး ပျံ့နှံ့၍နေသော ကိုယ်စောင့် ခေါတ်မီးကို ဥသ္မာခေါတ်မီး ခေါ်၏။

စက္ခုဒသက - ကလာပ်သည် မျက်နက်ဝန်း အလယ် သန်းဦးခေါင်းပမာဏရှိသော အကွက်အရပ်မှာ တည်နေ၏။ ထို စက္ခုဒသက-ကလာပ်ကို စက္ခုအကြည်ဟူ၍လည်း ခေါ်၏။

သောတဒသက-ကလာပ်သည် နှားခေါင်းအတွင်း၌ လက်စွပ်ကွင်းသဏ္ဌာန်ရှိသော၊ အမွေးနီပေါက် ရှိသော အရုပ်မှာတည်၏။ ထိုသောတဒသက-ကလာပ်ကို သောတအကြည် ဟူ၍လည်း ခေါ်၏။

ဃာနဒသက-ကလာပ်သည် နှာခေါင်းအတွင်း၌ ဆိတ်ခွာသဏ္ဌာန်ရှိသောအရုပ်မှာတည်နေ၏။ ထိုဃာနဒသက-ကလာပ်ကို ဃာနအကြည်ဟူ၍လည်း ခေါ်၏။

ဇိဝှာဒသက-ကလာပ်သည် လျှာ၏အလယ် ကြာရွက်ဖျားသဏ္ဌာန်ရှိသောအရုပ်မှာတည်နေ၏။ ထိုဇိဝှာဒသက-ကလာပ်ကို ဇိဝှာအကြည်ဟူ၍လည်း ခေါ်၏။

ကာယဒသက-ကလာပ်သည် ရင်ဗမာသောအရိုး, ဆံ,အမွေး, ခြေသည်း,လက်သည်း, ခြောက်သွေ့သောအရေတို့မှ ကြွင်းသောအတွင်းအပြင် တကိုယ်လုံးမှာ ဂွမ်းပုံ၌ လောင်းသော ဆီကဲ့သို့ နှံ့၍တည်နေ၏။ ထိုကာယဒသက-ကလာပ်ကို ကာယအကြည်ဟူ၍လည်းခေါ်၏။

ထိုစက္ခုအကြည်စသော အကြည်တို့သည် အလွန် စင်ကြယ်သော မှန်အကြည်နှင့် တူကြကုန်၏။

ထို့ကြောင့်၊ သုပရိသုဒ္ဓ အဒါသ မဏ္ဍသဒိသာ ကမ္မဇ မဏ္ဍာ။ ။ဟု မိန့်ဆိုတော်မူ၏။

ပသာဒါ၊ စက္ခု အကြည် စသော အကြည်တို့သည် သုပရိသုဒ္ဓအာဒါသမဏ္ဍသဒိသာ၊ အလွန်စင်ကြယ်သော မှန်အကြည်နှင့် တူကုန်သော။ ကမ္မဇမဏ္ဍာ၊ကံကြောင့်ဖြစ်သော အကြည်တို့ ပေတည်း။

မှန်အကြည်မှာ အရိပ်ထင်သကဲ့သို့ စက္ခုအကြည် စသည်တို့မှာ ရူပါရုံစသည်တို့ အသီးသီး ထင်ကြကုန်၏။

ဣတ္ထိဘာဝဒသက-ကလာပ်သည် မိန်းမသန္တာန်မှာ အတွင်းအပြင် တကိုယ်လုံးဌိတည်နေ၏။ မိန်းမသည် ယောက်ျားနှင့် အသင်မတူ၊ အမှုအရာ ကဲပြားမှုသည် ဣတ္ထိဘာဝရုပ်၏ အစွမ်းပေတည်း။

ပုမ္ဘာဝဒသက- ကလာပ်သည် ယောက်ျား သန္တာန်မှာ အတွင်းအပြင် တကိုယ်လုံးဌိ တည်နေ၏။ ယောက်ျားသည် မိန်းမနှင့် အသင်မတူ၊ အမှုအရာ ကဲပြားမှုသည် ပုမ္ဘာဝရုပ်၏ အစွမ်းပေတည်း။

ဝတ္ထုဒသက- ကလာပ် သည် နှလုံးသား၏ အတွင်းမှာ တလက်ဖက်ခဲမျှလောက်သော နှလုံးသွေးနှင့်ရောနှောဝ၍ တည်နေ၏။

ထိုကြောင့်၊ တံ ပန၊ ဟဒယ၊ ကောသဗ္ဘန္တရေ၊ အမှုပသတမတ္တံ လောဟိတံ ဗျာပေတွာ တိဋ္ဌတိ။ ။ဟု မိန့်ဆိုတော်မူ၏။

တံပန၊ ထိုဟဒယ ဝတ္ထုရုပ် သည်ကား၊ ဟဒယကောသဗ္ဘန္တရေ၊ နှလုံးသားအတွင်းဌိ အမှုပသတမတ္တံ၊ တလက်ဖက်ခဲမျှလောက်သော၊ မလောဟိတံ၊သွေးကို၊ ဗျာပေတ္တွာ၊နှံ့၍။ တိဋ္ဌတိ၊ တည်၏။

ကမ္မဇရုပ်ကို ပြဆိုသော စကားတရပ်
အပြီးသတ်သတည်း။

စိတ်ကြောင့်ဖြစ်သောရုပ်ကလာပ်ကား ၈ ပါးရှိ၏။

၁။ ဆိုခဲ့ပြီးသော အဋ္ဌကလာပ်ကို သုဒ္ဓဋ္ဌက-ကလာပ် ခေါ်သည်။ သုဒ္ဓဋ္ဌက-ကလာပ်။

၂။ သုဒ္ဓဋ္ဌက-ကလာပ်မှာ၊ သဒ္ဒရုပ်ကိုထည့်။ သဒ္ဒနဝက ကလာပ်။

၃။ သုဒ္ဓဋ္ဌက-ကလာပ်မှာ၊ ကာယဝိညတ္တိရုပ်ကိုထည့်၊ကာယ ဝိညတ္တိနဝက-ကလာပ်။

၄။ သုဒ္ဓဋ္ဌက-ကလာပ်မှာ ဝစီဝိညတ္တိ ရုပ်နှင့် သဒ္ဒ ရုပ်ကို ထည့်၊ ဝစီဝိညတ္တိ သဒ္ဒ ဒသက-ကလာပ်။

၁။ ထိုလေးပါးသော ရုပ်ကလာပ်တို့မှာ လဟုတာရုပ်, မုဒုတာရုပ်, ကမ္မညတာရုပ် ၃ ခုကို အစဉ် အတိုင်း လိုက်၍ဆည့်၊ လဟုတာဒီကောဒသက-ကလာပ်။

၂။ သဒ္ဒလဟုတာဒီဒွေဒသက-ကလာပ်။

၃။ ကာယဝိညတ္တိ လဟုတာဒီ ဒွါဒသက-ကလာပ်။

၄။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒီ တေရသက-ကလာပ်။

ဤတွေကလာပ် ၈ ပါးဖြစ်၏။ ထို ၈ ပါးတို့တွင် စကားပြောဆိုလိုက်မည်ဟု အားထုတ်သော အခါ လှုပ်ရှားမှု သည် သုဒ္ဓဋ္ဌက-ကလာပ် အစ္ဓမ်းပေတည်း။

ဣဒံ ဝက္ခာမိ တေ ဝက္ခာမိတိ ဥပ္ပဇ္ဇမာနံ စိတ္တံ အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ။ ။အဋ္ဌကထာ။

ဣဒံ၊ ဤစကားကို၊ ဝက္ခာမိ ဆိုလိုက်အုံ့။ တေ၊ ထိုစကားကို ဝက္ခာမိ၊ဆိုလိုက်အုံ့။ ဣတိ ဤသို့၊ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သော၊ စိတ္တံ၊

စိတ်သည်၊ အဋ္ဌရူပါနိ၊ ရှစ်ပါးသောရူပ်တို့ကို၊ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။

အသက်ရှူသောအသံ၊ တရုံဘခါ ချောင်းဆိုးသံ၊ ချေသံ၊ ပျို့သံ အန်သံ စသောအသံမျိုးသည် သဒ္ဒနဝက-ကလာပ် အစုမ်းပေတည်း။

> တသ္မာဝိသုဒ္ဓိမဂ္ဂေ ဝုတ္တနယေန အဿာသပဿာသေ ဝါ အဝစီဃော သေသု ကဒါစိစိတ္တသဟိတေသု ဥက္ကာ သိတခီပိတ ဝမိတဆဋ္ဌိတ သဒ္ဒါဒီသုပိ ဝါ ဧတံ သဒ္ဒနဝ ကံဝေဒိတဗ္ဗံ။

တဿာ၊ ထို့ကြောင့်။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်၌၊ ဝုတ္တယေန၊ ဆိုအပ်ပြီးသောနည်းဖြင့် အဿာသ ပဿာသေ ဝါ။ ထုက်သက် ဝင်သက်၌ရင်း။ အဝစီဃောသေသု၊ ဝစီဃောသ မဟုတ်ကုန်သော။ ကဒါစိ၊ ရံခါ။ စိတ္တသဟိတေသု၊ စိတ်နှင့်တကွ ဖြစ်ကုန်သော။ ဥက္ကာသိတခ ီပိတ ဝမိတ ဆဋ္ဌိတသဒ္ဒါဒီသုပိ ဝါ၊ ချောင်းဆိုးသံ၊ ချေသံ၊ ပျို့သံ၊ အန်သံ စသည်တို့၌ရင်း။ ဧတံ သဒ္ဒနဝကံ ထိုသဒ္ဒနဝက-ကလာပ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဦးခေါင်း, ခြေ, လက်, ပေါင်နှစ်ဘက်စသော ကိုယ်အင်္ဂါ လှုပ်ရှားမှုသည် ကာယဝိညတ္တိ နဝက-ကလာပ်အစုမ်းပေတည်း။

> ထို့ကြောင့်၊ သသမ္ဘာရေ အင်ပစ္စင်ဘူတေ ကာယေ ပဝတ္တာ။ဝိညတ္တိ ကာယဝိညတ္တိ။ ဟု မိန့်ဆိုတော်မူ၏။

သသမ္ဘာရေ၊ သသမ္ဘာရ ကိုယ်နှင့်တကွဖြစ်သော။ အင်ပစ္စင် ဘူတေ၊ အင်္ဂါကြီးငယ် ဖြစ်၍ဖြစ်သော ကာယေ၊ လှုပ်သော

အခါ ကိုယ်ကာယ၌ ပဝတ္တာ၊ ဖြစ်သော။ ဝိညတ္တိ၊ ဝိညတ်သည် ကာယဝိညတ္တိ၊ ကာယဝိညတ်မည်၏။

စကားပြောဆိုမှုသည် ဝစီဝိညတ္တိ သဒ္ဒဒသက-ကလာပ်အစုမ်းပေတည်း။

ထို့ကြောင့်၊ စိတ္တဇသဒ္ဒ သန်္ဌာတာယ ဝါစာယ ပဝတ္တာ ဝိညတ္တိ ဝစီဝိညတ္တိ။ ဟု မိန့်ဆိုတော်မူ၏။

စိတ္တဇသဒ္ဒသန်္ဌာတာယ၊ စိတ္တဇအသံဟု ဆိုအပ်သော။ ဝါစာယ၊ စကားပြောဆိုမှု၌ ပဝတ္တာ၊ ဖြစ်သော။ ဝိညတ္တိ၊ ဝိညတ်သည်။ ဝစီဝိညတ္တိ၊ ဝစီဝိညတ်မည်၏။ နောက် ကလာပ်လေးပါးတို့ကို ထိုနည်းအတူ ပေါ့ခြင်း နှုံးညံ့ခြင်း အမှုဌ် ခံ့ခြင်းအခါမှာ ဖြစ်သည်ဟု မှတ်လေ။

စိတ္တဇရုပ်ကို ပြဆိုသော စကားတရပ် အပြီးသတ်သတည်း။

ဥတုကြောင့်ဖြစ်သော **ရုပ်ကလာပ်ကား**။ လေးပါးရှိ၏။ စိတ္တဇကလာပ် ၇ ပါးတို့တွင် **ကာယဝိညတ်** ဝစီဝိညတ် မပါသော ကလာပ်လေးပါးကို ဥတုဇကလာပ်ဟုမှတ်။ သတ္တဝါသန္တာန်မှာ ဆံအမွေးစသော ရုပ်စု ရုပ်ခဲ့မျှားသည် သုဒ္ဓဋ္ဌက ကလာပ်အစု အခဲ့တွေ့ပေတည်း။ လက်ဖျောက်တီးသံ၊ ဗိုက်မြည်သံ၊ လေလှည့်သံ စသော အသံမျှားသည် သဒ္ဒနဝက-ကလာပ် အမှုတွေ့ပေတည်း။ လဟုတာဒိကောဒသက-ကလာပ်၊ သဒ္ဒလဟုတာဒိဒ္ဒွာဒသက-ကလာပ်တို့ကို ထိုနည်းအတူ ပေါ့ခြင်း, နှုံးညံ့ခြင်း, အမှုဌ်

ခံ့ခြင်းအခါ၌ ဖြစ်သည်ဟုမှတ်လေ။ ဗဟိဒ္ဓသန္တာန်မှာ၊ အဆင်း, အနံ့, အရသာ အဇတ္တအထိ အမျိုးမျိုးတို့သည် သုဒ္ဓဋ္ဌက-ကလာပ် အစုအခဲတို့သာတည်း။ အသံအမျိုးမျိုးတို့သည် သဒ္ဒနဝက-ကလာပ် အစုအခဲတို့သာတည်း။

ဥတုဇရုပ်ကို ပြဆိုသော စကားတရပ်
အပြီးသတ်သတည်း။

အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ်ကား။ နှစ်ပါးရှိ၏။ ဥတုဇကလာပ် လေးပါးတို့တွင် သဒ္ဒမပါသော ကလာပ်နှစ်ပါးကို အာဟာရဇ ကလာပ်ဟုမှတ်။ အာဟာရဇ ရုပ်ကလာပ် ဖြစ်ပုံကား ထင်ရှားစေ၏။

အာဟာရဇရုပ်ကို ပြဆိုသော စကားတရပ်
အပြီးသတ်သတည်း။

မေး။ အဘယ်အကြောင်းကြောင့် ဗဟိဒ္ဓသန္တာန်မှာ ရုပ်တွေဖြစ်၍ နေပါသနည်း။

ဖြေ။ ။ဥတုကြောင့် ဖြစ်၍နေပါသည်။

မေး။ ။ဘယ်ဟာကို ဥတုခေါ်ပါသနည်း။

ဖြေ။ ။တေဇောဓာတ်ကို ဥတုခေါ်ပါသည်။

ထို့ကြောင့်။ (၇) မြေ, ရေ, သစ်ပင်၊ မြင်မြင်သမျှ၊ ဗဟိဒ္ဓမှာ၊ လုံးဝအုပ်စုံ၊ အကုန်ပေါင်းစု၊ ရုပ်ဖြစ်မှုသည်၊ ဥတုတေဇော၊ အကြောင်းတည်းဟု ဆိုပါသည်။

မေး။ ။ဘယ်ဟာကို ပညတ်ခေါ်ပါသနည်း။

ဖြေ။ ။လူအများတို့ ပညတ်ကြသော အမည်နာမတွေကို ပညတ်ခေါ်ပါသည်။

မေး။ ။ပညတ်များကို ထုတ်ဖော်၍ပြပါ။

ဖြေ။ ။တခုတည်းဟု မှတ်အပ်သော ပညတ်မျိုးကို သမူဟ ပညတ် ခေါ်ပါသည်။ ပရမတ္ထမမ္မတို့ကိုစဲ့၍ ယောက်ကျား, မိန်းမ, သစ်ပင်, ချုံနွယ်, စသော ပညတ်မျိုးကို ဥပါဒါန်ပညတ် ခေါ်ပါသည်။ အရှည်, အတို, အလုံး, အပြား, စသည်ဖြင့် ထင်မြင်အပ်သော ပညတ်မျိုးကို သဏ္ဌာန ပညတ်ခေါ်ပါ!သည် ဤဝတ္ထုပင်ဟု ထင်မြင်အပ်သော ပညတ်မျိုးကို သန္ဌတိ ပညတ် ခေါ်ပါသည်။ ဤသို့သောစကားအားဖြင့် များစွာရှိပါသည်။

ထို့ကြောင့်။ (၉) သမူဟ၊ဥပါဒါန်၊ သဏ္ဌာန်-သန္ဌတိ၊ စသည် အပြား၊ လူအများသည်၊ ခေါ်ဝေါ်မှတ်သား၊ ပညတ်ထားသတည်းဟု ဆိုပါသည်။

မေး။ ။ပညတ်ကို သိမှုသည် ဘယ်လိုသိမှု ဖြစ်ပါသနည်း။

ဖြေ။ ။လူကိုမြင်သည့်အခါ ခေါင်းတလုံးတည်း၊ ကိုယ်တခုတည်းဟု သိမှုသည် သမူဟပညတ်ကို သိမှုဖြစ်ပါသည်။ ယောက်ကျားဘဲ, မိန်းမဘဲဟု သိမှုသည် ဥပါဒါန်ပညတ်ကို သိမှုဖြစ်ပါသည်။ ရှည်သောလူ, ပုသောလူ, စသည်ဖြင့် အနေပုံဟန် သဏ္ဌာန်သိမှုသည် သဏ္ဌာနပညတ်ကို သိမှုဖြစ်ပါသည်။ မနေ့ကလူဘဲ၊ နံနက်ကလူဘဲဟု သိမှုသည် သန္ဌတိပညတ်ကို သိမှုဖြစ်ပါသည်။

မေး။ ။ပရမတ်ကို သိမှုသည် ဘယ်လိုသိမှုဖြစ်ပါသနည်း။

ဖြေ။ ။လူကိုမြင်သည့်အခါ ခေါင်းတလုံး၊ ကိုယ်တခု၊ လူပု၊ လူရှည်၊ ယောက်ကျား၊ မိန်းမ၊ မရှိ။ မနေ့ကလူ-နံနက်က

လူမဟုတ်။ ယခုအသစ်ဖြစ်ပေါ်လာသော နာမ်ရုပ်နှစ်ခုဝတ်စုဝတ်ခဲကြီးသာ ဖြစ်သည်ဟု သိမှုသည် ပရမတ်ကို သိမှုဖြစ်ပါသည်။

မေး။ ။ရုပ်၏အနိစ္စကို ဘယ်လိုကြည့်မှုမြင်နိုင်ပါမည်နည်း။

ဖြေ။ ။ပညတ်-ပရမတ်ကို အတတ်သိမြင်၍ ဉာဏ်နှင့်ကြည့်မှု မြင်နိုင်ပါသည်။

ထို့ကြောင့် (၁၀) ပညတ်, ပရမတ်၊ အတတ်မြင်သိ၊ဉာဏ်နှင့်ကြည့်မှု၊အနိစ္စကို၊ဒုက္ခမှန်စွာ၊မြင်နိုင်ရာသည်၊ပညာအချက်စခန်းတည်းဟု ဆိုပါသည်။

ရုပ်ကို ပြဆိုခန်းပြီး၏။

နာမ်ကိုပြဆိုခန်း

မေး။ ။အဘယ် အကြည်များကို အကြည် ခြောက်ပါးခေါ်ပါသနည်း။

ဖြေ။ ။စက္ခုအကြည်, သောတအကြည်, ဃာနအကြည်, ဇိဝှာအကြည်,ကာယအကြည်, မနောအကြည်များကို အကြည် ခြောက်ပါးခေါ်ပါသည်။

မေး။ ။ဘယ်ဟာကို မနောအကြည်ခေါ်ပါသနည်း။

ဖြေ။ ။နှလုံးသွေးအစု၊ ဟဒယဝတ္ထု ရုပ်ပေါ်မှာ ဖြစ်၍နေသော ဘဝင်စိတ်ကို မနောအကြည်ခေါ်ပါသည်။

မေး။ ။ဘယ်အကြည်ကို ရုပ်အကြည်၊နာမ်အကြည် ခေါ်ပါသနည်း။

ဖြေ။ ။မနောအကြည်ကို နာမ်အကြည် ခေါ်ပါသည်။ ကြွင်းသောအကြည်ငါးပါးကို ရုပ်အကြည် ခေါ်ပါသည်။

ထို့ကြောင့်။ (၁၁) စက္ခု-သောတ၊ ဃာန-ဇိဝှာ၊ကာယ၊ဝေါ်လီ ရုပ်အကြည်တည့်။ တလိမ္မတ်လော့၊ မနောအကြည်၊ ဘဝင်စိတ်ပေ တည်းဟု ဆိုပါသည်။

မှတ်ချက်။ ။ရုပ်အကြည်ငါးပါးတို့၏ တည်နေရာ အရပ်ဌာန ကို ရုပ်အမန်းက ပြဆိုခဲ့ပြီ။

မေး။ ။အာရုံ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ။အာရုံ ခြောက်ပါး ရှိပါသည်။

မေး။ ။အာရုံခြောက်ပါးကိုပြောပြပါ။

ဖြေ။ ။အဆင်းအမျိုးမျိုးကို ရူပါရုံခေါ်ပါသည်၊ အသံ အမျိုးမျိုးကို သဒ္ဒါရုံခေါ်ပါသည်၊ အနံ့အမျိုးမျိုးကို ဂန္ဓာရုံ ခေါ်ပါသည်၊ အရသာအမျိုးမျိုးကို ရသာရုံခေါ်ပါသည်။ အတွေ့အထိအမျိုးမျိုးကို ဖောဋ္ဌဗ္ဗာရုံ ခေါ်ပါသည်။ မနော ဝိညာဏ်နှင့် သိသမျှအာရုံကို ဓမ္မာရုံခေါ်ပါသည်။

မေး။ ။မနော-ဝိညာဉ်သည် ဘယ်ဟာမျှားကို သိနိုင်ပါ သနည်း။

ဖြေ။ ။ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဖြစ်သော ပညတ်, ရုပ်,နာမ်၊နိဗ္ဗာန်အကုန်၊အလုံးစုံကို သိနိုင်ပါသည်။

ထို့ကြောင့်။ (၁၂) အဆင်း,ရူပ၊ သဒ္ဒ,အသံ၊ အနံ့,ဂန္ဓ၊ ရသ,အရသာ၊ အတွေ့,ဖောဋ္ဌဗ္ဗာ၊ ငါးဖြာအစုံ၊ ရုပ်အာရုံပင်၊ မနော ဝိညာဉ်၊ဆင်ခြင်တုံ့က၊ သိသမျှအကုန်၊ ဓမ္မာရုံပေတည်းဟုဆိုပါသည်။

မေး။ ။အကြည်ခြောက်စုံမှာ၊ အာရုံ ခြောတ်ပါးသည် အဘယ်ကြောင့် အသီးသီးထင်လာပါသနည်း။

ဖြေ။ ။ဓမ္မနိယာမအားဖြင့် အကြည်ခြောက်စုံမှာ၊ အာရုံ ခြောက်ပါးထင်လာရပါသည်။

ထို့ကြောင့်၊ ဇွေ စ အယမ္ပေ ဧသော ဓမ္မနိယာမော ယေဝ။ ။ဟု မိန့်ဆိုတော်မူပါသည်။

ဇွေစ၊ ဤစကားရပ်၌လည်း၊ အယမ္ပေ၊ ဤအာရုံ ထင်လာမှုသည်လည်း၊ ဧကော၊ တခုသော၊ ဓမ္မနိယာမော ယေဝ၊ ဓမ္မနိယာမသည်သာလျှင်တည်း။

မေး။ ။အကြည်ခြောက်စုံမှာ အာရုံခြောက်ပါးထင်လာသည့်အခါ ဘယ်တရားမျိုးဖြစ်လာပါသနည်း။

ဖြေ။ ။ဝိညာဏ်ခြောက်ဖြာသည် လျှပ်ရောင်ပမာ ဆိုင်ရာအသီးသီး ဖြစ်ပေါ်လာပါသည်။

ထို့ကြောင့်။ (၁၃) အကြည် ခြောက်စုံ၊ အာရုံ ခြောက်ပါး၊ ထိခိုက်ခြားက၊ ခြောက်ပါးဝိညာဉ်၊ အစဉ်မပြတ်၊ လျှပ်ရောင် ပမာ၊ နာမ်ခန္ဓာသည်၊ ဆိုင်ရာ အသီးအသီး ဖြစ်ပျက် ကြသတည်းဟု ဆိုပါသည်။

မေး။ ။စက္ခု ဝိညာဏ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍နေပါသနည်း။

ဖြေ။ ။မှန်နှင့် မျက်နှာကိုစဲ့၍ မှန်အကြည်မှာ မျက်နှာရိပ်ထင်လာသကဲ့သို့ စက္ခု-ရူပါရုံ နှစ်ပါးစုံကိုစဲ့၍၊စက္ခုအကြည်မှာ စက္ခုဝိညာဏ် ဖြစ်ပေါ် လာ၏။ ဖြစ်ပြီးနောက် ချုပ်ပျောက်၍သွား၏။

ထို့ကြောင့်။ (၁၄) စက္ခုရူပါရုံ နှစ်ပါးဆုံလျှင်၊ စက္ခုဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ချုပ်ပျက်မြဲတည်းဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား။

စက္ခုဥပဒ်စ ရူပေစ ဥပဇ္ဇတိ စက္ခုဝိညာဏံ။ ။သံယုတ်ပါဠိတော်။

စက္ခုဥာ၊ စက္ခုအကြည်ကိုဝင်း။ ရူပေစ၊ ရူပါရုံတို့ကိုဝင်း။ ပဋိစ္စ၊ နှစ်ပါးစုံစဲ့ရ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ဥပဓိတိ၊ ဖြစ်ပေါ်လာ၏။

မေး။ ။သောတဝိညာဏ်သည် အဘယ်ကဲ့သို့ ဖြစ်,ပျက်, ၍ နေပါသနည်း။

ဖြေ။ ။မှန်နှင့်မျက်နှာကိုစဲ့၍ မှန်အကြည်မှာ မျက်နှာရိပ် ထင်လာသကဲ့သို့၊ သောတ,သဒ္ဒါရုံ နှစ်ပါးစုံကိုစဲ့၍ သောတ အကြည်မှာ သောတဝိညာဏ် ဖြစ်ပေါ်လာပါသည်။ ဖြစ်ပြီး နောက် ချုပ်ပျောက်၍သွားပါသည်။

ထို့ကြောင့်။ (၁၅) သောတသဒ္ဒါရုံ၊ နှစ်ပါးစုံလျှင်၊ သောတ ဝိညာဉ် ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်းဟု ဆိုပါသည်။

ထိုစကားအရ သာဓက ပါဠိကား။

သောတဥပဋိစ္စ သဒ္ဒေစ ဥပဓိတိ သောတဝိညာဏံ။
သံယုတ်ပါဠိတော်။

သောတဥ၊ သောတ အကြည်ကိုဝင်း။ သဒ္ဒေစ၊ သဒ္ဒါရုံတို့ ကိုဝင်း။ ပဋိစ္စ၊ နှစ်ပါးစုံစဲ့ရ၍။ သောတဝိညာဏံ၊ သောတ ဝိညာဏ်သည်။ ဥပဓိတိ၊ ဖြစ်ပေါ်လာ၏။

မှတ်ချက်။ ။ရေအကြည်မှာ ထင်ကြသော အရိပ် မျှားသည် ရေနှင့်ထိလျှင်မထင်နိုင်၊ ရေနှင့်မထိမှထင်သကဲ့သို့ စက္ခုအကြည်, သောတအကြည်တို့မှာ ထိခိုက် လာကုန် သော ရူပါရုံ, သဒ္ဒါရုံတို့သည် မထင်နိုင်ကုန်။ မထိမခိုက် ကုန်သော ရူပါရုံ,သဒ္ဒါရုံတို့သည်သာလျှင် ထင်နိုင်ကုန်၏။

ထို့ကြောင့်၊ ပုရိမာနိ "ဟိ" ဒေ့ နိဗ္ဗိဒတ္တ ဝသေနေဝ၊ ဃဋ္ဋေန်၊ နဝတ္ထုဝသေန။ ။ဟု မိန့်ဆို တော်မူ၏။

ဟိ၊ ခဲ့ဗျာ့။ ပုရိမာနိ၊ ရှေးဖြစ်ကုန်သော။ ဒေ့၊ နှစ်ပါးကုန်သော။ ရူပါရုံ, သဒ္ဒါရုံတို့သည်။ နိမိတ္တဝသေနေဝ၊ အရိပ်နိမိတ်၏ အစွမ်းဖြင့် သာလျှင်။ ဃဋ္ဋေန်၊ ထိခိုက်ကြကုန်၏။ ဝတ္ထုဝသေန၊ ဝတ္ထု၏အစွမ်းဖြင့်။ နဃဋ္ဋေန်၊ မထိခိုက်ကုန်။

မေး။ ။ဃာန ဝိညာဏ်သည် အဘယ်ကဲ့သို့ ဖြစ်,ပျက်, ၍ နေပါသနည်း။

ဖြေ။ ။ဗုံနှင့်လက်ကိုစွဲ၍ ဗုံသံဖြစ်ပေါ်လာသကဲ့သို့၊ဃာနနှင့် ဂန္ဓာရုံ၊ နှစ်ပါးစုံကိုစွဲ၍၊ ဃာနအကြည်မှာ၊ ဃာနဝိညာဏ် ဖြစ်ပေါ်လာ၏။ ဖြစ်ပြီးနောက် ချုပ်ပျောက်၍သွား၏။

ထို့ကြောင့်။ (၁၆) ဃာန ဂန္ဓာရုံ၊ နှစ်ပါးဆုံ လျှင်၊ ဃာနဝိညာဉ် ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်းဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား။

ဃာနဥပဋ္ဌိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ သံယုတ်ပါဠိတော်။

ဃဲာနဥ၊ ဃဲာနအကြည်ကိုဂုဏ်း။ ဂန္ဓေစ၊ ဂန္ဓာရုံတို့ကိုဂုဏ်း။ ပဋ္ဌိစ္စ၊ နှစ်ပါးစုံစွဲ၍။ ဃဲာနဝိညာဏံ၊ ဃဲာနဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

ဒေမး။ ။ဇိဝှာဝိညာဏ်သည်၊ အဘယ်ကဲ့သို့ ဖြစ်, ပျက်,၍ နေပါသနည်း။

ဖြေ။ ။ဗုံ နှင့်လက်ကိုစွဲ၍ ဗုံ သံဖြစ်ပေါ်လာသကဲ့သို့ ဇီဝှာ ရသာရုံ၊ နှစ်ပါးစုံကိုစွဲ၍၊ ဇီဝှာအကြည်မှာ ဇီဝှာဝိညာဏ် ဖြစ်ပေါ်လာပါသည်။ ဖြစ်ပြီးနောက် ချုပ်ပျောက်၍ သွားပါသည်။

ထို့ကြောင့်။ (၁၇) ဇီဝှာရသာရုံ၊ နှစ်ပါးဆုံလျှင်၊ ဇီဝှာဝိညာဉ် ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်းဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား။

ဇီဝှဥပဋ္ဌိစ္စ ရသေစ ဥပဇ္ဇတိ ဇီဝှာ ဝိညာဏံ။ သံယုတ်ပါဠိတော်။

ဇီဝှဥ၊ ဇီဝှာအကြည်ကိုဆိုလင်း။ ရသေစ၊ ရသာရုံ တို့ကိုဆိုလင်း။ ပဋ္ဌိစ္စ၊ နှစ်ပါးစုံစွဲ၍။ဇီဝှာဝိညာဏံ၊ ဇီဝှာဝိညာဏ်သည်။ဥပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

မေး။ ။ကာယဝိညာဏ်သည်၊ အဘယ်ကဲ့သို့ ဖြစ်, ပျက်, ၍နေပါသနည်း။

ဖြေ။ ။ဗုံ နှင့်လက်ကိုစွဲ၍၊ ဗုံ သံဖြစ်ပေါ် လာသကဲ့သို့၊ ကာယ, ဖောဋ္ဌဗ္ဗာရုံ၊ နှစ်ပါးစုံစွဲ၍၊ ကာယအကြည်မှာ ကာယဝိညာဏ် ဖြစ်ပေါ်လာပါသည်။

ထို့ကြောင့် (၁၈) ကာယဖောဋ္ဌဗ္ဗာရုံ၊ နှစ်ပါးဆုံလျှင်၊ ကာယဝိညာဉ်ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်းဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား။

ကာယဥပဋ္ဌိစ္စ ဖောဋ္ဌဗ္ဗေစ ဥပဇ္ဇတိ ကာယဝိညာဏံ။ သံယုတ်ပါဠိတော်။

ကာယဥ္စ၊ကာယအကြည်တို့ဝင်း။ ဖောဌဗ္ဗေစ၊ ဖောဌဗ္ဗာရုံတို့ ကိုဝင်း။ ပဋိစ္စ၊ နှစ်ပါးစုံစဲ့၍။ ကာယ ဝိညာဏံ၊ ကာယဝိညာဏ် သည် ဥပဓိတိ၊ ဖြစ်ပေါ်လာ၏။

မှတ်ချက်။ ။ဂန္ဓာရုံ, ရသာရုံ, ဖောဌဗ္ဗာရုံ တို့သည် ဃာန အကြည်, ဇိဝှာအကြည်, ကာယအကြည်တို့မှာ၊ ထိခိုက် မှသာထင်နိုင်ကြကုန်၏။မထိမခိုက်လျှင်မထင်နိုင်ကြကုန်။

ထို့ကြောင့်၊ ပစ္ဆိမာနိပနတီဏိ ဝတ္ထုဝသေနဃဋ္ဋနာ၊ နနိ မိတ္တမတ္တဝသေန။ ဟု-မိန့်ဆိုတော်မူ၏။

ပစ္ဆိမာနိပန၊ နောက်ဖြစ်ကုန်သော။ တီဏိ၊ သုံးပါးကုန် သော။ ဂန္ဓာရုံ, ရသာရုံ, ဖောဌဗ္ဗာရုံတို့သည်။ ဝတ္ထုဝသေန၊ ဝတ္ထု၏ အစွမ်းဖြင့်။ ဃဋ္ဋနာ၊ ထိခိုက်ကြကုန်၏။ နိမိတ္တမတ္တဝ သေန၊ အရိပ်နိမိတ် အစွမ်းဖြင့်။ နဃဋ္ဋနာ၊ မထိခိုက်ကုန်။ ထန်း ရွက်မှာ တံဆိပ်ရိုက်၍ အကွာရာထင်သကဲ့သို့။ စက္ခုအကြည် စသည် တို့မှာ၊ ရူပါရုံစသော အာရုံတို့သည်၊ ဆိုင်ရာ ဆိုင်ရာ အသီး အသီး ထင်ကြကုန်၏။

ထို့ကြောင့်၊ ပဟာရဏကာလေ လဋ္ဌနခန္ဓာ တာလပဏ္ဏော အာဗာဓေတ္ဝာ အကွာရူပဌာနံ ဝိယဒဋ္ဌဗ္ဗံ။ ဟု မိန့်ဆိုတော်မူ၏။

ပဟာရဏကာလေ၊ ရိုက်ခတ်သောကာလ၌။ လဋ္ဌနခန္ဓာ၊ တံဆိပ်တုန်း၏။ တာလပဏ္ဏော၊ ထန်းရွက်၌။ အာဗာဓေတ္ဝာ၊ လွန် စွာခိုက်၍။ အကွာရူပဌာနံ ဝိယ၊ အကွာရာကို ထင်စေခြင်းကဲ့သို့။ အဝါထဂမနံ၊ အာရုံထင်ခြင်းသို့ ရောက်ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်

အပ်၏။ ရူပါရုံစသည်တို့ ထင်မှုသည် မိုယ်းကြိုးကျဘိသကဲ့သို့။ ပသာဒတို့၌ တိုးဝှေ့သည်ဟု ကျမ်းဂန်၌ဆိုသည်။

မေး။ ။မနောဝိညာဏ်စိတ်သည် အဘယ်ကဲ့သို့ ဖြစ်,ပျက်, ၍နေပါသနည်း။

ဖြေ။ ။ရေကန်အပြင် ကောင်းကင်၌ ပျံဝဲ၍နေသော ငှက်ရိပ်သည်၊ ရေနှင့်ငှက်ကိုစွဲ၍ ရေအပြင်မှာ ထင်လာသကဲ့သို့ မနောအကြည်မှာ ဓမ္မာရုံထင်လာသည့်အခါ၊ မနော, ဓမ္မာရုံ နှစ်ပါးစုံကိုစွဲ၍ နှလုံးသွေးအစု ဟဒယ ဝတ္ထုရုပ်ပေါ်မှာ ဖြစ်ပေါ်လာပါသည်။ ဖြစ်ပြီးနောက် ချုပ်ပျောက်၍ သွားပါသည်။

ထို့ကြောင့်။ (၁၉) မနောဓမ္မာရုံ၊ နှစ်ပါးဆုံလျှင်၊ မနောဝိညာဉ် ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်းဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား။

မနဉ္စပဋိစ္စဓမ္မေစ ဥပ္ပဇ္ဇတိ၊ မနောဝိညာဏံ။ သံယုတ်ပါဠိတော်။

မနဉ္စ၊ မနောအကြည်ကိုဌင်း။ ဓမ္မေစ၊ ဓမ္မာရုံကိုဌင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ မနောဝိညာဏံ၊ မနောဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

မှတ်ချက်။ ။ဝိညာဏ် ခြောက်ပါးတို့သည် တခုသောခဏ၌ တပြိုင်နက် မဖြစ်နိုင်ကြကုန်။ သူ့အာရုံနှင့် သူ့ဝိညာဏ် တခြားစီဖြစ်ကုန်၏။

ထို့ကြောင့်၊ အာရမ္မဏာဝိမတ္တာဒီ ဝသေန ဧကေကသ္မိံ အာရမ္မဏေ ဧဝ ပဝတ္တန္တိ။ ဟု မိန့်ဆိုဘော်မူ၏။

ဝိထိစိတ္တာနိ၊ ဝိထိစိတ်တို့သည်။အာရမ္မဏာမိမတ္တာဒိ၀သေန၊ အာရုံ လွန်ကဲခြင်း စသည်၏ အစွမ်းဖြင့်။ ကေကသ္မိံ၊ တခုတခု သော။ အာရမ္မဏေ၀ေ၀၊ အာရုံ၌သာလျှင်။ ပ၀တ္တန္တိ၊ ဖြစ်ကြ ကုန်၏။

(အတူပြိုင်၍ မဖြစ်သော်လည်း၊အလွန်တရာမြန်သောကြောင့် အတူပြိုင်၍ ဖြစ်သည်ဟု စိတ်ဖြစ်မှုတို့ကို မှတ်ထင်ကြရသည်။)

မေး။ ။အဘယ်စိတ်ကို မနောဝိညာဏ်စိတ် ခေါ်ပါသ နည်း။

ဖြေ။ ။စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်တို့မှ ကြွင်းသော ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ အဗျာက စိတ်တို့ကို ခေါ်ပါသည်။

မေး။ ။ထိုဝိညာဏ်ခြောက်ပါးသည်၊ အတူပြိုင်၍ ဖြစ်ပါ သလား။

ဖြေ။ ။အတူပြိုင်၍မဖြစ်၊ တခြားစီ ဖြစ်ပါသည်။

ထို့ကြောင့်။ (၂၀) ဝိညာဏ်ငါး၀၊ ကြွင်းသမျှကို၊ မနောဝိ ညာဉ် ဆိုး၏။ ထိုစိတ်ခြောက်ပါး၊ တခြားစီသာ ဖြစ်ကြရာသတည်းဟု ဆိုပါသည်။

မှတ်ချက်။ ။စိတ်တခု ယုတ်ကိုးဆယ် ဆိုသော်လည်း အကုန် လုံးရကြသည်မဟုတ်။ ပုဂ္ဂိုလ်အားလျော်စွာ ဆိုင်ရာ အသီး အသီး ရကြလေ၏။ ယခုလောကမှာ ဒ္ဒိဟိတ် ပုဂ္ဂိုလ်သာ များ၏။ တိဟိတ်ပုဂ္ဂိုလ်ကား နည်း၏။

၁။ အကုသိုလ်စိတ် အဟိတ်ဆယ့်ရှစ်၊ ဟသိပစ်၍၊ ရှစ်ခု ကုသိုလ်၊ ဝိပါက်ကိုထည့်၊ ပေါင်းရှိအပြား၊ လေးဆယ့်ငါးကို၊ မှတ်သားလို၊ တိဟိတ်ပဋ္ဌာန်းစိတ်။

၂။ ဝိပါက်သမ္မယုတ်၊ နှုတ်၍ ပစ်က၊ လေးဆယ့်တစ်ကို၊ မှတ်သားလို၊ ဒွိဟိတ်ပဋ္ဌာန်းစိတ်။

တိဟိတ်ပဋ္ဌာန်းမှာ

အကုသိုလ်	၁၂။
ဟသိတုပွါဒ်ကြဉ်သောအဟိတ်စိတ်	၁၇။
မဟာကုသိုလ်စိတ်	၈။
မဟာဝိပါက်စိတ်	၈။
	ပေါင်း(၄၅)ပါးရ၏။

ဒွိဟိတ်ပဋ္ဌာန်းမှာ

အကုသိုလ်စိတ်	၁၂။
ဟသိတုပွါဒ်ကြဉ်သောအဟိတ်စိတ်	၁၇။
မဟာကုသိုလ်စိတ်	၈။
မဟာဝိပါက်ဝိပွယုတ်	၄။
	ပေါင်း(၄၁)ပါးရ၏။

နာမ်ကိုပြဆိုရာအခန်းပြီး၏။

ရုပ်ကိုကြည့်ရှုရန်ပြဆိုခန်း။

မေး။ ။သတ္တဝါ သန္တာန်မှာ နာမ်ရုပ်မှတပါး တခြား သောတရားများ ရှိပါသေးသလား။

ဖြေ။ ။မရှိပါ၊ နာမ်ရုပ်နှစ်ပါးသာ ရှိပါသည်။

မေး။ ။အဘယ်ကြောင့် ယောက်ကျား၊မိန်းမ၊ အတ္တဇီဝ ဟု ပြောဆိုနေကြပါသနည်း။

ဖြေ။ ။လောကဝေါဟာရအားဖြင့်သာ ပြောဆိုရှိနေကြ ပါသည်။ စင်စစ်ကား၊ ယောက်ကျား၊မိန်းမ၊ အတ္တဇီဝဟူ၍မရှိ၊ ငါသူမဟုတ်သော ဓာတ်ရုပ်ကြီးတွေသာ ရှိပါသည်။

ထို့ကြောင့်။ (၂၁) နာမ်-ရုပ်မှ တပါး၊ ယောကျား- မိန်းမ အတ္တဇီဝ၊ ဘာမျှမရှိ၊ ဥာဏ်နှင့်ကြည့်သော်၊ ဓာတ်အတိသာ ရှိချေ၏ တကားဟု ဆိုပါသည်။

မေး။ ။သက္ကာယဒိဋ္ဌိသည် ဘယ်လိုစွဲလမ်းပါသနည်း။

ဖြေ။ ။သတ္တဝါဟူသော ရုပ်ခဲကြီးကို ငါ့ကိုယ်ဘဲ၊ ငါ့ လက်ဘဲ၊ ငါ့ခြေဘဲ စသည်ဖြင့် စွဲလမ်းပါသည်။ နာမ်၏အမှုကို ကိုယ်အမှုပြုလုပ်၍ ငါမြင်သည်၊ ငါကြားသည်၊ ငါသိသည်၊ ငါမှတ်သည် စသည်ဖြင့် စွဲလမ်းပါသည်။

မေး။ ။အဘယ်ကြောင့် စွဲလမ်း ပါသနည်း။

ဖြေ။ ။နာမ်ရုပ်၏ ဖြစ်ဟန်အမှန်ကို မသိသောကြောင့် စွဲလမ်းပါသည်။

ထို့ကြောင့် (၂၂) နာမ်-ရုပ် နှစ်တန်၊သူ့ဖြစ်ဟန်ကို၊အမှန်ဒိဋ္ဌ၊ မသိကြ၍၊ ငါထ,ငါထိုင်၊ ငါကိုင်,ငါသွား၊ ငါကြား,ငါကြည့်၊ ငါသိ၊ ငါမြင်၊ ဓာတ်ဖြစ်အင်ကို၊ ငါပင်မုချ'မှတ်ထင်ကြသည်၊ သက္ကာယဒိဋ္ဌ, စွဲလမ်းမှုကြီးပါတကားဟု ဆိုပါသည်။

မေး။ ။သက္ကာယဒိဋ္ဌိ စွဲလမ်းသည့် သူမျှားသည့် အပါယ်သွား လွတ်ပါမည်လား။

ဖြေ။ ။အပါယ်ရောက်ခြင်းအကြောင်း၏ အရင်းမူလဖြစ်သေသောကြောင့် အပါယ်သွားမလွတ်နိုင်ပါ။

မေး။ ။အပါယ်တံခါး ပိတ်အောင် ဘယ်တရားကို အားထုတ်ရပါမည်နည်း။

ဖြေ။ ။ရင်ဝလုံစူး၊ ထိပ်ဦး မီးလောင်သောသူမျှားသည် လုံနှုတ်မှု၊ မီးငြိမ်းမှုကိုသာ ရေးကြီး သုတ်ပြာ ပြုရသကဲ့သို့၊ သက္ကာယဒိဋ္ဌိ စွဲလမ်းချက်ကို အလျင်အမြန် ခွာဖျက်၍ပစ်ရပါသည်။

မေး။ ။အဘယ်ကြောင့် အလျင် အမြန် ခွာဖျက် ရပါသနည်း။

ဖြေ။ ။ယနေ့သေမည်၊ နက်ဖြန်သေမည်ဟု မသိနိုင်သောကြောင့် အလျင်အမြန် ခွာဖျက်ရပါသည်။

ထို့ကြောင့်။ (၂၃) ဒိဋ္ဌိသက္ကာယ မကွာသမျှ၊ လေးဝအပါယ်ရောက်ဦးမယ်၊ နင်ဝယ်သတိထား။ သို့အလားကြောင့်၊ မြတ်ဘုရားကရင်ဝ လုံစူး၊ ထိပ်ဦးမီးလောင်၊ မရှောင်အဟုတ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်ရန်သဘောကို၊ "သတ္တိယာ ဝိယ သြမဌော"ဟု ဟောကြားတော်မူခဲ့ပြီတကားဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား

သတ္တိယာ ဝိယ သြမဌော၊
ဒယှမာနော၀ မတ္ထကေ။
သက္ကာယဒိဋ္ဌိပဟာနာယ၊
သတောဘိက္ခု ပရိဗ္ဗဇေ။ ။သံယုတ်ပါဠိတော်။

သတ္တိယာ၊ အသွား နှစ်ဘက်၊ မြမြထက်သော လုံကြီးသည်။ သြမဇ္ဇောဝိယ၊ ရေမျိုရင်ဝ၊ စူးရှိနေသော ယောက်ကျားကဲ့သို့ရင်း မတ္ထေကော၊ ဦးခေါင်းတခုလုံးဌ ဒယ္ယမာနောဝ၊ မီးတောက်လောင်၍နေသောယောကျားကဲ့သို့ရင်း၊ သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သက္ကာယဒိဋ္ဌိကို ပယ်ဖြုတ်ခြင်းငှာ၊ ဘိက္ခု၊သံသရာရေး၊ အပါယ်ဘေးကို၊ မြော်တွေးမြင်သူ၊ ရှင် လူ ရဟန်းသည်၊ သတော၊ မမေ့မလျော့၊မပေါ့သာဘဲ၊ မြဲသော သတိရှိ သည်ဖြစ်၍၊ ပရိဗ္ဗဇော၊ ဝိပဿနာအလုပ်ကို နောက်မဆုတ်ဘဲ၊ အမြဲအားထုတ်ရာသတည်း။

မေး။ ။သက္ကာယအစဲ့ပြုတ်အောင် အဘယ်လို ဖြုတ်ရပါမည်နည်း။

ဖြေ။ ။နာမ်-ရုပ်၏ အနိစ္စကို ဒိဋ္ဌမြင်လျှင် သက္ကာယအစဲ့ပြုတ်၍သွားသောကြောင့် နာမ်ရုပ်၏ အနိစ္စကို ဒိဋ္ဌမြင်အောင် အားထုတ်ရပါသည်။

မေး။ ။ဒိဋ္ဌ မြင်အောင် အဘယ်ကဲ့သို့ အားထုတ် ရပါသနည်း။

ဖြေ။ ။နာမ်ရုပ်နှစ်ခု၊ နှစ်ဘို့ပြု၍၊ တခုခုဌ ကြံဘန်စေ့ဝု၊ စိုက်၍ရှုကြည့်ရပါသည်။

မေး။ ။ဘယ်လိုကြံ၍ ရှုကြည့်ရပါသနည်း။

ဖြေ။ ။ဥာဏ်ရှိသလို ကြံ၍ရှုကြည့်ရပါသည်။

ထို့ကြောင့်။ (၂၄) နာမ်ရုပ်နှစ်ခု၊ နှစ်ဘို့ပြု၍၊ ရုပ်စုနာမ်စု၊ တခုခုကို၊ ကြံဘန်စေ့ဝု၊ စိုက်၍ရှုမှ၊ ဓာတ်ရင်းမူလ၊ သဘာဝကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကားဟု-ဆိုပါသည်။

ရှုကြည့်ပုံနိဿယကို သိလိုသူမှတ်ရန်၊ ကြံဘန်ရန် သဲလွန်စ-ကား။

ကိုယ်ဟူသော ရုပ်ခဲ့ကြီးကား၊ ခေတ်ကြီး ၄ ပါး၏အရသာ ဖြစ်၏။

ခေတ်ကြီးလေးပါးကား။ မာခြင်း၊ ဘွဲ့စေးခြင်း၊ ပူခြင်း၊ ခြောက်ခြင်း၊ သောက်ကန်ခြင်း သဘောအမူအရာမျှသာ ရှိ၏။

သို့ဖြစ်၍ ကိုယ်ဟူသောရုပ်ခဲ့ကြီးကား၊အမာ အခဲ့ကြီးမဟုတ်။ အမှန်ကိုထုတ်သော် ခေတ်ရုပ်ကြီးသာ ဖြစ်၏။

ထိုခေတ်ရုပ်ကြီးကား၊ မပြားမကွဲ တသားထဲ တည်၍ နေသည်မဟုတ်။ သဲပုံ၏အလားကဲ့သို့ အာကာသ ခြားရ ခြားရ ဖြစ်ပျက်ခါနေကြသော ရုပ်ကလာပ် ခေတ်ခဲ့အစုတွေသာ ဖြစ်သည်ဟု ကြံဘန်ခါ ဥာဏ်နှင့်စိုက်၍ ကိုယ်ကိုရှုကြည့်လေ။ အာကာသခြားရ ခြားရနေသော ရုပ်ကလာပ်တွေကို မြင်လိမ့်မည်။

ထိုရုပ်ကလာပ်တွေကား၊ ခေတ်လေးပါးအနက် ပထဝီထက်၍ နေသောကြောင့် ပထဝီခေတ် သဘောအတိုင်း မာ၍ နေ၏။ မာ၍နေသော်လည်း အခဲမဟုတ်။ မာခြင်းသဘော အမှုအရာတွေသာ ဖြစ်သည်ဟု ကြံဘန်ခါ ခန္ဓာကိုယ်မှာ ကြည့်လေ။ ပထဝီခေတ်၏သဘောတွေ မြင်ရလိမ့်မည်။ထိုပထဝီခေတ်သဘောတွေကား၊ အမြဲတည်၍နေသည်မဟုတ်။ ခဏမစဲ ဖြစ်ပျက်၍နေသည်ဟု ကြံဘန်ခါ ခန္ဓာကိုယ်မှာ ကြည့်လေ။ မမြဲသည့် အခြင်းအရာ အနိစ္စတွေကို မြင်လိမ့်မည်။ မမြင်-မြင်အောင် ကြံ၍ ကြည့်လေ။

ဤကား၊ ရုပ်ဌ၏ကြံဘန်၍ ရှုကြည့်ရန် သဲလွန်စတည်း။

မေး။ ။အဆင်းသဏ္ဌာန်ခုခံ၍ နေခဲ့လျှင် ဘယ်လို ရှုကြည့်ရပါသနည်း။

ဖြေ။ ။ဉာဏ်နှင့် ရှင်း၍ ရှုကြည့်ရပါသည်။

မေး။ ။ဘယ်လိုဉာဏ်နှင့် ရှင်း၍ ရှုကြည့်ရပါသနည်း။

ဖြေ။ ။ရှင်းတတ်သလို ရှင်း၍ ရှုကြည့်ရပါသည်။

ထို့ကြောင့်။ (၂၅) သဏ္ဌာန်အဆင်း၊ ခုခံလျှင်းက၊ ဉာဏ်နှင့်ရှင်း၍ အတင်းရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမဆွေ၊ မြင်နိုင်ချေမည် တကားဟု-ဆိုပါသည်။

ဉာဏ်နှင်ရှင်းရန် သဲလွန်စ-ပြအုံ။

ရုပ်ကလာပ်တွေ ပေါင်းစုနေသော ဓာတ်သဘောတွေကို သဏ္ဌာန်ကြီးဟု မှတ်ထင်ရ၏။ စင်စစ်ကား၊ သဏ္ဌာန်မရှိ။ ဓာတ်သဘောအမှုအရာတွေသာ ဖြစ်သည်ဟု ကြံဘန်ခါ ဉာဏ်နှင့် ရှင်း၍ ရှုကြည့်လေ။

အဆင်းကား၊ ဓာတ်ကြီးလေးပါးကိုစွဲ၍ ဖြစ်သော၊ ဝဏ္ဏရုပ်သာဖြစ်၏။ ညဉ့်အခါ မီးစကို ယမ်းလှည့်ရာ မီးစက်ကွင်းကြီး ထင်ရသကဲ့သို့၊ ရှေနောက်စဉ်ဆက် ဖြစ်, ပျက်, ၍နေသည်ကို စက္ခုဝိညာဏ်ကား မမြင်၊ အဆင်းလုံးကြီးကိုသာ မြင်၍ နေ၏။ စင်စစ်ကား အဆင်းလုံးကြီးမဟုတ်၊ ဖြစ်, ပျက်,၍နေသော ဝဏ္ဏရုပ်အစုတွေသာ ဖြစ်သည်ဟု ကြံဘန်ခါ ဉာဏ်နှင့်ရှင်း၍ ရှုကြည့်လေ။

ဤကား ဉာဏ်နှင့်ရှင်း၍ ရှုရန်သဲလွန်စတည်း။

ရုပ်ကိုရှုကြည့်ရန် ပြဆိုသော စကားတရပ်
အပြီးသတ်သတည်း။

ဒိညာဏ်ကို ဖမ်း၍ရှုရန်ပြဆိုခန်း။

မေး။ ။အကြည်ခြောက်စုံ အာရုံဆိုက်က၊ ခြောက်ဝ ဝိညာဏ်ကို အနိစ္စထင်မြင်အောင် အဘယ်ကဲ့သို့ ရှုကြည့်ရပါသနည်း။

ဖြေ။ ။အကြည်ခြောက်စုံမှာ၊ အာရုံဆိုက်၍ ဖြစ်လာသော ဝိညာဏ်ကို မိအောင်ဖမ်း၍ ရှုကြည့်ရပါသည်။

မေး။ ။အဘယ်ကဲ့သို့ မိအောင် ဖမ်း၍ ရှုကြည့်ရပါသနည်း။

ဖြေ။ ။ဖမ်းတတ်သလိုဖမ်း၍ ရှုကြည့်ရပါသည်။

ထို့ကြောင့်။ (၂၆) အကြည်ခြောက်စုံ၊ အာရုံဆိုက်က၊ ခြောက်ဝ ဝိညာဏ်၊ အစဉ်ဖြစ်မှု၊ ဖမ်းယူရှုမှု၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေ မည်တကားဟု-ဆိုပါသည်။

ဖမ်းရန်နိဿယ သဲလွန်စ-ပြအုံ့။

အဆင်းကိုမြင်သည့်အခါ မျက်စိကမြင်သည်မဟုတ်။ စက္ခု ဝိညာဏ်ကသာ မြင်၏။ ဤစက္ခုဝိညာဏ်ကား အမြဲတည်၍နေ သည်မဟုတ်။ စက္ခုရှုပါရုံ နှစ်ပါးစုံစုံ၍ ဖြစ်ပေါ်လာသော အ နိစ္စ တဲ့ရားသာ ဖြစ်သည်ဟု စက္ခုအကြည်မှာ ဉာဏ်နှင့်စိုက်၍ ဖမ်း။ မမိလျှင် မိအောင်ဖမ်း၍ ရှုကြည့်လေ။

သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယ ဝိညာဏ် တို့ကို ထိုနည်းတူ မိအောင်ဖမ်း၍ရှုလေ။

ကုသိုလ်စိတ်, အကုသိုလ်စိတ် ဖြစ်ပေါ်လာသည့်အခါ၊ ဤကုသိုလ်စိတ်ကား အမြဲတည်၍ နေသည်မဟုတ်။ ဤအကုသိုလ်စိတ်ကား အမြဲတည်၍နေသည်မဟုတ်။ မနော ဓမ္မာရုံ နှစ်ပါးကို စဲ့၍ ဖြစ်ပေါ်လာသော အနိစ္စတရားသာ ဖြစ်သည်ဟု နှလုံးသွေးအစု ဟဒယဝတ္ထုမှာ ဉာဏ်နှင့်စိုက်၍ဖမ်း။ မမိလျှင် မိအောင်ဖမ်း၍ရှုကြည့်လေ။

ဝိညာဏ်ခြောက်ပါးတို့ ဖြစ်ပုံကို နာမ်အခန်းမှာ ပြဆိုခဲ့သော ဥပမာ-ဥပမေယျနှင့် တကွ ကြံဘန်၍ဖမ်း၊ မမိလျှင် မိအောင်ဖမ်း၍ ရှုကြည့်လေ။

မိသည် မမိသည်ကို အဘယ်လို သိရပါသနည်းဟူမူ။

မိသည့်အခါ၊ ဉာဏ်ထဲမှာ ရှင်းလင်း၍ သွားလိမ့်မည်။ ငါမြင်သည်၊ ငါကြားသည်၊ စသော စဲ့လမ်းမှုကြီး ကွာရှင်း၍ သွားလိမ့်မည်။

ရှုကြည့်သည့်အခါ မကွာမရှင်းခဲ့လျှင် မမိသေးလို့မှတ်။ နေရာမကျသေးလို့မှတ်။ မမြင်သေးလို့မှတ်။

လွယ်သည်မထင်နှင့်-အခက်ကြီး။ မြင်သာမြင်၍ မမိနိုင်သော ရေကြည်ငါးနှင့် တူ၏။

ရုပ်နာမ်တို့၏သဘာဝကို သိသာသိ၍ မြင်နိုင်ခဲသည်။ ရှုကြည့်သည့်အခါ မိအောင်ဖမ်းတတ်ခဲသည်။

မယုံလျှင် ရှုကြည့်၍စမ်းလေ။ ကိုယ်တိုင်တွေ့လိမ့်မည်။

ဤကား ဝိညာဏ်ခြောက်ဝကို ဖမ်း၍ရှုရန်
သဲလွန်စပြချက်တည်း။

ပညာရှိသူတို့ သတိပြုရန်အချက်။

မေး။ ။အနိစ္စကိုမြင်လျှင် အနတ္တကိုမြင်၍၊ သက္ကာယပြုတ်နိုင်ပါမည်လား။

ဖြေ။ ။အနိစ္စကိုမြင်လျှင် အနတ္တကိုမြင်၍ သက္ကာယပြုတ်နိုင်ပါသည်။

ထို့ကြောင့်။ (၂၇) နာမ်ရုပ်ဓမ္မ၊အနိစ္စကို၊ဒိဋ္ဌမြင်က၊အနတ္တကို မုချမြင်၍၊ ပါပင်မဟုတ်၊နာမ်ရုပ်နှစ်ခု၊ဓာတ်အမှုသာ၊ ဖြစ်ပါတကား၊ မြင်လုံးထွားသဖြင့်၊ သက္ကာယတရား၊ လွင့်စင်ရှားလေ၏တကားဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား

အနိစ္စ သညိနော မေဃ၀ယ အနတ္တသညာသဏ္ဌာတိ။
အနတ္တသညိနော အသ္မိမာန သမုဋ္ဌါတံ ပါပုဏာတိ
ဒိဋ္ဌေ၀ ဓမ္မေ နိဗ္ဗာနံ။ ။နဝဂ္ဂုတ္တရပါဠိတော်။

မေဃ၀ယ၊ ချစ်သား မေဃ၀ယ။ အနိစ္စ သညိနော၊အနိစ္စဟု မှတ်ထင်သောသူအား။ အနတ္တသညာ၊ အနတ္တဟု မှတ်ထင်မှုသည်။ သဏ္ဌာတိ၊ အလိုလိုတည်လာ၏။ အနတ္တသညိနော၊ အနတ္တဟု မှတ်ထင်သော သူအား။ အသ္မိမာန သမုဋ္ဌါတံ၊ ငါဟူသော မာန်မာန ကင်းပြတ်ခြင်းသို့။ ပါပုဏာတိ၊ ရောက်လေတော့၏။ ဒိဋ္ဌေ၀ဓမ္မေ၊ ယခုမျက်မှောက်ဘ၀၌ပင်။ နိဗ္ဗာနံ၊ သဉ္ဇာတိဒေသသနိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်လေတော့၏။

မေး။ ။သက္ကာယဒိဋ္ဌိ တဒင်္ဂပဟာန် ကွာပြုတ်၍နေသော သူကို အဘယ်ပုဂ္ဂိုလ်ခေါ်ပါသနည်း။

ဖြေ။ ။စူဠသောတာပန်ပုဂ္ဂိုလ် ခေါ်ပါသည်။

မေး။ ။သက္ကာယဒိဋ္ဌိ သမုစ္ဆေဒပဟာန် ကွာပြုတ်ခဲ့လျှင် အဘယ်ကဲ့သို့ဖြစ်၍ သွားပါသနည်း။

ဖြေ။ ။အပါယ်တံခါးပိတ်၍ နိဗ္ဗာန်ဝင် ပုဂ္ဂိုလ် အစစ်၊ အရိယာဖြစ်၍သွားပါသည်။

ထို့ကြောင့်။ (၂၀) ဒိဋ္ဌိသက္ကာယ၊တဒင်္ဂပဟာန်၊ကွာပြန်မှုက စူဠသောတာပန်။ သမုစ္ဆေဒပဟာန်၊ ကွာပြန်ခြားက၊ အပါယ်လေးပါး၊ တံခါးပိတ်၍၊ နိဗ္ဗာန်အဝင်၊ဘုံစဉ်စံပုဂ္ဂိုလ်၊ ဝိသာခါလို၊ ငါတို့ ဖြစ်ရချေ၏တကားဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား။

ဣမိနာပနဉ္စာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓ သာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိ ကော စူဠသောတာပန္နော နာမ ဟောတိ။ ဝိသုဒ္ဓိမဂ်။

ဣမိနာပနဉ္စာဏေန၊ဤဝိပဿနာဉာဏ်နှင့်။ သမန္နာဂတော၊ မြည့်စုံသော၊ ဝိပဿကော။ ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။လဒ္ဓဿာသော၊ ရအပ်သော၊ သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်ရာတည်ရာ ရှိသည်ဖြစ်၍။ နိယတ ဂတိကော၊ အပါယ်မလား။ သုဂတိဘဝ ကိုသာ၊ တဖြောင့်တည်း သွား

သော ဂတိရှိသည်ဖြစ်၍ စူဠသောတာပန္နောနာမ၊ စူဠသောတာပန်မည်သည်။ ဟောတိဖြစ်၏။

စူဠသောတာပန် ဆိုသည်ကား။ ။သောတာပန် အင်္ဂယ် သောတာပန် အလောင်း၊ သောတာပန်ကြီး ဖြစ်လုဖြစ်ခါနီး ဆုလုသည်။

ဝိပဿနာတရားကို မြင်လုံးထွားအောင် ပွားများမှု သည်ကား နိဗ္ဗာန်ရောက်ကြောင်း ခရီးဟောင်း အမျိုးမျိုး တို့တွင် လမ်းတို့ လမ်းဖြောင့် ဖြစ်သတည်း။ သို့ပင် ဖြစ်ဆဲသော် လည်း ဥာဏ်၏အလုပ်ဖြစ်သောကြောင့် လူတိုင်း နားမလည်ပြီ။ နားလည်သော်လည်း နိဗ္ဗိန္ဒအလုပ်ဖြစ်သောကြောင့် လူတိုင်းမလုပ်နိုင်ပြီ။ သို့ဖြစ်၍ မျောက်အုန်းသီးရသကဲ့သို့ ခဲ့လည်းမစားတတ်၊ အရသာကိုလည်း မသိ၊ အကြံကလည်း မထိ၊ ဥာဏ်ကလည်း တုံးတိ၊ ဗာလာနံ အကန်းအတိဖြစ်ကြ၍။ ဓမ္မနှင့်ဝေး၊ သံသရာစေ့းကြောင်းပေါက်၊ ရှေ့မထောက် နောက်မမြော်၊ အဘော်တွေ့ တရုံးရုံးနှင့်၊ တပြုံးပြုံးပျော်မြူး၍၊ မူးမေ့ကာ နေကြလေသတည်း။ အများပင် မူးကြသော်လည်း ကိုယ်ကရော၍ မရူးလေနှင့် ဆိုလိုသည်။

ထို့ကြောင့် (၂၉) မကွေ့မထောက်၊လမ်းဖြောင့်တရား၊ တွေ့ပါသားနှင့်၊အများမူးတိုင်း၊နင်မရူးနှင့်၊ ထူးသည့်အခါ၊ ဝိပဿနာကို၊ ခါခါပွားမှ၊ သွားမည့်သံသရာ၊ အစဉ်ပါမည်၊ နှင်သာသတိထားဟု ဆိုပါသည်။

နာမ်ရုပ်ခမ္မ၊ သဘာဝကို၊ဒိဋ္ဌမြင်ရန်၊ ကြံဘန်စေ့ဉ၊ စိုက်၍ရှုသော ဝိပဿနာ အလုပ်ကား၊ နိဗ္ဗာန်ရောက်ခြောင်း တရား

တွင် မဂ်တံခါးအဖွင့်၊ အကျင့်တွင်အချုပ်၊ အလုပ်တွင်အသာ၊ ပါရမီတွင် အမြတ်ဆုံး၊ ဤကဲ့သို့ နှလုံးထားတော်မူ၍-

> ပညာဝါ ဟိ ပုရိသော ဝိပဿနံ ဝဠေတွာ အရိယမဂ္ဂဒ္ဒါရံ ဝိဝရိတွာ အမတ နိဗ္ဗာနံ ပဝိသိဿတိ။ သာဝကပါရမိမို့ ပစ္စေကဗောဓိမို့ သမ္မာသမ္ဗောဓိမို့ ပဋိဝိဇ္ဈိ၏သတိ။ အမတမဟာ နိဗ္ဗာနသမ္ဗာပကေသု ဟိ ဓမ္မေသု ပညာဝ သေဋ္ဌာ၊ အဝသေသာ တဿ ပရိဝါရာ ဟောန္တိ။ သုတ္တနိပါတ် အဋ္ဌကထာ။

ဟိ၊ ထင်စွာပြဦးအုံ့။ ပညာဝါ။ ပညာရှိသော။ ပုရိသော၊ ယောက်ကျားသည်။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဠေတွာ၊ ပွားစေ၍။ အရိယမဂ္ဂဒ္ဒါရံ အရိယမဂ် တည်းဟူသော တံခါးကို။ ဝိဝရိတွာ၊ဖွင့်လှစ်၍။ အမတနိဗ္ဗာနံ၊ အမြိုက်နိဗ္ဗာန်သို့။ပဝိသိဿတိ၊ဝင်ရလတ္တံ့။သာဝကပါရမိမို့။ သာဝကပါရမီဉာဏ်ကိုဋဌင်း။ ပစ္စေကဗောဓိမို့၊ ပစ္စေကဗောဓိ ဉာဏ်ကိုဋဌင်း။ သမ္မာသမ္ဗောဓိမို့၊ သမ္မာသမ္ဗောဓိဉာဏ်ကိုဋဌင်း။ပဋိဝိဇ္ဈိဿတိ၊ထိုးထွင်း၍ သိရလတံ့။ ဟိသစ္စံ၊ မှန်၏။ အမတမဟာနိဗ္ဗာနသမ္ဗာ ပကေသု၊ အမြိုက်နိဗ္ဗာန်သို့ ရောက်စေကုန်သော။ ဓမ္မေသု၊ တရားတို့တွင်။ပညာဝ ဝိပဿနာပညာပါရမီသည်သာလျှင်၊သေဋ္ဌာ၊အမြတ်ဆုံးပေတည်း အဝသေသာ၊ ကြွင်းသောပါရမီတို့သည်။ တဿ၊ ထိုဝိပဿနာပညာပါရမီ၏။ ပရိဝါရာ။ အခြံအရံတို့သည် ဟောန္တိ၊ ဖြစ်ကုန်၏။

စာကြည့်၍သော်၎င်း၊ သူတပါး ပြောဟော၍သော်၎င်း။ သိသောဉာဏ်ကို သုတမယဉာဏ် ခေါ်သည်။ကိုယ်တိုင်ကြံဘန်၍

သိသောဉာဏ်ကို စိန္ဒာမယ်ဉာဏ်ခေါ်သည်။ ဝိပဿနာ ရှုကြည့်မှုတို့ကား။ စိန္ဒာမယဉာဏ် အချက်တို့သာ ဖြစ်သတည်း။

လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော စာအုပ်များမှာ ဝိပဿနာ ရှုကြည့်ရန် ရေးသားသော အချို့သောတရားများသည်။ စိန္ဒာမယဉာဏ်ဖြင့် သိအပ်သော တရားတော်သာတည်း။ အချို့သောသူတို့က ပါဠိမပါသောကြောင့် ပေါ့ပြက်ပြက်ရှိသည်ဟု ဆိုကြ၏။ ပါဠိတိုက်ရိုက်ရှိသော တရားကိုသိလျှင် စိန္ဒာမယဉာဏ်မဖြစ်။ သုတမယဉာဏ်သာ ဖြစ်၏။စိန္ဒာမယဉာဏ်မဖြစ်က ဝိပဿနာဉာဏ် အစစ်သို့ မဆိုက်။ ဝိပဿနာဉာဏ်အစစ်သို့မဆိုက်က အမြိုက်နိုဗ္ဗာန်နှင့် အဝေးကြီး။ သက္ကာယဖိစီးခြင် အခြည်းနှီး အလကား တုစ္ဆနယ်သား မဖြစ်ရအောင် အားသစ်ရမည်ဆိုလိုသည်။

ကိုယ့်စိန္ဒာမယဉာဏ်နှင့်လည်းမသိ။ သူတပါးစိန္ဒာမယဉာဏ်နှင့် သိအပ်သော တရားစာကိုလည်း မကြည့်ချင်။ စိတ်ကြီးဝင်၍ နေသူများသည် မဟာအမှားကြီးပေတည်း။

ပညာရှိသူတို့ သတိမူရန်အချက်။
ဤတွင် စကားတရပ် အပြီးသတ်သတည်း။

နဂုံး

သံဖြူချောင်းကို အမှီပြု၍ သံဖြူ မုံရွာလယ်တီဂိုဏ်း၏ အဆက်အနွယ်ဖြစ်သော လယ်တီ-တောကျောင်းဖြစ်၍ တောရ၊ ပေါင်းသော် (သံဖြူ လယ်တီတောရကျောင်း) သံဖြူ လယ်တီတောရ

ကျောင်းဌ သီတင်းသုံးနေထိုင်သော ၀ါသည်၊ စီရင်အပ်သော ဝိပဿနာလက်စွဲကျမ်းကို။ ၁၂၇၀ ပြည့် တော်သလင်းလဆုပ် ၅-ရက်နေ့တွင် စီရင်ပြုအပ် အပြီးသတ်သတည်း။

ထို့ကြောင့်။ (၃၀) သဲဖြူလယ်တီ၊ တောရမ္မိသည့်၊ မထေရ်ဝါသည်၊ စီရင်အပ်သော၊ ဝိပဿနာ၊ ကဗျာသုံးဆယ်၊ ဝါလယ်တော်သလင်း။ လအတွင်းဝယ်၊ ခုနစ်ဆယ်ပြည့်၊ ဤတွင်ချုပ်လျင်၊ ပြီးအောင်မြင်၏တကားဟုဆိုသတည်း။

ဆုံးမစာ

ဆိုပိမ့်မည်ဘ၊ စေ့စေ့နာလေ့၊ ဂင်္ဂါသဲမျှ၊ ပဉ္စင်ကုန်ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါ၀ယ်၊ လူရှာနတ်ဌ၊ နင်ကြုံကြိုက်လည်း၊ အမိုက်မချ၊ အလိုက်နေ၍၊ အခြေမကြီး! အချည်းနှီးလျင်၊ ရီးတီးယောင်တောင်၊ခုတိုင်အောင်တည့်။

၁။ သန်းခေါင်လကွယ်၊ တောအုပ်လယ်ဌ၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊ မိုးယ်းလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မကမ္ဘောင်၏။

၂။ လူဘောင်-လူရှာ၊ သာသနာဌ၊ ကြမ္မာတော်၍၊ ယခုတွေ့လည်း၊ အလေ့မလ့ဲ၊ အများနဲ့လျင်၊ မိုက်မြဲနှင်နှင်၊ မိုက်စရှင်၏။

၃။ မျက်မြင်လောက၊ ဤဘ၀ကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏။

၄၊ သေမင်းအစာ၊ နင့်ခန္ဓာကို၊ တဏှာဘီလူး၊ အမှောင့်ပူး၍၊ အရူးပြင်ပြင်၊ နင့်ကိုယ်ထင်၏။

၅ နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်နင့်နာမ်၊ နင့်သဏ္ဌာန်ကို၊ နင့်ဥာဏ်မစူး၊ အပေါ်ဖြူး၍၊ မူးမူးမေ့မေ့၊ အမျှားလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ။

၆။ အာရုံဝတ္ထု၊ မီးစာစုကို၊ မှုမှုရရ၊ နင်အားကျလည်း၊ ထားပြသေမင်း၊ သ္ဘုတပ်နင်းက၊ မငြင်းဆန်သာ၊ နင့်ခန္ဓာသည်၊ ပြာပုံအပြီး၊ ဖြစ်လုနီးပြီ။

၇။ ရီးတီးရေးတား၊ သေ၍သ္ဌားလည်း၊ တရားမကြ္ဍယ်၊ အထုပ်ငယ်လျက်၊ အပါယ်စခန်း၊ သ္ဌားမြဲလမ်း၌၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊ ဆင်းရဲပိုလျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊ အမျှားထုံးတည့်၊ အနှုန်းမပျက်၊ အောက်နရက်ဝယ်၊ တသက်နှယ်နှယ်၊အမြစ်တွယ်သို့၊ အပါယ်ထိုထို၊ဥဒဟိုသည်၊ နင်လိုလူမိုက် သ္ဌားလမ်းတည်း။

ပတ်ပင်ပတ်သော်လည်း၊ အစသတ် မသေခြာတော့
ပြေတတ်သည်။

ဟတ်ပင်တတ်သော်လည်း၊ ပရမတ်မကြေက
လေတတ်သည်။

ဝါဆိုလပြည့်နေ့နှင့် (၃၇)မင်းကိုးကွယ်မှု

လိုချင်မှုအမှန်ကြောင့် ဆင်းရဲခြင်း အမှန်ဖြစ်၏။ ဆင်းရဲလွတ်မှုလမ်းစဉ်အမှန်ကြောင့် ဆင်းရဲချုပ်ငြိမ်းမှု အမှန်ဖြစ်၏ဟု အမှန်လေးချက်ကို ထိုးထွင်းသောကိုယ်ပိုင်ဉာဏ်ဖြင့် သိရှိတော်မူသော ဗုဒ္ဓပြတ်စ္စာဘုရားသည် ကောဏ္ဍညအမှူးရှိသော ၁၂ဦးသော ရဟန်းတို့အား လမ်းဟောင်းလမ်းမှားမှုလမ်းသစ်လမ်းမှန်သို့ ပထမဦးစွာ ညွှန်ပြတော်မူသောနေ့သည် ဝါဆိုလပြည့်နေ့ဖြစ်၏။ထိုနေ့ကို ကျွန်တော်တို့မြန်မာနိုင်ငံတွင် "ဓမ္မစကြာနေ့"ဟု သတ်မှတ်လျက်၊ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမများကိုအစုအဝေးနှင့် ရွတ်အံကြမြဲဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာ ညွှန်ပြဟောကြားတော်မူသော ဆင်းရဲလွတ်မှုလမ်းစဉ်အမှန်သည်၊ မလျော့လွန်းမတင်းလွန်းသော အင်္ဂါရှစ်ပါးရှိသည့် အလယ်အလတ် လမ်းစဉ်သာလျှင် ဖြစ်ပေသည်။ ဤအင်္ဂါ(၈)ပါးရှိသောလမ်းစဉ်သည်၊ ရွတ်ရုံအံရုံမျှမဟုတ်ပဲ မိမိ

တို့ကိုယ်တိုင် အားကိုးအားထား ကျင့်ကြံအားထုတ်ရမည့် လမ်းစဉ်ဖြစ်၏။ ကိုယ်တိုင်အားကိုးအားထားလိုက်နာကျင့်သုံးသူအားလောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို အခါမလင့် အကျိုးပေး၏ဟု ကျွန်တော်တို့ဗုဒ္ဓဘာသာဆိုသူများသည် နှုတ်မှပြောဆိုကြမည်ဖြစ်သော်လည်း လက်တွေ့တွင်မူ အင်္ဂါ(၈)ပါးရှိသော အလယ်အလတ်လမ်းစဉ်မှတပါး၊ အခြား ယုတ်ညံ့ယုတ္တာကင်းမဲ့သောလမ်းစဉ်များကိုသာ အားကိုးအားထား လိုက်နာကျင့်သုံးလျက်ရှိနေကြသည်ကိုတွေ့ရှိရမည် ဖြစ်ပေသည်။

များစွာသောသူတို့သည် တောင်၊တော၊ အာရုမ်၊ သစ်ပင်၊ နတ်ကွန်း၊နတ်စင်အမျိုးမျိုးတို့ကို ဘေးရန်ကင်းရန် ကိုးကွယ်ရာဟူ၍ဆည်းကပ်ကြပါသော်လည်း၊ ထိုတောင်၊တော၊ အာရုမ်၊ သစ်ပင်၊ နတ်ကွန်းနတ်စင် အမျိုးမျိုးတို့သည် ဤသို့ ကိုးကွယ်ဆည်းကပ်ခြင်းဖြင့် ဘေးရန်တို့မှမကာကွယ်နိုင်ကြချေ။ မိမိသည် သာလျှင် ကိုးကွယ်ရာတည်း။ သူတပါးသည် မိမိ၏ ကိုးကွယ်ရာမဟုတ်။ မိမိမှတပါး ကိုးကွယ်ရာသည်မရှိ။ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်တိုင်လုပ်၊ ကိုယ်ထူကိုယ်ထစံနှစ်ကို ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့ပေသည်။

သို့တစေ ကျွန်တော်တို့ ဗုဒ္ဓဘာသာ ဆိုသူများသည် မိမိမှတပါး သက်ရှိသက်မဲ့၊ သောင်းပြောင်းထွေလာများကို ကိုးကွယ်ရာဟု ထင်မှတ်မှားလျက်၊ သ္ဘူထက်ငါလုပ်အားနှင့်အချိန်၊ပစ္စည်းပစ္စယနှင့် ငွေကြေး အကုန်အကျခံလျက် အနည်းနည်း အဖုံဖုံ ကိုးကွယ်ဆည်းကပ်နေကြသည်မှာ ဗုဒ္ဓမြတ်စွာအား ဆန့်ကျင်

လျက် ဗုဒ္ဓမြတ်စွာ၏ မဟာကရုဏာတော်ကိုပင် စော်ကားရာ ရောက်မှန်းမသိ ရောက်နေကြပေသည်။

အသေဆိုးနှင့်သေကြရသည်ဆိုသော အရက်သမား၊ကြာကူရီသမားနှင့် စကားမပီ နှုပ်တဲ့လောင်းအရှယ် အပါအဝင် တို့ကို ၃၇ မင်းဆိုပြီး၊ ဆင်းရဲဒုက္ခ ဘေးအန္တရာယ်များမှ လွတ်ကင်းရန် ဟု ကိုးကွယ်ပသ ဆည်းကပ်ပူဇော်နေကြသောဗုဒ္ဓဘာသာဆိုသူတို့သည် မိမိတို့ ဤကဲ့သို့ ကိုးကွယ်ခြင်းဖြင့် ဆင်းရဲဒုက္ခ ဘေးအန္တရာယ်များမှ အကယ်ပင် ကင်းလွတ်သည်-မကင်းလွတ်သည်။ အကြောင်းယုတ္တိ တန်သည်-မတန်သည်။ ဗုဒ္ဓမြတ်စွာ၏ ညွှန်ပြချက်နှင့် ကိုက်ညီ သည်- မကိုက်ညီ သည် ကို စဉ်း စား သင့်လှ ပေသည်။

ဤနေရာတွင်(ကိုးကွယ်)ဆိုသည့် စကားကိုစိစစ်လျှင် (စွမ်းအားကိုကိုးစား)ပါက ဆင်းရဲဒုက္ခရောက်ခြင်း၊ ဘေးအန္တရာယ်ကျရောက်ခြင်းမှ (ကာကွယ်)သည်။ကိုးဤကွယ်သည်၊ ကိုးကွယ်သည်ဟု သဘောအမိပ္ပါယ်ရလေသည်။

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသော ဆင်းရဲကင်းရန် ဘေးအန္တရာယ် ကင်းကြောင်း၊ အင်္ဂါရှစ်ပါးရှိသော လမ်းစဉ်သည် သတိပဋ္ဌာန် ၄ ပါး၊သမ္မပ္ပဓာန် ၄ ပါး၊ ဣဒ္ဓိပါဒ် ၄ ပါး၊ ဣန္ဒြေ ၅ ပါး၊ ဗိုလ် ၅ ပါး၊ ဗောဇ္ဈင် ၇ ပါး၊ မဂ္ဂင် ၈ ပါးစုစုပေါင်း (၃၇)ပါးသော ဗောဓိပက္ခိယတရားပင် ဖြစ်လေသည်။ ယင်း(၃၇)ပါးသော ဗောဓိပက္ခိယတရားကိုပင် အကျဉ်း ချုံးလိုက်ပါက မဂ္ဂင်(၈)ပါးရသည်။

မဂ္ဂင်-၈-ပါး

၁။	သမ္မာဝါစာ	အမှန်ပြောခြင်း။
၂။	သမ္မာကမ္မန္တ	အမှန်ပြုလုပ်ခြင်း။
၃။	သမ္မာအာဇီဝ	အမှန်အသက်မွေးခြင်း။
၄။	သမ္မာဝါယာမ	အမှန်အားစိုက်ခြင်း။
၅။	သမ္မာသတိ	အမှန်သတိရှိခြင်း။
၆။	သမ္မာသမာဓိ	အမှန်တည်ကြည် ခိုင်မြဲခြင်း။
၇။	သမ္မာသင်္ကပ္ပ	အမှန်ကြံစည်ခြင်း။
၈။	သမ္မာဒိဋ္ဌိ	အမှန်မြင်ခြင်း။

ယင်းမဂ္ဂင်ရှစ်ပါးကိုပင် တဖန်ချုံးလိုက်လျှင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သည် ကိုယ်နှုတ်နှစ်ပါး စောင့်ထိန်းခြင်း၊ **သီလသိက္ခာ**။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ သည် အမှန်တရားဌာ တည်ကြည် ခိုင်မြဲခြင်း၊ **သမာဓိသိက္ခာ**။ သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိသည် အမှားအမှန်ကို ကွဲပြားစွာ မြင်တတ်ခြင်း၊ **ပညာသိက္ခာ**။ သီလ၊သမာဓိ၊ပညာဟူ၍ သိက္ခာအား ဖြင့် ၃ပါးရသည်။ဤသိက္ခာ ၃-ရပ်သည်ပင် ဗောဓိပက္ခိယတရား (၃၇)ပါးဖြစ်၏။

လောကဌ်ကောင်းမကောင်း၊ မှန်မမှန်ကို သိမြင်တတ်သော (ပညာ)ဦးစီးပြီး အမှားနှင့်မကောင်းမှုကိုပယ်လျက် ကိုယ်နှုတ်နှလုံး ထိန်းသိမ်းစောင့်ရှောက်မှု(သီလ)။ မည်သို့ပင် ချော့မော့ခြိမ်းချောက်လျက် အမှားနှင့် မကောင်းမှုကို ပြုကျင့်ရန် သွေး

ဆောင်လင့်ကစား ကြုံ့ကြုံ့ခံနိုင်မှု(သမာဓိ)နှင့် ပြည့်စုံသူအား ဆင်းရဲဒုက္ခ ဘေးအန္တရာယ်များမှ ကင်းလွတ်မည်မှာ မုချဖြစ်လေသည်။

သီလ-သမာဓိ-ပညာဟု ခေါ်သော ဗောဓိပက္ခိယ တရား(၃၇)ပါး၏စွမ်းအားကိုကိုးစားလျက် ကိုယ်တိုင်လက်တွေ့ကျင့်သုံးသူ အကြင်ပုထုဇဉ်ပုဂ္ဂိုလ်အား အပြင်အပဖြစ်သော ဆင်းရဲဒုက္ခဘေးအန္တရာယ်တို့မှ အခါမလင့် လက်တွေ့ဒိဋ္ဌ ကာကွယ်လေသည်။ သို့ဖြစ်၍ လောကီ၊သီလ၊ သမာဓိ၊ ပညာခေါ် ဗောဓိပက္ခိယတရား(၃၇)ပါးကို အပြင်(၃၇)မင်းဟုယူလေ။ဤအပြင်(၃၇)မင်းသည် အပြင်အပ ဆင်းရဲဒုက္ခ၊ဘေးအန္တရာယ်တို့မှ မုချ ကာကွယ်၏။ ကိုးကွယ်ပါ၊လေ။ အတွင်း ဆင်းရဲဒုက္ခ၊ အတွင်းဘေးအန္တရာယ်ဟု ဆိုအပ်သည့် ရာဂ၊ ဒေါသ၊ မောဟ စသော မီး (၁၁)ပါးကိုမူ၊ လောကီ-သီလ-သမာဓိ-ပညာခေါ် အပြင် ဗောဓိပက္ခိယတရား (၃၇)ပါး၏ စွမ်းအားကို ကိုးစားရုံမျှနှင့် မကာကွယ်နိုင်။ အဓိသီလ၊အဓိစိတ္တ၊အဓိပညာဟု ခေါ်သော အတွင်းဗောဓိပက္ခိတရား(၃၇)ပါးကို အတွင်း(၃၇)မင်းဟု ယူလေ။ ဤအတွင်း(၃၇)မင်း၏ စွမ်းအားကို ကိုးစားမှ ဆိုခဲ့ပြီးသော အတွင်းဆင်းရဲဒုက္ခဘေးအန္တရာယ်များမှ ကာကွယ်နိုင်ပေသည်၊ ကိုးကွယ်ပါ၊လေ။ ဤအရာသည် မဂ်ရောက် ဖိုလ်ဝင် အရိယာပုဂ္ဂိုလ်တို့၏အရာဖြစ်လေသည်။

အကြောင်းယုတ္တိလည်းသင့်၊ ဗုဒ္ဓမြတ်စွာ၏ ညွှန်ပြချက်နှင့် လည်းကိုက်ညီသည့် ယခုတင်ပြခဲ့သော အတွင်း (၃၇)မင်း၊ အပြင်(၃၇)မင်း ကိုးကွယ်မှုဟုဆိုအပ်သည့် သီလ၊သမာဓိ၊ပညာ

သိက္ခာ(၃)ရပ်၊ ဗောဓိပက္ခိတရား (၃၇)ပါးနှင့် ပြည့်စုံရန်ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြခြင်းဖြင့် ဤဝါဆိုလပြည့် "ဓမ္မစက္ကာနေ့"မှစ၍ လမ်းဟောင်းလမ်းမှားကိုစွန့်လျက် လမ်းသစ်လမ်းမှန်သို့ လိုက်နိုင်ကြပါစေ။

အေးကြည် (စာတိုက်)

(၁၃၃၀-ပြည့်နှစ် ဝါဆိုလပြည့်နေ့ထုတ်ဟံသာဝတီ သတင်းစာ ပြည်သူ့အာဘော် အခန်းတွင် ဖော်ပြပါရှိခဲ့ပြီးဖြစ်သည်)။